www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာ

# သုရိန်ဇေ

## ဒိုင်ဒိုနန်းဆိုက်

နှင့်

## ပတ္တမြားကျိုးညို



BURMESE CLASSIC

စ/ဆုံး လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၇၁/ ၂၀၀၄ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၅၀/ ၂၀၀၄ (၈)
ပုံနှိပ်ခြင်း - ၂၀၀၄-ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်)
တန်ဖိုး - ၄၅၀ ကျပ်
အုပ်ရေ - ၅၀၀
အတွင်းပုံနှိပ်သူ - ဒေါ်ခင်စန်းမြင့် (၀၅၅၄၉) ဟသ်ာပုံနှိပ်တိုက် ၁၁/၁၂၅-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁) စန္ဒာဝင်းပုံနှိပ်တိုက် ၂၀၉၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးခင်မောင်သိန်းဆွေ (၀၇၄၇) တိုက်-၂၄၀၊ အခန်း-၃၊ ၂၅-ရပ်ကွက်၊ ဓမ္မသုခလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

BURMESE CLASSIC

## အခန်း (၁)

"လူကလေးရေ . . ."

"ဗျာ . . . အမေ . . ."

"မင်းရဲ့ဘကြီး ဘုန်းကြီးကို ဆွမ်းအုပ်သွားပို့စမ်းပါလားကွယ်"

"ဟုတ်ကဲ့"

"အမေကိုယ်တိုင် ငါးအိုးကပ်ဟင်း ချက်ထားတာ ဒီဟင်းမျိုးဆိုရင် ဘုန်းကြီးက သိပ်ကြိုက်တာကလား။"

"ဩော် . . . ဟုတ် . . . ဟုတ်ကဲ့"

မောင်ချမ်းသာက ဖခင်ကြီးကိုပြောကာ ချိုင့်ယူပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ချိုင့်ဆွဲလာသော မောင်ချမ်းသာ ရွာထိပ်မှာ ဂုံညင်းပစ်နေသော ပေစီ၊ သာဖောင်၊ ဂျာရစ်နှင့် ဖိုးဖိနိတို့အုပ်စုနှင့် တိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် . . . လာလေ၊ ကစားရအောင်"

ပေစီက ခေါ်သော်လည်း သူခေါင်းခါပြသည်။

ပြီးမှ ငှင်းက . . .

"နေဦးကွ၊ ဘကြီး ဘုန်းကြီးဆီက ဟောဒီချိုင့်သွားပို့ရဦးမှာ"

"အေးအေး မြန်မြန်ပြန်လာခဲ့၊ မင်းပြန်လာတဲ့အထိ ကစားဝိုင်းက ပြီးမှာမဟုတ်သေးဘူး၊ တို့စောင့်နေမယ်"

"အေးပါ . . ."

လှည့်ထွက်လာသော မောင်ချမ်းသာကို ဂျာရစ်က အရေးတကြီးလှမ်းခေါ်သည်။

"ဟေ့ကောင်ချမ်းသာ"

"ဟေ . . . ဘာတုန်း ဂျာရစ်"

"မင်းရဲ့ ဘကြီးဘုန်းကြီးဆီက ငှက်ပျောသီးရရင် ဆွဲခဲ့ကွာ၊ ဒီသစ်ပင်အောက်မှာ တို့လူစု ပျော်ပျော်ပါးပါး စားကြတာပေါ့"

ဖိုးပိန်က . . .

"အေး . . . ဟုတ်တယ်၊ ဒီကွာ ငှက်ပျောသီးမှ မဟုတ်ဘူး ရရာဆွဲခဲ့"

"အေးပါကွာ"

သာဖောင်က . . .

"အေး . . . ဒါပေမယ့် မင်းသတိထားသွားကွ ချမ်းသာ"



"ဘာကြောင့်တုံးကွ သာဖောင်"

"ညက ဦးကြီးသာဖွန်းတစ်ယောက် နွားပျောက်လို့ လိုက်ရှာရင်း သချိုင်းကုန်းက မြေပုံတွေကြားကို မဲမဲကောင်ကြီးတစ်ကောင် ဝင်သွားတာ တွေ့ရလို့ ရှာကိုသုတ်ခြေတင်ပြီး ပြေးခဲ့ရတယ်ဆိုဘဲ"

"ဟင် . . . ဟုတ်လား"

ဖိုးပိန်က . . .

ပွက်

"ဟာ . . . ဟုတ်သားပဲ ချမ်းသာ၊ မင်းက သချိုင်းအုံမလေး ဖြတ်သွားရမှာဆိုတော့ . . ."

"မင်းတို့ ပြောတာနဲ့ ငါကြောက်လာပြီကွာ"

"ဟား ဟား ဟား"

"ဟဲ ဟဲ ဟဲ"

"အဟတ် . . . ဟား ဟား ဟား"

"ဟဲ ဟဲ ဟဲ ဟဲ"

သူ့ သူငယ်ချင်းလေးယောက်က ဝိုင်းဟားကြရာ မောင်ချမ်းသာမှာ အနေရ အထိုင်ရ ခက်သွားသည်။

သို့သော် သူတစ်ကိုယ်လုံးမှာ ကြောက်လွန်းသဖြင့် တုန်ရင်နေသည်။

ပြီးမှ သူက . . . .

"မင်းတို့ထဲက တစ်ယောက်ယောက် ငါနဲ့အတူလိုက်ခဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုးဗိန်က ပြုံး၍ . . .

"သွားစမ်းပါကွာ၊ တို့ဒီမှာ ဆော့နေဆဲမို့ပါ။ ပေါ့ကောင်ချမ်း သာ၊ တကယ်လို့ သရဲလိုက်ရင် မင်းက ပါလာတဲ့ ချိုင့်ကိုပေးလိုက်၊ ဒါဆို သရဲက မင်းအစား ချိုင့်ထဲက ထမင်းဟင်းတွေကို စားလိမ့်မယ်၊ ဟဲ . . . ဟဲ . . . ဟဲ"

"ဟား ဟား ဟား"

အားလုံးက ဝိုင်းရယ်လိုက်ကြပြန်၏။

မောင်ချမ်းသာက ဘာမှ မပြောပါ။ သူက ထမင်းချိုင့်ကို တံခါးခုံကြီးပေါ်မှာ ခဏတင်လိုက်သည်။

ထို့နောက် . . . လုံချည်ကို ခပ်တိုတို တင်းတင်းရင်းရင်း ပြင်ဝတ်သည်။

"အေး . . . အဲဒါမှ ထွက်ပြေးလို့ ကောင်းမှာပေါ့"

ဂျာရစ်အပြောကြောင့် မောင်ချမ်းသာ ငိုမဲ့မဲ့ ဖြစ်သွားသည်။

"ထပ်မပြောကြနဲ့ကွာ၊ ငါ သိပ်ကြောက်နေပြီ"

မောင်ချမ်းသာက ထမင်းချိုင့်ကို ကောက်ကိုင်ရင်း ပြောလိုက်သည်။

ပြီးလျှင် သူငယ်ချင်းများကို ကျောခိုင်းကာ ဘုန်းကြီးကျောင်းရှိရာ၊ သင်္ချိုင်းဘက်ဆီသို့ လမ်းအတိုင်း ထွက်ခွါလာခဲ့သည်။

သူ့အတွေး ပုံရိပ်တွင် ဦးကြီးသာဒွန်း တွေ့ခဲ့ရသည်ဆိုသော



သရဲမဲမဲကောင်ကြီးက ကြီးစိုးနေသည်။

လမ်းလျှောက်နေရသော်လည်း သူ့ ကြက်သီးထနေမိသည်။

သည်လိုနှင့် သင်္ချိုင်းနှင့်နီးလာမှန်းမသိ နီးလာသည်။

သင်္ချိုင်းကုန်း ဟိုမှာဘက်ရှိ ဘုန်းကြီးကျောင်း ခေါင်မိုးချွန်းကို လှမ်းကြည့်မိလိုက်သည်။

"ဘုရား . . . ဘုရား . . . တစ်ခါက ဦးသောကြာကလဲ ပြောဖူးတယ်၊ ညတစ်ညမှာ သင်္ချိုင်းကုန်းထဲက မီးနီကြီးတစ်လုံး လှုံ့ထွက်လာသတဲ့၊ ကြီးဒေါ်မှူက အဲဒါ မီးလုံးသရဲ ဖြစ်မှာပဲတဲ့၊ အမလေး၊ တွေးမိရင် ကြောက်စရာ"

"အု . . . ပူး"

"ပူး . . ."

ထိုအခိုက် ခွေးဝဲစားတစ်ကောင်က သင်္ချိုင်းကုန်းဘက်သို့ နေ့ခင်းကြောင်တောင် လှည့်အူနေရာ နဂိုက ကြောက်နေသော မောင်ချမ်းသာမှာ ကျော်ချမ်းသွားရလေတော့သည်။

"ဟဲ့ခွေး . . . ဟဲ့ခွေး"

"ဝုစ် . . ."

"ဘုတ် . . ."

"ဂိန် . . . ဂိန် . . . ဂိန်"

"ဂိန် . . ."

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လမ်းနံ့ဘေးက ကြစ်စာခဲတစ်ခဲ ကောက်ယူ၍ ပစ်လိုက်သဖြင့် ထိမှန်ခံရသော ခွေးမှာ နာကျင်စွာ ဟစ်အော်ကာ ဦးတည်ရာ ဒရောသောပါး ထွက်ပြေးလေ၏။

ဖင်သီထွက်ပြေးသောခွေးက ကဇင်းရိုးကို ကျော်တက်သည်တွင် ရှုံ့ဖြင့်ချော်၍ ဒလိမ့်ကောက်ကွေး ပြန်ကျသွားသည်။

"ဟား · · ဟား · · ဟား · · ခွီး · · ခွီး · · ခွစ် ခွစ် · · · "

မောင်ချမ်းသာက ခွေးဝဲစားအဖြစ်ကို သဘောကျလျက် အားရပါးရ ရယ်မောနေသည်။

ထိုအခိုက် သင်္ချိုင်းကုန်းအတွင်းမှ အသံဗလံအချို့ထွက်ပေါ်လာသည်ကို သတိပြုမိလိုက်၏။

"ဟာ . . . ဘာသံတွေပါလိမ့်"

သူ နားစွင့်လိုက်မိသည်။

အမှန်စင်စစ် မောင်ချမ်းသာ ကြားလိုက်ရသည်မှာ စကားပြောသံများ ဖြစ်လေသည်။

ထို့ကြောင့် မောင်ချမ်းသာက ကြောက်စိတ်ကို ပါယ်ကာ အသံကြားရာကို နားစွင့်လိုက်သည်။

"အိုး . . . လက်စသတ်တော့ သင်္ချိုင်းကုန်းရဲ့ အလယ်၊ လက်ပန်ပင်ကြီးသုံးပင်နားမှာပါလား။ အဲဒီလက်ပန်ပင်ကြီးနားမှာ သရဲ



သုံးဆိုတာ ရှိတယ်လို့ တစ်ခါက ဘကြီးလူဝပြောဖူးတာပဲ"

သို့သော် သူ့ခြေလှမ်းတွေက သင်္ချိုင်းကုန်းအတွင်းပိုင်းသို့ အလိုလို ရွေ့လျားနေပြီးဖြစ်ကာ လက်ပန်ပင်များဆီသို့ လျှောက်နေမိသည်။

တစ်နေရာ ရောက်သောအခါ ထန်းပင်ပုလေး မြင်တွေ့သည်နှင့် မောင်ချမ်းသာက ထိုထန်းပင်ပုလေးသို့ ပြေးဝင်ကာ ကွယ်နေလိုက်၏။

ထိုနေရာမှကြည့်လျှင် ဖိုခုံလောက်ဆိုင် ပန်းပင်သုံးပင်အလယ်ဗဟို ကွက်လပ်ကို မြင်မြင်ထင်ထင် လှမ်းတွေ့ရပေသည်။

စကားပြောသံများ ထွက်ပေါ်နေခဲ့ ဖြစ်သဖြင့် မောင်ချမ်းသာက တုန်ရည်သောလက်နှင့် ချိုင်ကို ကိုင်ပြီး ပင်စည်အကွယ်မှ ချောင်းကြည့်လိုက်သည်။

လူသုံးဦးကို သူ တွေ့ရသည်။

တစ်ယောက် ခန္ဓာကိုယ် ကျစ်ကျစ်လစ်လစ် ဝတ်စုံအနက်ဝတ်ထားသည်။

နှစ်ယောက်အနက် တစ်ယောက်က ပုသည်။ ကတုံးဆံသောက်နှင့်။

ကျန်တစ်ယောက်က လန်ဘား မျက်နှာ အောက်မေးမှာ မှတ်ဆိတ်မွေးနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလဲ သိသားဘဲ ကျီးညိုရာ၊ ဆရာကြီးရဲ့ နား၊ မျက်စိတွေဟာ လက်တံဘယ်လောက်အထိ ရှည်တယ်ဆိုတာ"

ဆိတ်မုတ်ဆိတ်နှင့်လူက ပြောအပြီး ကတုံးဆံတောက်နှင့်လူက ပြောပြန်သည်။

"ဒီတော့ . . . တို့ကို အသာတကြည်သာ ပေးလိုက်စမ်းပါကျီးညိုရာ"

ဝတ်စုံနက်က . . .

"အေးလေ၊ မင်းတို့ကလဲ ကျီးညိုအကြောင်း သိကြသားပဲ၊ ဘာပဲဖြစ်ဖြစ် လုပ်ဖော် ကိုင်ဖက်ဖြစ်ခဲ့တဲ့ မင်းတို့ကို ငါ သနားတယ်"

"ဘာကွ"

ကတုံးဆံတောက်နှင့်လူက မျက်ခုံးကျုံ့ကာ ဒေါသဖြင့် ပြောလိုက်သည်။

"ဒီလိုပါ၊ မင်းတို့ အနေနဲ့ သစ္စာဖောက်သွားတဲ့ငါ့ကို သုတ်သင်နိုင်ရင် သုတ်သင်၊ ဒီလိုမှ မသုတ်သင်နိုင်ရင် မင်းတို့ ဆရာကြီးက မင်းတို့ နှစ်ယောက်စလုံးရဲ့ အသက်ကို ချမ်းသာပေးမှာ မဟုတ်ဖူး။ ဒါကို ပြောတာပါလေ"

မောင်ချမ်းသာတစ်ယောက် ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

ရုတ်တရက် ထိုလူကြီးများ သူ့ကို တွေ့သွားလျှင် ထွက်ပြေး



ရန်လည်း ခြေလှမ်းပြင်ကာ ပုဆိုးကို မထားလိုက်သည်။

စကားသံများ ဆက်လက်ထွက်ပေါ်လာပြန်သည်။

"ကဲ . . . မင်း၊ အသာတကြည် ပေးမလား ကျီးညို"

"ဟုတ်တယ်၊ ဒါဆို တို့ အေးအေး ဆေးဆေး ပြန်ရပဲ"

"ဟား ဟား ဟား၊ ဒီမှာ ကိုယ့်လူတို့၊ ဒီပစ္စည်းဟာ မင်းတို့ ဆရာကြီးပစ္စည်း မဟုတ်ဘူးကွ၊ ငါ့ အရည်အချင်းနဲ့ ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်း၊ ဒါကြောင့် လိုချင်ရင် အသက်ကို ရင်းပြီး ယူကြပေတော့၊ ဒါဘဲ ရှိတယ်"

"ဩ . . . မင်းက ဒီလိုလား"

လူရိပ်များ နေရာရွှေ့ပြောင်းသွားသည်ကို ထန်းပင်ပုလေး အကွယ်မှ မောင်ချမ်းသာ တွေ့မြင်လိုက်ရသည်။

သူ . . . အသက်မရှူနိုင်ဘဲ စိတ်ဝင်တစား ဆက်ကြည့်နေမိရသည်။

ထိုအချိန်၌ တိုက်ခိုက်သံများ ဆူဆူညံညံ ထွက်ပေါ် လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ရန်ကုန်အနောက်ပိုင်းရှိ တရုတ်စားသောက်ဆိုင် တစ်ခုနှင့် မနီးမဝေး ပလက်ဖောင်းဘေးသို့ ကားလေးတစ်စီး ထိုးရိုက်လာခဲ့သည်။

"ကလစ်"

ကားတံခါးကို ဖွင့်ဆင်းလာသူမှာ ဥရောပဝတ်စုံကို စမတ်ကျစွာ ဝတ်ဆင်ထားသည့် မြန်မာအမျိုးသားတစ်ဦး ဖြစ်သည်။

သူ့ရင်ဘတ်ရှိ နက်ကတိုင်လည်စီးမှ သိုးတိုင်မှာ လိမ်ပြာအဝါလေးတစ်ကောင် ခွဲချိတ်ထားသည်။

နှာတံပေါ်ပေါ် သူ့မျက်နှာ တစ်ဝက်ကို ခေါင်းပေါ် ဆောင်းထားသည့် သက္ကလပ်ဦးထုပ်ဖြင့် ဖုံးကွယ်ထားသည်။

မြန်မာလူမျိုးထဲ၌ ရှားပါးသော အရပ်အမောင်းဖြစ်သော်လည်း ကိုယ်လုံးနှင့်အရပ်မှာ အနေတော်ဟု ဆိုရပေမည်။



သူက ခြေလှမ်းမှန်မှန်နှင့် ဟော်တယ်အတွင်း ဝင်လိုက်သောအခါ ကောင်တာမှ ရွှေသွားအဖွေးသားနှင့် တရုတ်က ပြုံးပြ၍ နှုတ်ဆက်လိုက်သည်။

"ဟာ . . . ဆရာ၊ ငါတို့ဆိုင်ကို မလာတာ ကြာပြီနော်"

"ဟုတ်တယ် အဖေါင်"

သူက အတွင်းဘက် ဆက်လှမ်းမည်အပြု ထိပ်ဆုံးစားပွဲမှာ ထိုင်နေကြသူ သုံးယောက်က ဘုကြည့် ကြည့်နေကြသည်။

ဝင်လာသူက ထိုစားပွဲနားအထိ လျှောက်သွားပြီး ချာခနဲ လှည့်လိုက်သည်။

"ဟော . . . အဖေါင်"

"ဗျာ . . . ဆရာ"

ကောင်တာမှ တရုတ်က ပျာယီးပျာယာထူးကာ ကြည့်နေသည်။

"မင်းရဲ့ ချွတ်တာတွေကို သတိပေးထားလိုက်စမ်း။ ငါဖေါ်ယ်ရှယ် အခန်းကို သွားမလို့"

"ဟုတ် . . . ဟုတ်ကဲ့"

ပြီးလျှင် စားပွဲမှ လူသုံးယောက်ကို ရှိသည်ဟုပင် သဘောမထားဘဲ ဟော်တယ်လက်ျာဖက်လှေကားမှ ခပ်တည်တည် တက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ရောက်သောအခါ ဗလကောင်းကောင်း၊ မုတ်ဆိတ်ကျင်စွယ်နှင့် လူထွားကြီးတစ်ယောက်က တံခါးဝမှာ ရပ်နေရာက သူ့ကို လှမ်းမေးသည်။

"မင်း ဘယ်သူလဲ၊ ဘာကိစ္စလဲဟေ့"

"ဩ . . . မင်းက လူသစ်ထင်ပါရဲ့"

"လူသစ်တွေ ဘာတွေ လုပ်မနေနဲ့ ကိုယ့်လူ ငါက လူဟောင်းတွေကိုတောင် မြှုပ်ပြီးခဲ့ပြီ"

"အင်း . . . မင်းကြည့်ရတာ၊ တယ်ပြီး မိုက်တွင်းနက်ပုံပဲ"

"ဘာ . . ."

ပြောပြောဆိုဆို လူထွားထွားက ထန်းသီးလုံးပမာဏ သူ့လက်သီးများကို ဆက်တိုက် ပြစ်လွှတ်လိုက်သည်။

"ဝုစ် . . . ဝိုး"

သို့သော် . . . ဥရောပဝတ်စုံ ဝတ်ထားသော သူက ခေါင်းကို အသာငုံ၍ ရှောင်လေသည်။

ပြီးမှ အားပါးလှသည့် လက်သီးတစ်လုံးကို လူထွားကြီး ဝမ်းဗိုက်သို့ အရှိန်ပြင်းပြင်း ထည့်ပေးလိုက်သည်။

"ဝုစ်"

"ဘုတ်"

"အီး"



"ဒလုန်း . . . ဒလုန်း"

"အား"

ထိုအခါ နာကျင်မှုနှင့် ငိုက်ကျလာသော လူထွားကြီး၏ ခါးနှစ်ဖက်ကို ရုတ်တရက် မြှောက်၍ မတင်လိုက်၏။

ထိုကြောင့်ပင် မချိမဆန့်အော်သံနှင့်အတူ လူထွားကြီးမှာ လှေကားမှ ဒလိမ့်ကောက်ကွေး ကျသွားတော့သည်။

သူက လှမ်းကြည့်ခြင်းပင် မရှိဘဲ အတွင်းဖက်သို့ ဝင်ရန် ပြင်လိုက်သည်။

ထိုအခါ အေးစက်စက် သေနတ်ပြောင်းဝ တစ်ခုက သူ့ခါးကြားသို့ လာထောက်လိုက်လေတော့၏။

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

မမျှော်လင့်သော အဖြစ်ကြောင့် ထိတ်လန့်သွားရမည့် အစား သူက ညီညာသော သွားများပေါ်သည်အထိ သေနတ်ကို ကြည့်ကာ ရယ်မောနေ၏။

"ဟာ . . . ဘယ်လိုလဲဗျာ၊ သေမင်းတမန် သေနတ်နဲ့ ချိန်ထားတာတောင် ရယ်နေတာက ဘယ်လိုလဲ"

သေနတ်ပိုင်ရှင် အမေးကို ထိုသူက မကြည့်ဘဲ ပြောလိုက်သည်။

"ဒီသေနတ်ပိုင်ရှင်ဟာ၊ ကျုပ်ရန်ဖြစ်ရမယ့်လူ မဟုတ်ဘူးဆိုတာ .

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို ကြည့်ရုံနဲ့ သိလို့ပေါ့"

"ဟဲ . . . ဟဲ . . . ဟဲ၊ တော်တယ်ဗျာ၊ ကိုနန်းထိုက်၊ စုံထောက်အရာရှိ ပီသပါပေရဲ့"

သေနတ်ကိုင်ထားသူက သေနတ်ကို ခါးကြားသို့ ထိုးသွင်းရင်း ပြောလိုက်ရာ အိုင်အိုနန်းထိုက်ဆိုသူက ပြုံး၍ပြောလိုက်၏။

"ကိုဖိုးတုတ်ရေ မရှုးစမ်း၊ မဆင်ခြင်တဲ့ ခင်ဗျားရဲ့ လူမိုက်လုပ်ရပ်အတွက် အောက်ထပ်က ချွတ်တားတွေတော့ တော်တော်အလုပ်ရှုပ်ကုန်လိမ့်မယ်"

"မှန်တာပေါ့ဗျာ၊ ခင်ဗျားလာရင် ဒီလို ရုတ်ရုတ်သဲသဲ ဖြစ်ခတတ်လွန်းလို့ အဖေါင်ရဲ့ တပည့်လူမိုက်တွေက ခင်ဗျားကို မကြည်တာဗျ၊ ဟဲ . . . ဟဲ . . . ဟဲ"

အိုင်အိုနန်းထိုက်က မီးလုံးတစ်လုံးတည်းသာ ထွန်းညှိထားသော အခန်းတွင်းသို့ ရှေးရှုသွားရင်း . . .

"ခင်ဗျားပြောတာ သိပ်မှန်တာပေါ့ဗျာ၊ လောကကြီးမှာ သူတို့ကိုယ် သူတို့ သိပ်မိုက်တယ်လို့ သွေးနထင်ရောက်နေသူတွေကို ကျွန်တော်ကလဲ တွေ့တဲ့ နေရာမှာ ပညာပေးချင်နေတာဗျ၊ ဟဲ . . . ဟဲ . . . ဟဲ"

ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

ဖိုးတုတ်ဆိုသူ ဂင်တိုတိုကတုံးဆံတောက်နှင့် လူကာလည်း



ရယ်မောကာ အိုင်အိုနန်းထိုက်ခါးကို ဖက်ကာ အခန်းတွင်းသို့ တရင်းတနှီး ခေါ်ခေါင်သွားသည်။

"ထိုင်ဗျာ အဲဒီခုံမှာ"

"အင်း"

အိုင်အိုနန်းထိုက်က စားပွဲရှေ့ခုံမှာ ထိုင်လိုက်သည်။

ထိုအခါ ဖိုးတုတ်ဆိုသူက စားပွဲကိုပတ်၍ နောက်ဖက်ရှိ ထိုင်ခုံမှာသွားထိုင်သည်။

စားပွဲက ကျွန်းသားကွက်ပေါ်ကာ ပေါ်လစ်ရောင်ဖြင့် တောက်ပြောင်လျှက် ရှိပေသည်။

"ကလင် ကလင်"

ဖိုးတုတ်က ဘဲလ်ကို နှိပ်လိုက်သည်နှင့် တံခါးပွင့်လာကာ ခပ်ချောချော တရုတ်ကပြားမလေး တစ်ယောက် လှစ်ခနဲ ပေါ်လာသည်။

"ပျားအုံတံဆိပ် ဘရန်ဒီတစ်လုံးဟော့"

"ဟုတ်ကဲ့"

"ပြီးတော့ . . . ဘဲကင်နဲ့ ကြက်ဥ ဟပ်ဖရိုက်ကြော်တစ်ပွဲ"

"ဟုတ်ကဲ့ ဆရာကြီး"

"အမြန်ဆုံးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အိုင်အိုနန်းထိုက်က စတိုင်လို စီးကရက်တစ်လိပ်ကို ထုတ်ယူကာ သူ့ရွှေရောင် မီးခြစ်ဖြင့် ရှရှလေးခြစ်ကာ မီးညှိရှိုက်ဖွာနေသည်။

"ကိုနန်းထိုက်ကျွန်တော့်ဆီကို လာတာ၊ အကြောင်းမဲ့တော့ ဟုတ်ပုံမရဘူး"

"ခင်ဗျား သိပ်တော်တယ် ကိုဖိုးတုတ်၊ ဒါကြောင့်လဲ အနောက်ပိုင်းလူမိုက်လောကမှာ လမ်းမတော် ဖိုးတုတ်ရယ်လို့ နာမည်တစ်လုံးနဲ့ ကျော်ကြားနေလေတာပေါ့"

"ဟား ဟား ဟား မြှောက်လုချည့်လား စုံထောက်ကြီးရာ"

ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

သူတို့နှစ်ယောက် ရယ်မောနေစဉ်မှာပင် စောစောက ထွက်သွားခဲ့သော အမျိုးသမီးချောနှင့် စားပွဲထိုးတစ်ယောက်က လင်ပန်းနှင့် စားသောက်စရာ အပြည့်အစုံကို ယူလာခဲ့သည်။

"လိုတာရှိရင် ပြောပါဆရာကြီး"

"အေး . . . လိုရင်ခေါ်လိုက်မယ်"

"ဟုတ်ကဲ့ရှင့်"

သူတို့က ပြန်ထွက်မည်အပြု ဖိုးတုတ်က လှမ်းခေါ်လိုက်သည်။

"ဟေ့ နေဦး ဆူစန်"

"ရှင် . . . "



"အောက်ဘက်က ဘယ်သူမှ တက်မလာနဲ့လို့ တယ်လီဖုန်းနဲ့ ပြောလိုက်စမ်း"

"ဟုတ် . . . ဟုတ်ကဲ့"

ဆူစန်ဆိုသူလေးက အိုင်အိုနန်းထိုက်ကို မရဲတရဲနှင့် စိတ်ဝင်တစားကြည့်ကာ ထွက်ခွာသွားတော့သည်။

"ဂလောက် ဂလောက်"

ဖိုးတုတ်ကိုယ်တိုင် ဖန်ခွက်ထဲ အရက်ငုံ့ထည့်ကာ ရေခဲဆော်ဒါတို့ကို အချိုးကျ စပ်ပေးသည်။

"ကဲ သောက်ဗျာ ကိုနန်းထိုက်၊ သောက်ရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ကောင်းပါပြီ"

သူတို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်ဖြင့် အရက်ခွက်ကိုယ်စီကိုင်ကာ သောက်နေကြသည်။

သူတို့ မျက်လုံးချင်း ဆိုင်မိကြသည်။

သို့သော် စကားမပြောဖြစ်သေး။

ပြီးမှ လမ်းမတော် ဖိုးတုတ်က စမေးလိုက်သည်။

"ကဲ . . . ခင်ဗျားရဲ့ကိစ္စကိုပြောပေတော့ ကိုနန်းထိုက်ရေ"

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်သည်။

ပြီးမှ ၎င်းက ကုတ်အင်္ကျီအတွင်းဖက် အိတ်ကပ်ထဲမှ ထိုးနှိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

လက်ပြန်ထွက်လာသောအခါ ဓါတ်ပုံဟောင်းတစ်ပုံ ပါလာသည်။

"ရော့ဗျာ"

လမ်းမတော် ဖိုးတုတ်က လှမ်းယူလျှက် ဓါတ်ပုံကို သေသေချာချာ စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။

"ဓါတ်ပုံက ကြာနေပြီပဲ"

"ဟုတ်တယ်၊ အနည်းဆုံး ဆယ်နှစ်လောက် ကြာနေပြီ၊ အဲဒါ ဘယ်သူဆိုတာ ခန့်မှန်းပေးစမ်းပါဗျာ"

လမ်းမတော် ဖိုးတုတ် ကြည့်နေရင်း မျက်မှောင်ကျုံ့သွားသည်။

"နို့ . . . နေစမ်းပါဦးဗျာ၊ ဒီလူကြီးကို ကြည့်ခိုင်းတာ ကျွန်တော် သိမယ်ထင်လို့လားဟင်"

"မှန်တယ်၊ ခင်ဗျားဆီကိုလာပြီး တကူးတက ကြည့်ခိုင်းရတာက ဓါတ်ပုံထဲက ပုဂ္ဂိုလ်ဟာ မြေအောက် ဒုစရိုက်သမား တစ်ဦးဖြစ်လို့ပါပဲ ကိုဖိုးတုတ်"

"သြ . . . ဒီလိုကိုး"

လမ်းမတော် ဖိုးတုတ်က ဆေးပြင်းလိပ်ကို ရှိုက်ဖွာရင်း ဓါတ်ပုံကို ထပ်မံ၍ စေ့စေ့စပ်စပ် ကြည့်ပြန်သည်။



ပြီးမှ သက်ပြင်းချကာ ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း . . . မသိဘူးဗျာ"

"ရိုးတိုးရိပ်တိတ်တောင် မခန့်မှန်းနိုင်ဘူးလား"

"ဟင့်အင်း"

အိုင်အို နန်းထိုက်က ထပ်မပြောတော့ပေ။

နှစ်ဦးစလုံး အရက်ခွက်ကို ကိုင်ကာ တစ်ကြိုက်စီ သောက်ကြပြန်သည်။

အမြည်းစားကြသည်။

အိုင်အိုနန်းထိုက်က ကုတ်အင်္ကျီအတွင်းအိတ်သို့ နှိုက်ကာ နောက်ထပ် ဓါတ်ပုံတစ်ပုံကို ထုတ်ပြလိုက်ပြန်သည်။

"သူ့ကိုရော ဗျာ"

လမ်းမတော်ဖိုးတုတ်က ဆွဲယူကြည့်ရှုလိုက်သည်။

"အလို . . . အလို"

"ဘာလဲဗျာ၊ သိလို့လား"

"အင်း . . . တွေ့ဖူးသလိုပဲ"

"ဟား ဟား ဟား ဟား"

အိုင်အိုနန်းထိုက်က ရုတ်တရက် ရယ်ချလိုက်သဖြင့် လမ်းမတော်ဖိုးတုတ် ကြောင်သွားသည်။

"ဘာရယ်တာလဲ ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို လောင်တာ မဟုတ်ပါဘူးဗျာ၊ အခုတလော မန္တလေးမှာ ခေတ်စားနေတဲ့ "မြသာစည်" အငြိမ့်အဖွဲ့က နာမည်ကျော် အငြိမ့်မင်းသမီးချောလေး စိန်မြချယ်ရဲ့ ပုံဆိုတာ ခင်ဗျား မရိပ်မိတဲ့ အတွက် ရယ်မိတာပါ"

"ဟာ . . . ဟုတ်သားပဲ၊ ရန်ကုန်အနောက်ပိုင်းက အလှူ တစ်ခုမှာတောင်၊ လွန်ခဲ့တဲ့ နှစ်လကျော်ကျော်က လာကသွားတာပဲ"

"ဒါတင် ဘယ်ကမလဲဗျာ၊ အကလဲကောင်း၊ ရုပ်လဲချောတဲ့ အဲဒီအငြိမ့်မင်းသမီးလေး စိန်မြချယ်ကို ရန်ကုန်ပွဲခင် ကထရိက်တွေ ကပါ မျက်စိကျပြီး အလုအယက် ငှားရမ်းဖို့ ကြိုးစားနေကြတယ်လေ"

"အို . . . ဟုတ်လား။ ဒါဖြင့် ဒီမင်းသမီးလေး နာမည် ကျော် ဦးတော့မှာပဲ"

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လျှက် ကြက်ဥကြော် တစ်ဖတ်ကို ခက်ရင်းနှင့် ထိုးကော်၍ ကျင်လည်စွာ စားလိုက်သည်။

ပြီးမှ သူက . . . .

"ကျွန်တော့်ကို တစ်ခု ကူညီဗျာ"

"အိုး . . . အိုင်အိုနန်းထိုက်က မြန်မာလူမျိုး၊ မျိုးချစ်တစ်ဦး ပီပီသသကျွန်တော့်ကို ကူညီခဲ့တာတွေ များလှပါပြီ၊ ဘယ်လို ကူညီရ မလဲဆိုတာသာပြောပါ၊ ကျွန်တော်ကူညီဖို့ အသင့်ပါလေ"

"ကောင်းပြီ၊ ဒီလိုဗျာ။ မှုခင်းတစ်ခုနဲ့ ဆက်နွယ်ပြီး ကျွန်တော်



တို့ ပုလိပ်အဖွဲ့က ဒီမင်းသမီးလေးကို စိတ်ဝင်စားနေတယ်"

"အင်း . . ."

"ခင်ဗျား ဒါတွေ မသိဘူးလား"

ဟဲ . . . ဟဲ . . . ဟဲ ဆရာရယ်၊ သိတဲ့အတိုင်း ကျွန်တော့် အလုပ်က လူမိုက်အသီးသီးရဲ့ လုပ်ရပ်နဲ့ ပေါ်တယ်တွေက ရတဲ့ မိုက်ကြေးကိစ္စကို ဂရုစိုက်နေရတယ် မဟုတ်လား ဒီတော့"

"ဒီတော့ ဂရုမစိုက်နိုင်ဘူး ဆိုပါတော့လေ"

"ဟုတ်ပါတယ် ကိုန . . . ဒိုက်"

ထို့နောက် သူတို့နှစ်ဦး စားပွဲပေါ်ရှိ အစားအသောက်များ ကို ငြိမ်သက်စွာ စားသောက်ကြပြန်တော့သည်။

ပြီးမှ အိုင်အိုနန်းထိုက်က ခါတ်ပုံများကို ပြန်ယူ၍ အိတ်ထဲ ထည့်ကာ . . .

"ဒီလိုဗျာ၊ လာမယ့် အပတ်မှာ မြသာစည် အငြိမ့်အဖွဲ့ဟာ ရန်ကုန်အနောက်ပိုင်းက သေဋ္ဌေးကြီး ဦးသာဗျောရဲ့သား မင်္ဂလာဆောင် မှာ လာရောက်ကပြဖျော်ဖြေလိမ့်မယ်"

"ဟုတ်ကဲ့"

"အဲဒီလို တည်းတဲ့အခါမှာ မင်းသမီးလေး စိန်မြချယ် တစ်ယောက် အန္တရာယ် မတွေ့စေဖို့ ခင်ဗျားနဲ့ ခင်ဗျားလူတွေက တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်ပေးပါ ကိုဖိုးခုတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . မသိလို့ မေးပါရစေဗျာ"

"မေးပါလေ"

"ကျွန်တော်တို့ လူမိုက်တွေ စောင့်ရှောက်တာထက်စာရင် ပုလိပ်အမှုထမ်းတွေ စောင့်ရှောက်တာက ပိုမကောင်းဘူးလားဟင်"

"ဒါဟာ မေးထိုက်တဲ့ မေးခွန်းပါပဲ"

အိုင်အို နန်းထိုက်က ပြောပြောဆိုဆို စတိုင်လို စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေလိုက်သည်။

ပြီးမှ ၄င်းက . . .

"ဒါပေမယ့် အငြိမ့်အဖွဲ့နောက်ကို လိုက်နေသူ တစ်စုက ပုလိပ်အဖွဲ့ရဲ့ အနံ့ကို ရတာနဲ့ လုံးဝ သိတော့မှာ မဟုတ်ဘူးဗျ"

"သြော်... ဒီလိုကိုး။ ဒါဖြင့် သဘောပေါက်ပါပြီ ကိုနန်းထိုက်"

ကိစ္စဝိစ္စပြီးသောအခါ အိုင်အိုနန်းထိုက်သည် လူမိုက်ခေါင်းဆောင်လမ်းမတော် ဖိုးတုတ်ကို နှုတ်ဆက်လျက် ဟော်တယ်လေ့ကားအတိုင်း ခပ်တည်တည် ဆင်းလာခဲ့ပေတော့သည်။

## အခန်း (၃)

တစ်နေ့သ၌ မြင်းရထား တစ်စီးသည် ကျောက်ကုန်း အရပ်ရှိ လမ်းတစ်လမ်းပေါ်တွင် မောင်းနှင်နေရာမှ လူရှင်းသော နေရာအရောက်တွင် ရပ်တန့်သွားလေတော့၏။

"ဆင်းတော့"

မြင်းရထားသမားက မတိုးမကျယ် ပြောလိုက်သောအခါ မြင်းရထားတံခါးက ရုတ်တရက်ဆင်းလာပြီးနောက် လူတစ်ယောက် လမ်းပေါ်သို့ ခုန်ချလာ၏။

ထိုလူသည် မိုးကာအင်္ကျီ၊ သက္ကလပ်ဦးထုပ်၊ စသည် စမတ်အကျအဝတ်ကာ ခန္ဓာကိုယ် ထွားကြိုင်းလှသည်ဟု ဆိုရပေမည်။

ပြီးမှ ၄င်းက . . .

"အေး... မင်းရဲ့ မြင်းရထားကို ပြန်လှည့်ပြီး အသင့်စောင့်ပါ ချက်ချင်းပြန်လာမယ် ဟေ့ "

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာစေနဲ့"

သူက ကွက်လပ်ထဲ၌ ပေါက်နေသော လူတစ်ရပ်သာသာ ခြုံတောကို ဖြတ်ကာ တစ်ဖက်ရှိ တိုက်ပျက်ကြီးရှိရာသို့ ခပ်သွက်သွက် ထွက်ခွာလာခဲ့သည်။

သူ တိုက်ပျက်ကြီး အဝသို့ ရောက်လာသည်။

"ညောင် . . . ဝေါင်"

"မီ . . . မီ . . . မီ"

ကြောင်နက်ကြီး တစ်ကောင်က ပြတင်းပေါက်မှ ခုန်ချလာကာ သူ့ကိုကြည့်နေ၏။

ထို့ကြောင့် သက္ကလပ်ဦးထုပ်နှင့်လူက လက်ဖျစ်တီးကာ ခေါ်လိုက်ရသည်။

"ဖျီး . . ."

သို့သော် ကြောင်နက်ကြီးက ကျားတစ်ကောင်အလား မာန်ဖီ၍ ပါးစပ်ဖြဲကာ အသင့်ခုန်အုပ်ရန် အနေအထားပြင်လိုက်သည်။

သက္ကလပ်ဦးထုပ်နှင့်လူ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။

ချက်ချင်း သူ့တစ်ကိုယ်လုံး ချွေးတွေ စီးကျလာသည်။

ကြောင်နက်ကြီးက ခုန်အုပ်ရန် အနေအထား ဝပ်နေရာမှ တုတ်တုတ်မျှ မလှုပ်။



သူလည်း လှုပ်ရှားရန် မဝံ့ရဲ။

"မဟုတ်ရာ . . . ဟေ့ မဟုတ်ရာ"

ထိုစဉ် . . . တိုက်ပျက်ကြီးအတွင်းမှ အသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ကြောင်နက်ကြီး နားရွက်လှုပ်ကာ နားစွင့်နေသည်။

"ရှိ . . . ရှိ"

"ရှိ . . ."

နောက် . . . လေချွန်သံ သုံးချက် ထွက်ပေါ်လာပြန်သည်။

ထိုအခါကျမှ ကြောင်နက်ကြီးမှာ တိုက်ပျက်ကြီး ပြတင်းပေါက်ပေါ်သို့ လွှားခနဲ ခုန်တက် ပျောက်ကွယ်သွားတော့သည်။

"ဟူး . . ."

သက္ကလပ်ဦးထုပ်နှင့်လူက လေပူတစ်ချက်မှုတ်ကာ မျက်နှာမှ ချွေးများကို လက်နှင့် သပ်ချလိုက်သည်။

ပြီးမှ ကြောင်နက်ကြီး ပျောက်ကွယ်သွားရာ ပြတင်းဘောင်သို့ ဘက်ရောက်လျှက် အတွင်းသို့ ခုန်ချသွားသည်။

"အဂ္ဂ . . . တံခါးဖွင့်ထားတယ်၊ ဆင်းလာခဲ့ဟေ့"

မြေအောက်မှ ပေါ်လာသော အသံတစ်သံက အပေါ်ဖက်သို့ ထိုးထွက်လာသည်။

အဂ္ဂဆိုသူက ခြေလှမ်းမှန်မှန်လျှောက်ကာ အခန်းထောင့်

www.burmeseclassic.com

www.burmeseclassic.com



သို့ လာခဲ့သည်။

အသင့်ပွင့်နေသော မြေအောက်ခန်းတံခါးမှ တဆင့် အလင်းရောင် မှုန်ပျပျ ရှိရာသို့ ခပ်သွက်သွက် ဆင်းလာခဲ့သည်။

ဆလိုက်ကဲ့သို့ အုပ်ဆောင်းနှင့် ထွန်းထားသော မီးလုံးကြောင့် အဂ္ဂမျက်လုံးများ ရုတ်တရက် ကျိန်းစပ်သွားသည်။

"အဲဒီမှာ ထိုင်ပေ့"

အမိန့်ပေးသံကြောင့် မီးလုံးနှင့်မလှမ်းမကမ်းခုံမှာ အဂ္ဂ ဝင်ထိုင်လိုက်ရသည်။

မီးလုံးနောက်ကွယ် အမှောင်ထဲမှ မျက်လုံးတစ်စုံက သူ့ကို အကဲခတ်ရင်း စူးစမ်းသလို စိုက်ကြည့်နေသည်။

ပြီးမှ ၄င်းက . . . .

"ဟိုကို သွားမယ့်ကိစ္စအတွက် မဟုတ်လားကွ အဂ္ဂ"

ဟု မေး၏။

"မှန်ပါတယ် ဆရာကြီး၊ ကျွန်တော်နဲ့ နောက်နှစ်ယောက်ပါ ခင်ဗျာ"

"အသေးစိတ် ညွှန်ကြားချက်တွေ မင်းဆီကို ငါ ပေးထားပြီးပြီ မဟုတ်လားကွ"

"ဟုတ်ကဲ့ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"



"မျှော်လင့်သလို မဖြစ်ခဲ့ရင် ဘာလုပ်ရမလဲဆိုတာ သိချင်လို့ပါခင်ဗျာ"

"ဟား ဟား ဟား ဟား"

ရယ်မောလိုက်သော အသံကြီးကြောင့် အဂ္ဂတစ်ယောက် လန့်ဖြန့် သွားရသည်။

သူက ငြိမ်နေစဉ် အသံထွက်ပေါ်လာပြန်သည်။

"မင်းနှယ်ကွာ၊ မင်းဟာ ငါ့ လက်ရွေးစင် မဟုတ်သလိုပါလား"

သူ့ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားရသည်။

"ဒီမှာ အဂ္ဂ"

"ဗျာ"

"မျှော်လင့်သလို ဖြစ်မလာခဲ့ရင် မင်းလုပ်စရာ တစ်လမ်းပဲရှိတယ်၊ အဲဒါက . . ."

အဂ္ဂ စူးစိုက်နားထောင်နေသည်။

"အဲဒါက . . . မင်းနဲ့ ပါသွားတဲ့ နှစ်ယောက်ကို ရှင်းပစ်ပြီး မင်းလဲ တစ်လကိုးသီတင်း ဆိုသလို လွတ်ရာမှာ ခဏတိမ်းရှောင်နေဖို့ပဲ"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒါပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ရော့ဟော့"

"ဝှစ်"

လွှင့်ပျံလာသော ငွေထုပ်တစ်ထုပ်ကို အဂ္ဂက သွက်သွက် လက်လက် ဖမ်းယူလိုက်၏။

သူက မိုးကာ အင်္ကျီအောက်သို့ ထိုးထည့်ကာ လှည့်ထွက် မည်ပြင်လိုက်သည်။

"ခဏနေဦး"

သူက ချာခနဲပြန်လှည့်လိုက်သည်။

အသင့် နားထောင်နေသည်။

"မင်းသမီးလေး စိန်မြခြယ် လုံးဝအနှောင့်အယှက် မဖြစ်စေနဲ့"

"ဟုတ် . . . ဟုတ်ကဲ့"

သူက ပြန်လှည့်ပြီး တံခါးဝဆီသို့ လျှောက်လာခဲ့သည်။

ထိုစဉ် မိုးက ဖျပ်ခနဲ မှောင်သွားသဖြင့် အဂ္ဂ ခြေလှမ်းရပ် ခက်သွားသည်။

"ညောင် . . . ဝေါင်"

သို့သော် ကြောင်နက်ကြီးက မျက်လုံးစိမ်းကြီးနှင့် ကြည့်ကာ အရှေ့မှ လမ်းပြသွားသဖြင့် အဂ္ဂလည်း ကြောင်နက်ကြီး နောက်မှ လိုက်ထွက်ခဲ့ရသည်။

## အခန်း (၄)

သူဌေးကြီးဦးသာဗျော၏ တိုက်ကြီးမှာ မီးရောင်များ ထိန်လင်း လျှက် စကားပြောသံ၊ ရယ်မောသံများဖြင့် စီစီညံလျှက်ရှိသည်။

ဝင်းကျယ်ကြီးအတွင်းရှိ မြက်ခင်းပြင်တွင် မီးဖိုကြီးများ၊ မိုးဖြူဒယ် အိုးကြီးများဖြင့် ချက်သူ၊ ပြုတ်သူများမှာ ချွေးတလုံးလုံးရှိနေကြသည်။

အမှန်စင်စစ် မင်္ဂလာညနေခံပွဲတွင် ကပြဖျော်ဖြေရန်အတွက် "မြသာစည်" အငြိမ့်အဖွဲ့ ကြိုတင် ရောက်နေသဖြင့် အငြိမ့်အဖွဲ့သား များ တားသောက်ရန် ချက်ပြုတ်နေကြခြင်း ဖြစ်သည်။

အငြိမ့်ထောင်ဆရာလည်းဖြစ်၊ လူရွှင်တော်လည်းဖြစ်သူ ကျော်ကြီးသည် သူဌေးကြီးဦးသာစည်တို့ လင်မယားနှင့် ညှိခန်း၌ စကားစမြည် ပြောလျှက်ရှိသည်။

"ကျွန်တော်တို့ အငြိမ့်အဖွဲ့က ရန်ကုန်ခွင်တွေမှာ ကကြပြီး မင်းသမီးလေး စိန်မြခြယ်ရဲ့မိတ်ကို ပိုကြီးအောင် ထုတ်လျှင်နေတာမှာ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးက မင်္ဂလာပွဲအတွက် အခုလို ဗုံးလိုက်တော့ အတိုင်းထက်အလွန်ဆိုတာလို ဖြစ်သွားတာပေါ့ခင်ဗျာ"

သူဌေးကြီးက . . . .

"ဟဲ ဟဲ ဟဲ ရေငတ်တုံး ရေတွင်းထဲကျတယ်လို့ ပြောရင်လဲ ရပါတယ် ကိုချက်ကြီးရယ်၊ ဟဲ ဟဲ ဟဲ"

"ခစ် ခစ် ခစ်"

"ဟား ဟား ဟား ဟား"

သူဌေးကြီး ဦးသာဖျော စကားကြောင့် ဇနီးသည် ဒေါ်ခင်လှနှင့်တကွ လူရွှင်တော် ချက်ကြီးတို့ပင် ရယ်မောလိုက်ကြလေ၏။

ပြီးမှ သူဌေးကြီးက . . . .

"ဒီလို ကိုချက်ကြီး ကျုပ် မန္တလေးကို အလုပ်ကိစ္စနဲ့ သွားတော့ မိတ်ဆွေတွေက ခင်ဗျားတို့ မြသာစည် နာမည်ကြီး အငြိမ့်အကြောင်း ပြောလိုက်တာနဲ့ သားရဲ့ မင်္ဂလာ ကိစ္စမှာ ဖျော်ဖြေနိုင်အောင် ကြေးကြီးပေးပြီး ငှါးခဲ့တာပေါ့ဗျာ" ဟု ဆို၏။

ကိုချက်ကြီးက . . .

"ကြေးမကြီးဘူး ဆိုတဲ့အကြောင်း၊ အငြိမ့်ကတဲ့နေ့ကျရင် ခေါင်းဆောင်မင်းသမီးလေး စိန်မြခြယ်က ပြသပါလိမ့်မယ် သူဌေးကြီး" ဟု ရယ်ရယ်မောမော ပြောလိုက်လေ၏။

"ဟဲ ဟဲ ဟဲ ဆိုလုချည်လား။ ဒါနဲ့ ခင်ဗျားတို့ မင်းသမီး



လေးကို အပေါ်ထပ်မှာ အေးအေးဆေးဆေး အနားယူခိုင်းထားတာ အဆင်ပြေတယ် မဟုတ်လားဗျာ"

"ဟုတ်ကဲ့ စိန်မြခြယ်နဲ့ လက်ထောက်မင်းသမီး မြသန်းကြည်တို့နှစ်ယောက်ကို အခန်းထဲမှာ အနားယူစေပါတယ်၊ လိုအပ်တာရှိရင် မှာဖို့လဲ လူရွှင်တော်ပေစိကို တစ်ခန်းကျော်က အခန်းမှာ ကျွန်တော်ကိုယ်တိုင် မှာထားခဲ့ပါတယ် သူဌေးကြီး"

"ဪ . . . ဪ ကောင်းပါလေ့၊ ကိုချက်ကြီး၊ ကျုပ်အိမ်မှာနေစဉ်အတွင်း ဘာမှ အားမနာပါနဲ့ လိုတာရှိရင် ပြောသာ ပြောပါ"

"ဟုတ် . . . ဟုတ်ကဲ့"

ထိုခဏမှာပင် ထိန်ထိန်လင်းနေသော မီးရောင်များက ရုတ်ချည်း မှောင်ကျသွား၏။

"ဟာ"

"ဟင်"

"အို"

"အလို"

အမေ့ဒိုက်သံများက ဟိုမှသည်မှ စီစီညံညံ ထွက်ပေါ်လာရာ တိုက်ကြီးအတွင်း၌ရော ခြံကြီးအတွင်းမှာပါ ဆူညံလျှက်ရှိသည်။

"ဒိုင်း . . . ဒိုင်း"

"အမလေး"

www.burmeseclassic.com

www.burmeseclassic.com



"ကယ်တော်မူကြပါရှင်"

"ဟေ့ . . . တစ်ယောက်မှ မလှုပ်နဲ့ နေရာမှာတင် ရပ်နေကြ"

သေနတ်သံ၊ အော်ဟစ်အမိန့်ပေးသံတို့ တစ်ပြိုင်နက် ထွက်ပေါ်လာရာ၊ မြေးကြ လွှားကြနှင့် ရုတ်ရုတ်သည်းသည်း ဖြစ်ကုန်ကြပြန်တော့သည်။

"ဒိုင်း"

သေနတ်သံက ထပ်မံပေါ်ထွက်လာပြန်ပြီးလျှင် ခြံအတွင်း၌ ထိုးသံ ကြိတ်သံ တွန်းထိုး ဆွဲသံများ တစ်ပြိုင်နက် ထွက်ပေါ်လာခဲ့လေ၏။

ထို့နောက် သူဌေးကြီးဦးသာဗျောအသံ ရုတ်တရက်ထွက်ပေါ်လာပြန်လေသည်။

"ဟေ့ . . . ဖိုးလု၊ မောင်ညို၊ လှမြင့်၊ မင်းတို့ ဘယ်ရောက်နေကြသလဲ၊ ဓါးပြတွေကို ခုခံတိုက်ခိုက်ပါတော့လား"

သို့သော် သူ့တပည့်များ၏ အသံဆို၍ လုံးဝ ထွက်ပေါ်လာခြင်း မရှိပါပေ။

အခြား တိုက်ခိုက်သံများလည်း လုံးဝ တိတ်ဆိတ်သွား၏။

"ဘယ်လိုဖြစ်ကုန်ရတာလဲ"

သူဌေးကြီး၏ မကျေမနပ်ပြောလိုက်သံ အဆုံးတွင် မီးများ



သည် ဖျတ်ခနဲပြန်လင်းလာကာ တစ်အိမ်လုံး တစ်ခြံလုံး မူလအတိုင်း ပြန်လည်၍ ထိန်ထိန်လင်းနေလေတော့၏။

"ဟာ"

"ဟင်"

"အို"

တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူဌေးကြီး ဦးသာဗျော အပါအဝင် အိမ်သားအားလုံးက မြင်ရသော မြင်ကွင်းကြောင့် တအံ့တသြ ဖြစ်ကုန်ကြပေတော့၏။

အကြောင်းသော်ကား . . . အပေါ်ထပ်တက်သည့် ကျွန်းသားလှေကား ခြေရင်းတွင် သူဌေးကြီး၏ တပည့်သုံးယောက် ဖြစ်သည့် ဖိုးလု၊ မောင်ညို၊ လှမြင့်တို့ သုံးဦးသားမှာ ထပ်လျက်သား လဲကျကာ သတိလစ်နေသည်ကို တွေ့လိုက်ရသည့်အတွက်ပင် ဖြစ်ပေတော့၏။

"ဒီကောင်တွေကို တစ်ယောက်ယောက်ရိုက်နှက်သွားတာပဲ၊ လုပ်ကြပါဦးဟဲ့ "

သူဌေးကြီး အမိန့်ပေးသံအဆုံးတွင် အိမ်ပေါ်ထပ်မှ အော်ဟစ်သံကြီး ရုတ်တရက် ထွက်ပေါ်လာပြန်တော့သည်။

"လုပ်ကြပါဦး၊ ခေါင်းဆောင်မင်းသမီးလေး စိန်မြခြယ် ပျောက်နေပြီ၊ လက်ထောက်မင်းသမီးလေး မြသန်းကြည် သတိလစ်နေတယ် ရှီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒါ လူရွှင်တော် ပေစိရဲ့ အသံပဲဗျာ။ မင်းသမီး လေး ပျောက်နေတယ်ဆိုပါလား"

ဇာတ်ပိုင်ရှင် လူရွှင်တော်ချက်ကြီးသည် ပြောပြောဆိုဆို လုံချည်ကိုမကာ လှေကားရင်း၌ သတိမေ့လဲနေသူ သုံးယောက်ကို ခုန်ပျံကျော်လွှား၍ လှေကားအတိုင်း ဒရောသောပါး ပြေးတက်သွား တော့သည်။

"မဖြစ်ဘူး။ မဖြစ်ဘူး။ ရဲဌာနကို ဖုန်းဆက်မှ ဖြစ်မယ်"

သူဌေးကြီးဦးသာဗျောက ရေရွတ်ပြီးလျှင် တယ်လီဖုန်းရှိရာ သို့ သွားလေ၏။

ဂျူမဒါမူးသာ ခေါင်းဆောင်သော ဒီအိုင်ဒီ စုံထောက်များက ခြံကြီးတစ်ခြံလုံး၊ အိမ်ကြီးတစ်အိမ်လုံးကို စေ့စေ့စပ်စပ် လေ့လာ ကြည့်ရှုကြသည်။

ပြီးလျှင်မြန်လည်သတရလာပြီးဖြစ်သော လူများကို ဂျူမဒါမူးသာ ကိုယ်တိုင် စစ်ဆေးမေးမြန်းသည်။

ထိုအခါ ဖိုးလုဆိုသူက ၎င်းသိသမျှ အောက်ပါအတိုင်း ပြောပြရာသည်။



"ရုတ်တရက်မီးမှိတ်သွားတော့ ကျွန်တော်ဟာ အမှတ်မထင် အိမ်နောက်ဘက်က ထွက်အလာပေါ့။ ဒါကြောင့် သူဌေးကြီးလင်မယား ရဲ့ အဖိုးတန်ပစ္စည်းတွေရှိရာ အထက်ထပ်ကို မှောင်ထဲမှာအပြေး ဆက်ဖို့အလုပ် . . ."

"ကောင်းပြီ ဆက်ပြောပါလေ"

"ဒီအချိန်မှာ အပေါ်ထပ်က လျှင်လျှင်မြန်မြန် ပြေးဆင်းလာ တဲ့ လူတစ်ယောက်ဟာ ကျွန်တော့် နှာခေါင်းဝကို အဝတ်စ်ခုနဲ့ ဖိကပ်လိုက်တော့ စူးရှရှအနံ့ကို ရှူရှိုက်မိပြီး . . ."

"ဟုတ်ပြီ ဟုတ်ပြီ၊ ဒီလောက်ဆို တော်ပါပြီ။ လူဆိုးက ခင်ဗျားနှာဝကို မေ့ဆေးနဲ့ သတိမေ့အောင် လုပ်လိုက် တာပါပဲ၊ ကဲ . . . ကိုမောင်ညို ခင်ဗျားဖြစ်ပုံကို ရှင်းပြပါဦး"

ထိုအခါ ကိုမောင်ညိုက ပြောသည်။

"ကျွန်တော်ကတော့ ချက်ပြုတ်ရာမှာ တာဝန်ကျတာမို့ အိမ်ထဲမှာ သံဒယ်အိုးတစ်လုံးယူဖို့ ဝင်လာတာပါ။ ဒီအချိန်မှာ မီးက ရုတ်တရက်မှောင်ကျသွားပြီး အပေါ်ထပ်က အော်သံ ထွက်ပေါ်လာ တာမှာ လှေကားပေါ် ပြေးအတက် . . ."

ဂျူမဒါ မူးသာက ထိုနေရာ အရောက်တွင် လက်ကာ ပြလိုက်သည်။

ထို့နောက် ၎င်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . နောက်တစ်ယောက်၊ ကိုလှမြင့် ဆိုတာ မဟုတ်လား၊ ပြောဗျာ" ဟု ဆိုလိုက်၏။

ဤတွင် ကိုလှမြင့်က ပြောပြပြန်လေ၏။

"ကျွန်တော်က ခေါင်းဆောင်မင်းသမီးနဲ့ လက်ထောက်မင်းသမီးတွေအတွက် ခရမ်းချဉ်သီးသုတ် သွားပို့တာပါ။ အဲဒီကအဆင်းလှေကားအဆုံးရောက်တော့ သူတို့ကြုံသလို ကြုံရတာပါပဲ ဆရာ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ပြီးလျှင် အောအန်လျက်ရှိသော လက်ထောက်မင်းသမီးမြသန်းကြည်ကို ခေတ္တမျှ စောင့်နေလိုက်ကြသည်။

ဂျမဒါ မှူးသာက အငြိမ့်ပိုင်ရှင် ကိုချက်ကြီးကို အားနာဟန်နှင့် ကြည့်လိုက်ပြီးလျှင် . . .

"အေးဗျာ၊ အားတော့နာတယ်၊ သူ့ခမျာ မေ့ဆေးကြောင့် အော့အန်နေရှာတယ်၊ ဒါပေမယ့် သူ့ကို နဲနဲပါးပါး စစ်မေးမှ ဖြစ်မယ်"

"ဟုတ် . . . ဟုတ်ကဲ့ဆရာ၊ မေးကြည့်နိုင်ပါတယ်ဗျာ"

အတန်ကြာစောင့်နေပြီးမှ မြသန်းကြည် သက်သာသွားသဖြင့် မေးဖြစ်သည်။

"ဖြေးဖြေး ပြောပြပါလား မင်းသမီး မြသန်းကြည်ခင်ဗျား"

"ဟုတ်ကဲ့ရှင့် . . . ဒီ ဒီလိုပါ"

ပြီးလျှင် လက်ထောက်မင်းသမီးမြသန်းကြည်က သူမ သိသမျှကို အောက်ပါအတိုင်း မခြွင်းမချန် ပြောပြလိုက်တော့၏။



"ကျွန်မတို့အတွက် ဟိုဦးလေးကြီး တစ်ယောက်က ခရမ်းချဉ်သီးသုတ် လာပို့ပေးလို့ စိန်မြချယ်နဲ့ ကျွန်မတို့နှစ်ယောက် စားမယ်ပြင်နေတုန်း . . . ဖြုန်းဆို . . ."

ဂျမဒါမှူးသာက စီးကရက်ဆစ်လိပ်ကို ရှိုက်ဖွာရင်း စိတ်ဝင်စားဟန်ဖြင့် ခေါင်းညိတ်လိုက်ရာ မင်းသမီးမြသန်းကြည်က ဆက်ပြောပြလေ၏။

"မီးက ရုတ်တရက် မှောင်ကျသွားခိုက် ခန်းထဲမှာ ရုပ်တိုက်သံရှပ်ရှားသံ ကြားလိုက်ရပြီး စူးရှရှ အနံ့ကို ရှူရှိုက်လိုက်ရတာပါပဲရှင်"

"အင်း . . ."

"ကျွန်မ သတိမလစ်ခင်မှာ စိန်မြချယ်ရဲ့ အော်သံ သဲ့သဲ့ကို ကြားလိုက်မိသလိုပါပဲရှင်"

"မှောင်ထဲမှာ ခင်ဗျားတို့ဆီ ဝင်လာတဲ့ လူဟာ ဘယ်နှစ်ယောက်လို့ ခန့်မှန်းမိသလဲ၊ အဲဒါ မင်းသမီးသိသလောက် ခန့်မှန်းပြောကြားပေးပါလားခင်ဗျာ"

ဤတွင် မြသန်းကြည်က မျက်လုံးကလေးများ မှေးစင်း၍ စဉ်းစားထောင်နေသည်။ ပြီးမှ သူမက . . .

"ဟုတ်ကဲ့ . . . ကျွန်မ စိတ်ထင် ပြောရရင် တစ်ယောက်ထက်တော့ ကမယ်မထင်ဘူး" ဟု ဆိုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လားဗျာ၊ ပြန်စဉ်းစားကြည့်ပါဦး"

"ဟုတ်ကဲ့"

ထို့နောက် မြသန်းကြည်က ခေါင်းညိတ်ရင်း . . .

"ခြေသံတွေရဲ့ အနေအထားဟာ တစ်ယောက်ထက် မက တာတော့ သေချာပါတယ်"

ဟု တိတိကျကျ ခန့်မှန်း ပြောကြားလိုက်သည်။

ဂျမဒါ မှူးသာက မြသန်းကြည်ကို စစ်ဆေးပြီးသည်နှင့် အိမ် ပေါ်ထပ်မှ ခြံတွင်း ခြံပြင်အနှံ့ တစ်ကိုယ်တည်း စစ်ဆေးမှုကို ပြုလုပ် နေစဉ်၊ အခြားစုံထောက်များက စစ်မေးသင့် သူများကို ဆက်လက်၍ ခေါ်ယူ စစ်မေးနေပေသည်။

အတန်ညဉ့်နက်မှပင် စုံထောက်အဖွဲ့က ၄င်းတို့ကားဖြင့် ပြန်လည် ထွက်ခွာသွားကြလေ၏။

"မင်းရဲ့ အစီရင်ခံစာအရဆိုရင် ခြေရာ အတော်များများဟာ ခေါင်းရင်းဘက်ခြံစည်းရိုးနားမှာ တွေ့ရတယ်ဆိုတော့ ဒီလူတွေဟာ မင်းသမီး စိန်မြချယ်ကို အဲဒီဘက်ကပဲ ထုတ်သွားတာ ဖြစ်လိမ့်မယ် မှူးသာ"



"သေချာပါတယ်ဆရာ"

"ဘာကြောင့် ဒီလို ပြောနိုင်တာလဲကွာ၊ ဆိုစမ်းပါဦး"

ထိုအခါ ဂျမဒါမှူးသာက ခေါင်းညိတ်လျက် . . .

"ဒီလိုပါဆရာ၊ ခြေရာအားလုံးဟာ ကင်းဘတ်ဖိနပ်ရာတွေ ဖြစ်ပြီး၊ ခြေရာတစ်စုံကတော့ မြေကြီးထဲမှာ တော်တော်လေး နစ်ဝင် နေတာကို တွေ့ မြင်ရပါတယ်" ဟု ဆိုလိုက်၏။

"ဟေ . . . ဒါဖြင့် အဲဒီလူက မင်းသမီးစိန်မြချယ်ကို ထမ်းပိုးသွားတာပဲပေါ့"

"မှန်ပါတယ် ဆရာ၊ သို့ပေမယ့် မင်းသမီး စိန်မြချယ် မရုန်းနိုင်၊ မကန်နိုင်အောင်တော့ အကူအညီ ယူလိမ့်မယ် ထင်တယ်"

"မှန်ပါတယ်၊ ဒါမှ မင်းသမီးဟာ မအော်နိုင်သလို ရုန်းကန်မှု မရှိနိုင်ဘူးပေါ့"

သူတို့နှစ်ဦး ခေတ္တမျှ တိတ်ဆိတ်ကာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

ပြီးလျှင် ဂျမဒါ မှူးသာက ၄င်း၏ အကျႌအိတ်အတွင်းမှ တစ်စုံတစ်ရာကို ရုတ်တရက် ထုတ်ပေးလိုက်သည်။

"ဟာ . . . ဆွဲကြိုးလေးပါလား"

"ဟုတ်ပါတယ် ဆရာ၊ လော့ကက်သီးမှ အက်ခ်ျ ပုံသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



လေး ရေးထိုးထားတာမို့ မင်းသမီးစိန်မြချယ်ရဲ့ ခွဲကြိုးဆိုတာ မပြောဘဲနဲ့ သိနိုင်ပါတယ်"

အိုင်အို နန်းထိုက်က ခွဲကြိုးနှင့် အက်စ်ပုံသဏ္ဍာန် လော့ကက် သီးလေးကို စေ့စေ့စပ်စပ်ဖြင့် စိတ်ဝင်တစား ကြည့်ရှုနေ၏။

ထို့နောက် ၎င်းက . . .

"ကဲ . . . လုပ်စမ်းပါဦး၊ ဒီခွဲကြိုးလေးကို မင်း ဘယ်က ရခဲ့တာလဲ မူးသာ" ဟု မေးလိုက်လေ၏။

"ခေါင်းရင်းဖက် ပုဏ္ဏားရိပ်ပင်တွေ ကြားက တွေ့တာပါဆရာ"

"ခြော် . . . အေးအေး"

အိုင်အိုနန်းထိုက်က ထိုမူးသာ ပြောကာ မူးသာကို စေ့စေ့ ကြည့်နေ၏။

ထို့နောက် သူက . . .

"ကဲ . . . မင်းအနေနဲ့ ငါ့ကို ပြောစရာ ကျန်သေးတယ်လေ၊ ဘယ့်နှယ့်လဲ" ဟု ဆိုလိုက်လေ၏။

ဤတွင် ဂူမဒါ မူးသာက ချက်ဆို နားခွက်က မီးတောက်သွ ပီပီ . . .

"ကျွန်တော်ပြောမလို့ပါဆရာ၊ ဆူဗေဒါ သောကြာ ကိစ္စ မဟုတ်လား" ဟု ဆိုလိုက်၏။

"မှန်တာပေါ့"



"ဟုတ်ကဲ့၊ ညက ဆူဗေဒါ သောကြာခေါင်းဆောင်တဲ့ ဒံ့ထောက်အဖွဲ့ အားလုံး လေးယောက်တိတိကို အရပ်ဝတ် ဝတ်စေပြီး သေဌေးကြီး ဦးသာဖျော အိမ်အနီးမှာစောင့်နေကြဖို့ ဆရာ့အမိန့်အတိုင်း ကျွန်တော် တာဝန်ပေးခဲ့ပါတယ်"

"အင်း . . ."

"ကိစ္စဝိစ္စတွေပြီးလို့ ကျွန်တော်က တာဝန်ကျသူတွေကို ခေါ်ပြီး စစ်ဆေးတဲ့အခါ ဆူဗေဒါသောကြာတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေတာကို သိရပါတယ် ဆရာ"

"ဟေ . . ."

တော်ယုံတန်ယုံ မအံ့သြတတ်သော အိုင်အိုနန်းထိုက် ကိုယ်တိုင်ပင် အံ့ဩမဆည်နိုင်ဖြစ်ကာ မျက်ခုံးများပင့်လျှက် ပါးစပ် သွားရသည်။

ပြီးမှ အိုင်အို နန်းထိုက်က . . .

"စဉ်းစားစရာပဲ၊ ဆူဗေဒါသောကြာဟာ ဘာအတွက် ပျောက် နေတာလဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်သလို ရေရွတ်နေသည်။

"ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာပဲဆရာ"

"ဒါပေမယ့် စဉ်းစာလို့ မရဘူးမဟုတ်လား"

"ဆရာပြောသလိုပါပဲ"

ကျွိ . . . အီ . . . အီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အမြန်နှင်းလာသော ခြေသံနှင့်အတူ ရုံးခန်း ဆင်နွှားရွက်တံခါးက ရုတ်တရက် ပွင့်သွားခဲ့လေ၏။

"ဟာ ကိုထွန်းလင်း"

"ခင်ဗျာ"

အိုင်အို နန်းထိုက်ရော၊ ဂျူမဒါ မှူးသာကပါ စုံထောက် ထွန်းလင်းကို ပျူပျူငှာငှာ ဖိတ်ခေါ်လိုက်ကြသည်။

"ဟုတ်ကဲ့ ဆရာတို့"

စုံထောက် ထွန်းလင်းက ခေါင်းညိတ်လျှက် ထိုမျှသာ ပြောရင်း မောနေဟန်ဖြင့် အသက်ကို ပြင်းပြင်း ရှူရှိုက်နေရှာ၏။

ပြီးမှ ၎င်းက . . .

"ဆူဗေဒါ သောကြာတစ်ယောက် သေနတ်ဒဏ်ရာ ရလို့ ရန်ကုန်ဆေးရုံကြီးမှာ တင်ထားရတယ် ဆရာ" ဟု ပြောလိုက်လေ၏။

"ဟေ . . . "

"ဟာ . . . "

သူတို့ မယုံနိုင်အောင် ဖြစ်သွားကြရသည်။

ပြီး အိုင်အိုနန်းထိုက်နှင့် ဂျူမဒါမှူးသာတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

"တာမွေဂါတ်တဲနဲ့ မလှမ်းမကမ်း တိုက်ပျက်ကြီး တစ်ခုထဲမှာ ဒဏ်ရာနဲ့ သတိမေ့နေတဲ့ ဆူဗေဒါသောကြာကို ပတ္တာရောင် အဖွဲ့က တွေ့လို့ ဖုန်းဆက်တာနဲ့ ကျွန်တော်တို့ လူစု လိုက်သွားပြီး အချိန်မီ



ဆေးရုံ တင်ပေးလိုက်ရတယ် ဆရာ"

"ဒဏ်ရာက ဘာဒဏ်ရာလဲကွ"

"သေနတ်ဒဏ်ရာပါ"

"အို . . . "

"အလို . . . "

"ဆူဗေဒါ သောကြာ သတိမရသေးဘူးလား ကိုထွန်းလွင်"

"ဟင့်အင်း၊ ကျွန်တော် ပြန်လာတဲ့အထိ သတိမရသေးဘူး ခင်ဗျာ"

"ဆေးရုံမှာ ဘယ်သူ့ကို အစောင့် ထားခဲ့သလဲ"

"စုံထောက် ကျော်တင့်ကို ထားခဲ့ပါတယ်"

အိုင်အို နန်းထိုက်က စားပွဲပေါ်မှ ပစ္စည်းအချို့ကို အံဆွဲထဲ ထည့်ကာ သော့ခတ်သည်။

ပြီးမှ ၎င်းက . . .

"မဖြစ်ဘူး မှူးသာရေ၊ ဆေးရုံကြီးကို မင်းနဲ့ ငါကိုယ်တိုင် လိုက်သွားကြည့်မှ ဖြစ်လိမ့်မယ်ထင်တယ်" ဟု ပြောလိုက်၏။

"ဟုတ်ကဲ့ ဆရာ"

ပြီးလျှင် သူတို့ နှစ်ယောက် စုံထောက်ထွန်းလင်းကို ထားခဲ့ကာ ကားဖြင့် ထွက်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မြေအောက်ခန်း တစ်ခန်းပင် ဖြစ်လင့်ကစား ဇိမ်ခံပစ္စည်းနှင့် အထားအသိုများသည် စနစ်တကျ ရှိလွန်းလှသည်ဟု ဆိုရပေမည်။

ညေ့ခန်းမှ လှမ်းမြင်ကြည့်နိုင်သည့် ပတ်ပတ်လည် မှန်လုံ အိပ်ခန်းကြီး တစ်ခန်းလည်း ရှိသည်။

ထိုအိပ်ခန်းထက်ရှိ ကုတင်ကြီးပေါ်၌ ချောမောသော မိန်းမပျို တစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျှက် ရှိနေချေ၏။

ညေ့ခန်းရှိ ဆိုဖာများပေါ်၌ ဝတ်စုံနက်ဝတ် လူအချို့ ရှိနေကြသည်။

ထိပ်ဖက်ရှိအနီရောင် ဆိုဖာခုံ၌ ထိုင်နေသော ပုဂ္ဂိုလ်ကြီးမှာ ထူးထူးခြားခြား ရှိနေပြီးလျှင် ၎င်း၏ ဝတ်စုံနက် ရင်ဘတ်ပေါ်တွင် ရွှေရောင်တောက်နေသည့် ပင့်ကူပုံကလေးကို ရေးထိုးထားရာ မီးလုံး အလင်းရောင်ဖြင့် တလက်လက် တောက်ပနေပေ၏။



"မင်းတို့ တာဝန် ကျေပါပေတယ်အဂ္ဂ၊ အဲဒီအတွက် ငါက မင်းတို့ကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပါမယ်ကွာ ဟဲ ဟဲ ဟဲ"

"ညောင် . . . ဝေါင်"

သူက ထိုသို့ ဆိုလိုက်ပြီးလျှင် ပေါင်ပေါ်မှ ကြောင်နက်ကြီး၏ အမွေးများကို လက်ဖြင့် တယုတယ သပ်ပေးနေသည်။

ဝတ်စုံနက်များကမူ မလှုပ်မယှက်သာ အိနြေ္ဒရရ ထိုင်နေကြပေသည်။

"ကဲ . . . အဂ္ဂ ၊ ငါမှာလိုက်တဲ့ အတိုင်း စိန်မြချယ် ဒဏ်ရာမရဘူးမဟုတ်လား"

"မရပါဘူး ဆရာကြီး၊ ကျွန်တော်ကိုယ်တိုင် ဂရုတစိုက် ပွေ့ချီ ခေါ်လာတာပါ"

"အင်း . . . "

မေ့ဆေးအရှိန်ကြောင့် သူ အခုထိ သတိမေ့ နေတာပါ ဆရာကြီး"

"ဪ . . . အင်း"

ပြီးမှ ဆရာကြီး ဆိုသူက . . .

"ကဲ . . . ဒီအထဲက တစ်ယောက်၊ တို့ရဲ့ ညေ့ခန်းတံခါးကို ပိတ်ပြီး၊ အပေါ်ထပ်က နပ်စ်မလေးကို သွားခေါ်လိုက်၊ စိန်မြချယ်ကို သတိရအောင် အထူးပြုစုစောင့်ရှောက်ပါလို့" ဟု ဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ကဲ့"

ပြောပြောဆိုဆိုပင် ဝတ်စုံနက် တစ်ယောက်က ထိုင်ရာမှ ထသွား၏။

ပြီးလျှင် လျှို့ဝှက်နံရံတစ်နေရာရှိ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ၄င်းတို့ ထိုင်နေသည့် ညှော်ခန်းအနီးမှ အသံများ ထွက်ပေါ်လာ၏။

"ဒရီး . . . ဒရီး"

"ဂျလစ် . . . ဂျစ်"

ချက်ချင်းပင် ညှော်ခန်းအား ကာရံသည့် ပျဉ်ချပ်ထူကြီးများ ရွေ့လျားဝိုင်းပတ်ပြီးသား ဖြစ်နေတော့သည်။

အပြင်ဖက်မှ ကြည့်လျှင် ညှော်ခန်းမှာ ပျောက်ကွယ်နေသော်လည်း ညှော်ခန်းမှ ကြည့်လျှင် မှန်လုံအိပ်ခန်းကို အတိုင်းသား လှမ်းမြင်နေရပေသည်။

စောစောက ထွက်ခွာသွားသည့် ဝတ်စုံနက်ပြန်ရောက်လာပြီး၍ မကြာမီ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော သူနာပြုဆရာမလေး တစ်ယောက်သည် မဝံ့မရဲခြေလှမ်းများနှင့် ရွေ့လျားလာသည်။

သူမလက်ထဲတွင် လူနာအတွက် လိုအပ်သောဆေးနှင့် အသုံးအဆောင်ပစ္စည်းများ ပါရှိလာသကဲ့သို့ သူမ၏ နောက်ဖက်တွင်ကား ဝတ်စုံနက်တစ်ယောက်သည် သေနတ်ဖြင့် ချိန်လျက် လိုက်ပါလာလေ၏။



"ရော့ဟော့ မင်းတို့အတွက် တစ်ယောက် တစ်ထုပ်စီပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာကြီးဆိုသူက စားပွဲအံဆွဲထဲမှ အထုပ်သုံးထုပ်ကို ယူကာ အငွေ့နှင့် သူ့လူများကို တစ်ယောက်တစ်ထုပ်စီ ပေးလိုက်၏။

"စိန်မြချယ် ပျောက်သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန်အနောက်ပိုင်းမှာတော့ အကြော်လေး ဆူပွက်သွားမှာ သေချာတယ်၊ ပုလိပ်တွေ နောက်ယောင်မခံနိုင်အောင် မင်းတို့ ကိုယ်ရှိန်သပ်နေကြပေါ့"

"ဟုတ်ကဲ့ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ညောင်တန်းဆိပ်ကမ်းနှင့် မလှမ်းမကမ်းရှိ နှစ်ဆောင်ပြိုင် အိမ်ကြီး၏ အရှေ့ မြက်ခင်းပြင်တွင် သျှောင်တစ်စောင်းနှင့် လူကြီး တစ်ဦးတွင် ဆေးတံကို ဇိမ်ခံကာ မီးညှိရှိုက်ဖွာလျက် ရှိ၏။

၄င်းထိုင်နေရာ ကွပ်ပျစ်ပေါ်တွင်ကား မြေအကြမ်း ကရားအိုး နှင့် ပန်းကန်လုံးတစ်လုံး ရှိနေလေ၏။

ပုဂ္ဂိုလ်ကြီးမှာ အသက်ခြောက်ဆယ်ခန့်ရှိပြီ ဖြစ်သော်လည်း လက်မောင်း လက်ဖျံများ တုတ်ခိုင်ကာ ပကတိသွက်လက်ဖျတ်လတ် သော အသွင်ကို ဆောင်လျက်ရှိသည်။

အထူးသဖြင့် ၄င်း၏ စူးရှထက်မြက်သော မျက်လုံးအစုံ ဖြစ်ပေသည်။

မျက်လုံးများက သူတစ်ထူး၏ အတွင်းသရုပ်ကို ဖော်ထုတ် နိုင်ယုံမျှ မက အခက်အခဲဟူသမျှကို ရဲရဲရင့်ရင့် ရင်ဆိုင် ဖြေရှင်း တတ်သော သဘောကို ဖေါ်ဆောင်လျက်ရှိသည်။



မကြာမီ ခွေးဟောင်သံ သဲ့သဲ့ကို ကြားရပြီးလျှင် ကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည်နှင့် ယောက်ျားပီသသော ရုပ်ရည်ပိုင်ရှင် လူရွယ် တစ်ယောက်သည် ခြံတံခါးဝ၌ ပေါ်လာလေ၏။

"ဝုတ် . . . ဝုတ်"

"ဝုတ် . . ."

ခွေးဖြူကြီးက လူရွယ်၏ ခန္ဓာကိုယ်ကို ကုတ်ခြစ် တွယ်ကပ်၍ လိုက်ပါလာရာ လူရွယ်က တဟဲဟဲ ရယ်မောရင်း သျှောင်တစ်စောင်း နှင့် လူကြီးရှိရာ ကွပ်ပျစ်သို့ ရှေးရှုလာခဲ့၏။

"ဘယ့်နှယ့်လဲ မောင်ခက်နွယ်၊ ဖေဖေခိုင်းလိုက်တဲ့ကိစ္စ သိခဲ့ ရသလားကွယ့်"

လူရွယ်က . . .

"ဖေဖေ့ မိတ်ဆွေ သိုင်းဆရာကြီး ဦးလောစံဆိုတာ ရှမ်းရွာ မှာနေတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ခရီးထွက်နေလို့ ကျွန်တော်နဲ့ မတွေ့ခဲ့ရပါဘူး" ဟု ပြောလိုက်လေ၏။

"ဩော် . . . ဩော်၊ ဒီလောက်စုံစမ်းနိုင်ရင် တော်လှပါပြီလေ"

မောင်ခက်နွယ်က မြေကရားအိုးထဲမှ ရေနွေးကြမ်းတစ်ခွက် ကို ငှဲ့သောက်လိုက်သည်။

ပြီးမှ သူက . . .

"ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . ဘာလဲကွယ့်"

မောင်ခက်နွယ်က ခါးကြားမှာ ထိုးလာသော သူရိယသတင်းစာတစ်စောင်ကို သျှောင်တစ်စောင်းနှင့် ပုဂ္ဂိုလ်ကြီးအား လှမ်းပေးလိုက်၏။

"သူရိယ သတင်းစာပေကို။ ကောင်းသားပဲ၊ ဖတ်ရတာပေါ့ကွယ်"

အရေးကြီးတဲ့ အကြောင်း။ ပါလို့ ကျွန်တော်ဝယ်လာတာ"

"ဟေ . . . ဟုတ်လား"

ပြောပြောဆိုဆို သတင်းစာကို ဖြန့်၍ ဖတ်ရှုလိုက်သည်။

ထိုအခါ သူရိယသတင်းစာမျက်နှာဖုံးတွင် ခြောက်လိုင်းစာလုံးမည်းကြီးများနှင့် အောက်ပါအတိုင်း ရေးသားထားသည့် သတင်းတစ်ပုဒ်ကို တွေ့ မြင်ဖတ်ရှုရပေတော့၏။

နာမည်ကြီး အငြိမ့်မင်းသမီး ထူးဆန်းစွာ ပျောက်ကွယ်သွားခြင်း။

မတ်လ ၂၀ ရက်။

ကျွန်ုပ်တို့ သတင်းထောက်မှ အထူးစုံစမ်းမှု အရ ယမန်နေ့ညနေ ၁၀ နာရီ အချိန်ခန့်က ရန်ကုန်အနောက်ပိုင်းရပ်ကွက်၌နေထိုင်သော သူဌေးကြီး ဦးသာဗျော၊နှင့် ဇနီးဒေါ်ခင်လှတို့ တိုက်တွင်



အငြိမ့်ကပြ ဖျော်ဖြေရန် ကြိုတင်ရောက်ရှိ တည်းခိုနေကြသည့် "မြသာစည်" အငြိမ့်အဖွဲ့သားများအား အမည်မဖော်နိုင်သည့် လူဆိုးတစ်စုက အလစ်တွင် ဝင်ရောက်စီးနင်းကာ ခေါင်းဆောင် အငြိမ့်မင်းသမီးချောလေးစိန်မြချယ် ကို ဖမ်းဆီးခေါ်ဆောင်သွားကြကြောင်း၊

ယင်းသို့ ဖမ်းဆီးရာ၌ လူဆိုးများက လျှပ်စစ်ခလုတ်ကို လျှပ်တစ်ပြက် ပိတ်ခြင်းဖြင့် မီးမှောင်ချကာ ရုတ်တရက် ဝင်ရောက်ဖမ်းဆီးခြင်း ဖြစ်သည်။

ထူးဆန်းစွာ ပျောက်ဆုံးသွား မင်းသမီးလေး စိန်မြချယ်မှာ မန္တလေးအငြိမ့်လောကတစ်ခွင်တွင် အလွန်ကျော်ကြားသည်သာမက ရန်ကုန်တွင်ပင် အထူးနာမည်ရလာသည့် မင်းသမီးလေးဖြစ်သည်။

သေဌေးကြီးဦးသာဗျော၊ ဒေါ်ခင်လှတို့၏ သားဖြစ်သူ မောင်ဝေလာ၏ မင်္ဂလာဆောင် အထိမ်းအမှတ်အဖြစ် ရောက်ရှိလာရာမှ ယခုကဲ့သို့ လူဆိုးများ၏ ဖမ်းဆီးမှုကို ခံရခြင်း ဖြစ်သည်။

သူဌေးကြီးပိုင် ပစ္စည်းတစ်စုံတစ်ရာကိုမျှ မယူ၊ အခြားလူများအားလည်း ခါးပြတိုက်ခြင်းမရှိသော လူဆိုးများမှာ နားလည်ရခက်သည်ဟု ဆိုရပေမည်။

ပုလိပ်အဖွဲ့ကမူ ဤမျှ အတင့်ရဲသော လူဆိုးများမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် အငြိမ့်မင်းသမီးချောလေး စိန်မြချယ်ကို အမြန်ဆုံးရှာဖွေနိုင်ရန် အမှုတပြင်း စုံစမ်းထောက်လှမ်းလျက်ရှိကြောင်း ကြားသိ

www.burmeseclassic.com

www.burmeseclassic.com



ရပေကြောင်း။

"ဟိုက် . . . ခက်ပြီပေါ့ကွယ်"

သျှောင်တစ်စောင်းနှင့် ပုဂ္ဂိုလ်ကြီးသည် သတင်းစာကို တုန်ရည်သော လက်နှင့်ကိုင်ကာ မျက်စိ မျက်နှာ ပျက်လျှက် စိတ်ပျက်လက်ပျက် ရေရွတ်လိုက်လေ၏။

ပြီးမှ ၎င်းက . . .

"ဒီသတင်းကို ဖတ်မိရဲ့သားနဲ့ လူကလေးက အသေးစိတ်လေ့လာစုံစမ်းမှု မပြုခဲ့ဖူးလားဟင်" ဟု မေးလိုက်၏။

မောင်ခက်နွယ်က . . .

"ဘယ်နေလိမ့်မလဲ ဖေဖေ၊ ရန်ကုန်အနောက်ပိုင်းကျုံးကြီးလမ်းတစ်ဝိုက်မှာ သတင်းအစအနမချန် ကျွန်တော် လိုက်စုံစမ်းတာပေါ့"

"ဒီတော့ . . ."

"သတင်းစာမှာပါတဲ့ အတိုင်းက လွဲပြီး ဘာမှ မထူးခြားပါဘူး ဖေဖေ"

"ဟင် . . ."

သျှောင်တစ်စောင်းနှင့်လူကြီး ငိုင်ကျသွားသည်။

မောင်ခက်နွယ်က အတန်ကြာ စဉ်းစားနေပြီးမှ . . .

"ဖေဖေ၊ ဒီကိစ္စဟာ ဖေဖေ့ကို စိန်ခေါ်တာများလားလို့ ကျွန်တော် တွေးမိတယ်" ဟု ပြောလိုက်လေ၏။



"ဘာ . . ."

ပါးစပ်၌ ကိုက်ထားသည့် ဆေးတံ ပြုတ်ကျသွားမတတ် အံ့အားသင့်ကာ အထက်ပါအတိုင်း ရေရွတ်ရင်း သျှောင်တစ်စောင်းနှင့်ပုဂ္ဂိုလ်ကြီးက မောင်ခက်နွယ်ကို စိမ်းစိမ်း ကြည့်နေလိုက်၏။

"ဒီလိုပါ ဖေဖေ၊ ဖေဖေ့ ရန်သူတော်ကြီးဟာ၊ မင်းသမီးလေး စိန်မြခြယ်ကို ဖေဖေ အရိပ်တကြည့်ကြည့် ရှိနေခဲ့တဲ့ လျှို့ဝှက်ချက်ကို သိသွားပြီး အခုလို . . ."

"ဟုတ်ပြီ . . . ဟုတ်ပြီ လူကလေး ပြောတာ မဆိုးပါဘူး"

သျှောင်တစ်စောင်းနှင့် ပုဂ္ဂိုလ်ကြီးက ထိုသို့ ပြောကခေါင်းတညိတ်ညိတ်နှင့် ရှိနေလေ၏။

ထို့နောက် ခြံအတွင်း၌ ပြေးလွှားဆော့ကစားနေသည့် ခွေးဖြူကြီးကိုကြည့်ကာ စဉ်းစားသလို ငြိမ်သက်နေသည်။

ပြီးမှ ၎င်းက . . .

"အင်း . . . ဒီအတိုင်းမှန်ရင်၊ တို့ လူတစ်ချို့ကို ဒီကိစ္စအတွက် လှုပ်ရှား ခိုင်းရတော့မှာပေါ့ လူကလေးရယ်" ဟု ဆိုလိုက်၏။

ထိုအခါ မောင်ခက်နွယ်က . . .

"ကျွန်တော် အကြံတစ်ခုရတယ် ဖေဖေ"

"ဟုတ်လား၊ ဒါဖြင့် ပြောကွာ"

မောင်ခက်နွယ်က ရုတ်တရက်မပြောသေးဘဲ ရေနွေးကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ကို ငုံ့သောက်လိုက်သည်။

ပြီးမှ သူက သျှောင်တစ်စောင်းပုဂ္ဂိုလ်ကြီးအား နှစ်ကိုယ်ကြား တီးတိုး လေသံနှင့် ပြောလိုက်ရာ လူကြီးမှာ စိတ်ဝင်စားလွန်းသော ကြောင့် မျက်လုံးအရောင်များ တဖိတ်ဖိတ်အရောင်လက်လာပေတော့ သည်။

## အခန်း (၇)

"သေနတ်သံကြောင့် မှောင်မည်းမည်းမှာတင် ကျွန်တော်လဲ သူ့ငွေးကြီးဦးသာဗျော့အိမ်ရှိရာကို ပြေးလွှားသွားခဲ့တယ် ဆရာ"

"ဟုတ်ပြီ၊ ဆက်ပါဦး ဆူဗေဒါ သောကြာ"

"ဒီအချိန်မှာ လူတစ်ယောက်က တစ်စုံတစ်ရာကို ကျောပိုးပြီး သစ်ပင်အောက်မှာ ရပ်ထားတဲ့ မြင်းရထားတစ်စီးဆီကို သွားနေတယ်"

"အင်း . . ."

အိုင်အိုနန်းတိုက်နှင့် ဂျမဒါ မူးသာတို့က စိတ်ဝင်တစား နားထောင်နေကြသည်။

ပြီးမှ ဆူဗေဒါသောကြာက ဆက်ပြောပေသည်။

"ကျွန်တော်က အဲဒီလူဆီကို အမြန်ရောက်အောင် ခုန်ပြီး ပြေးလိုက်တဲ့အခါ မီလုမီခင်မှာ . . ."

"ဟေ . . . အဲဒီမှာ ဘာဖြစ်သလဲ"

"ဆက်ပြောပါ ဆူဗေဒါရာ"

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်နှင့် ဆူပေဒါ သောကြာတို့က အားမယ် အားမရ မေးမြန်းလိုက်ကြသည်။

"ကျွန်တော့်ဘေး ဘယ်ညာ တစ်ဖက်တစ်ချက်စီက ပေါ်လာတဲ့ ဝတ်စုံနက်နှစ်ယောက်က တက်ညီလက်ညီ တိုက်ခိုက်ကြတော့တာ ပါပဲ"

ဤတွင် အိုင်အိုနန်းထိုက်က . . .

"ဟုတ်ပြီ၊ မင်းနဲ့ သူတို့ အဲဒီလို တိုက်ခိုက်နေတော့ တို့ စုံထောက်အဖွဲ့ဝင်တွေက လာမကူဘူးလား၊ ဆူပေဒါ" ဟု မေးလိုက် လေ၏။

ဆူပေဒါ သောကြာက ဦးခေါင်းကို ယမ်းခါလိုက်သည်။

ပြီးမှ ၎င်းက . . .

"ဘယ်မှာလာ ကူညီနိုင်မှာလဲ ဆရာရယ်၊ သူတို့လဲ ဆရာ ကြီးတင် သတိပေးထားတဲ့အတိုင်း မင်းသမီးလေး စိန်မြခြယ်ကို အကူ အညီပေးဖို့ မီးမှောင်နေတဲ့ အိမ်ကြီးဆီ တပြိုင်နက် ပြေးသွားကြ မှာပေါ့" ဟု ပြောလိုက်လေ၏။

ဂျမဒါ မူးသာက . . .

"မှန်ပါတယ်၊ ကျွန်တော်ဆိုရင်လဲ အဲဒီမီးမှောင်နေတဲ့ အိမ်ကြီးကိုသာ အမြန်သွားမှာပါ" ဟု ထောက်ခံ ပြောဆိုလိုက်လေ၏။

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လျက် ဖန်ချိုင့်ထဲမှ ရေ



တစ်ခွက်ကို ခပ်ပေးသည်။

"ရော့ . . . မောနေပြီ၊ ရေလေးဘာလေး သောက်လိုက် ပါဦး"

"ဟုတ်ကဲ့ ဆရာ"

ရေသောက်ပြီးနောက် ဆူပေဒါသောကြာက ၎င်း၏ အတွေ့ အကြုံကို ဆက်လက်ပြောပြန်၏။

"ကျွန်တော်နဲ့ လူနှစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်ရင်း တစ်ယောက်ရဲ့ခြေကန်ချက်ကြောင့် ကျွန်တော် ယိုင်လဲ သွားစဉ်မှာ မောင်းထွက်လို့ အရှိန်ရနေပြီဖြစ်တဲ့ မြင်းရထားပေါ်ကို ဝတ်စုံနက်နှစ်ယောက်က ခုန်တက်လိုက်ပါသွားကြတယ် ဆရာ"

အိုင်အိုနန်းထိုက်နှင့် ဂျမဒါ မူးသာတို့နှစ်ဦးက အထူး စိတ် ဝင်စားခြင်းဖြင့် ဆူပေဒါ သောကြာကို ကြည့်နေကြသည်။

ထို့နောက် အိုင်အိုနန်းထိုက်က မေးသည်။

"ဒီတော့ ခင်ဗျားက ဘာလုပ်သလဲ ဆူပေဒါ သောကြာ"

"အင်း . . . ကျွန်တော်လဲ ထိုးကြိတ်ခံထားရတဲ့ ဒဏ်ရာ တွေနဲ့ မူးနေတဲ့ကြားက မြင်းရထားနောက်ကို အပြေးလိုက်ပြီး အမှောင် ထဲကမှ တဆင့် အားထည့်လို့ မြင်းရထားပေါ် ခုန်တက်လိုက်တော့ တာပေါ့"

"သူတို့ မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ပြန်မကြည့်ဘူးလား"

အိုင်အိုနန်းထိုက်နှင့် ဂျမဒါ မှူးသာတို့ နှစ်ဦးစလုံးက ပြိုင်တူ လိုလို မေးလိုက်ကြသည်။

ထိုအခါ ဆူဗေဒါ သောကြာက . . .

"ဟုတ်ကဲ့ . . . ကံကောင်းတယ်လို့ ပြောရမယ် ထင်ပါရဲ့ ကျွန်တော်ခုန်တက်တော့ သူတို့အားလုံး မြင်းရထားအတွင်းဖက်ကို ရောက်သွားကြပြီလေ" ဟု ဆိုလိုက်၏။

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်သော အခါ ဆူဗေဒါ သောကြာက ၄င်း၏ အဖြစ်အပျက်ကို ဆက်ပြောပြန်သည်။

"ဒီလိုနဲ့ တောက်ကုန်းရပ်ထဲကို မြင်းရထားက ရောက်လာ တယ်၊ မြင်းရထားထဲမှာတော့ မသဲမကွဲ စကားပြောသံတွေ ထွက်ပေါ် နေတယ်၊ ဒါပေမယ့် အဂ္ဂ ဆိုတဲ့ နာမည်တစ်ခုကလွဲလို့ ဘာတစ်ခုမှ သဲသဲကွဲကွဲ မကြားရပါဘူး ဆရာတို့"

"အေးကွာ၊ ကျန်တဲ့ စုံထောက်အဖွဲ့ဝင်တွေဟာ ခင်ဗျားလို အသိဉာဏ်ထက်သန်ပြီး ရဲရင့် [illegible] ဘ်မယ်ဆိုရင် နောက်ကနေ ကြံ့ရာ ကားတစ်စီးစီးနဲ့ လိုက်လာပြီးသားပေါ့"

"ကြာတော့ ကျွန်တော် လက်အံသေလာတယ် ဆရာ၊ အရှိန် ပြင်းပြင်းမောင်းနေတဲ့ မြင်းရထားနံဘေး သစ်သား ရိုတ်ကို ကိုင်ဆွဲ ထားရတဲ့ လက်တွေဟာ ထုံကျင်လာတယ်"

ဂျမဒါ မှူးသာက သက်ပြင်းတစ်ချက် ချလိုက်လေ၏။



"နောက်တော့ လက်ကိုလွှတ်ချလိုက်ပြီး လမ်းပေါ်လွှင့်စင် ကျသွားတယ်"

"အိုး . . ."

"အလို . . ."

"အဲဒီလို ကျတော့ နာကျင်မှုကြောင့် ငြီးငြူသံ အလို အလျောက် ထွက်ပေါ်သွားပါလိမ့်မယ်၊ ဒီမှာတင် သူတို့က မြင်းရထား ပြတင်းပေါက်ကနေ သေနတ်နဲ့ လှမ်းပြစ်ကြတော့တာပါဘဲ"

"အာ . . ."

"အို . . ."

"ကျွန်တော့်စိတ်ထင် သေနတ်သံဟာ သုံးချက်လောက် ဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် တစ်ချက်ကတော့ ကျွန်တော့်ရဲ့ ဘယ်လက်မောင်းမှာ ထိသွားတာပါပဲ"

"အေးလေ၊ စိတ်မပူပါနဲ့ ဆူဗေဒါ၊ ခင်ဗျားရဲ့ ဒဏ်ရာဟာ အရိုးကို မထိဘဲ အသားကိုသာ ပွတ်ကပ်ထိသွားတာလို့ ဆရာဝန်ရဲ့ ဆေးစာမှာ တွေ့ရပါတယ်၊ ဆရာဝန်ကြီးရဲ့ မှတ်ချက်အရဆိုရင် နှစ်ရက် သုံးရက်အတွင်း ဆေးရုံက ဆင်းရမှာပါတဲ့"

"ဒီလို ကြားရတာ ဝမ်းသာစရာပါပဲ ဆရာရယ်၊ ဩော် . . . ကျွန်တော် တစ်ခုပြောဖို့ ကျန်နေတယ်"

"ဘာကိုလဲဗျ"

"ကျွန်တော် မြင်းရထားပေါ်က ပြုတ်ကျသွားတဲ့ နေရာမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေလီယာပန်းခင်း တစ်ခုရှိပြီး အုတ်တံတိုင်းအညိုရောင်ကြီး တစ်ခု ရှိနေတာကိုတော့ သတိမလစ်ခင် အမှတ်ရလိုက်မိတယ်"

"ဟေ . . . ဟုတ်လား"

"ဒီရပ်ကွက်ဟာ တော်ယုံတန်ရုံ ကားအသွားအလာ ကျဲလေတော့ မြင်းရထားဘီးရာတွေဟာ အဲဒီလမ်းတစ်လျှောက်မှာ ရှိနိုင်သေးတယ် ဆရာနန်းထိုက်"

"အင်း . . . မင်းပြောတဲ့အတိုင်း ဖြစ်ပါစေလို့ ငါ ဆုတောင်းပါတယ် မှူးသာ"

ဆူဇေဒါ သောကြာက . . .

"ကျွန်တော့်ဒဏ်ရာတွေ မြန်မြန်ပျောက်ချင်လှပါတယ် ဆရာ၊ ဒါမှ ဒီကောင်တွေနဲ့ပြန်ပြီး တစ်ပွဲတစ်လမ်း တွေ့နိုင်မှာ" ဟု အားမလိုအားမရ ပြောလိုက်လေ၏။

အိုင်အိုနန်းထိုက်က ပြုံး၍ . . .

"မှန်ပါတယ်၊ အားရှိအောင်သာ အားမွေးစမ်းပါ ဆူဇေဒါ သောကြာ" ဟု အားပေးနှစ်သိမ့် လိုက်လေ၏။

ပြီးလျှင် . . . ဆူဇေဒါ သောကြာအတွက် အစောင့်ထားသည့် စုံထောက်များအား မှာကြားသင့်သည်ကို မှာကြားကာ ဂျမဒါ မှူးသာနှင့် အတူ ဆေးရုံကြီးမှ ထွက်ခွာခဲ့လေ၏။

## အခန်း (၈)

"အပင့်"

"အဆုတ်"

"အထိုး"

"အခုတ်"

"ပါယ်"

"ရှောင်"

"တက်"

"ဝိုက်"

"ဟုတ်ပြီ ဟုတ်ပြီ၊ ရပ်တော့"

လူရွယ်က ချွေးတရွှဲရွှဲ ရှိနေသည့် ကြားမှ လေ့ကျင့်ခြင်းကို ယ်ကာ သိုင်းနည်းပြဆရာကြီးအား ခြေစုံရပ်၍ ဂါရဝ ပြုလိုက်လေ၏

"မောင်ချမ်းသာ"

"ခင်ဗျာ၊ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ လေ့ကျင့်မှုတွေဟာ တော်တော်လေး ဗွာန်ကရိုဏ်းကျနေပါပြီ၊ အဲဒီအတိုင်းသာ မှန်မှန်နဲ့ မပြတ်လေ့ကျင့်ပေး"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒါနဲ့ . . . အခုတလော မင်းရဲ့ အစ်ကို မောင်ကျီးညို မလာပါလား"

"ကျွန်တော်ကလဲ ဆရာကြီးကို အဲဒါ မေးမလို့ ခင်ဗျ"

ဆရာကြီးက ပြုံးလိုက်သည်။

ပြီးမှ ၎င်းက . . .

"အလုပ်သိပ်များနေလို့ ထင်ပါရဲ့ကွာ၊ နို့မို့ သူ ရောက်လာမှာပါ" ဟု ဆိုလိုက်၏။

"ဟုတ်ကဲ့"

ထိုခဏမှာပင် ခြံအတွင်းသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ကြရသည်။

ဝင်လာသူမှာ ခေါင်းပေါင်းပေါင်းလျက် လွယ်အိတ်တစ်လုံးကို လွယ်ထားသည့် သူတောင်းစားတစ်ဦးဖြစ်သောကြောင့် ဆရာကြီး ဦးလောစံနှင့်တကွ မောင်ချမ်းသာတို့ပါ အံ့ဩလျက် မမိုတ်မသုံ ကြည့်နေမိကြသည်။

အနီးရောက်လာသောအခါ သူတောင်းစားက နှုတ်ဆက်လိုက်၏။



"ဆရာကြီးနေကောင်းတယ်နော်၊ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"အို . . ."

"အလို . . ."

သူတောင်းစား၏ နှုတ်ဆက်မှုကြောင့် သူတို့ နှစ်ယောက်လုံး အံ့အားသင့်နေစဉ် ထိုလူကပင် ပြောလိုက်လေ၏။

"ကျွန်တော်ပါ ဆရာကြီး"

"ဟေ . . . ခက်နွယ်၊ အဲ အဲ ကျီးညို၊ ကျီးညို ပေးကိုးဒီ ဘယ်သူလဲလို့၊ ကဲ ကဲ လာ ဟေ့ အိမ်ထဲ ဝင်ကြစို့"

ထို့ကြောင့် မောင်ချမ်းသာလည်း ၎င်းတို့နှင့် အတူ တအံ့တဩ နှင့် အိမ်အတွင်းဖက်သို့ လိုက်ပါလာခဲ့ရသည်။

"အံ့ဩနေသလား မောင်ချမ်းသာ"

"ဟုတ် . . . ဟုတ်ကဲ့ အစ်ကို ကျီးညို"

သူတို့အားလုံး ကွပ်ပျစ်ပေါ်၌ ထိုင်မိကြသည်တွင် ကိုကျီးညိုဆိုသူက သိုင်းဆရာကြီး ဦးလောစံအား အောက်ပါအတိုင်း ရှင်းပြလိုက်လေ၏။

ရန်ကုန်အနောက်ပိုင်းက သူဌေးကြီးဦးသာဗျော အိမ်မှာ ညနိုတဲ့ "မြသာစည်" အငြိမ့်အဖွဲ့က ခေါင်းဆောင်မင်းသမီးလေး နန်းမြချယ်ကို လူဆိုးအဖွဲ့ တစ်ဖွဲ့က ဖမ်းဆီးသွားတယ် ဆရာကြီး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စအတွက် လျှို့ဝှက်စုံစမ်းကယ်တင်ဖို့ ဖေဖေက တာဝန်ပေး တာနဲ့ အခုလို . . .”

“ဪ . . .ဪ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဆရာကြီးသဘော ပေါက်ပါ ပြီလေ၊ အခုနတောင် ဟောဒီမောင်ချမ်းသာက မင်းကို မေးနေ တာကွယ့်”

“ဟုတ်လား၊ ဘာလဲ ညီလေး၊ မောင်ချမ်းသာ၊ ရှာကမင်းရဲ့ အဖေနဲ့ အမေကို လွမ်းနေပြီလား”

မောင်ချမ်းသာက ခေါင်းညိတ်သည်။ ပြီးမှ ၎င်းက . . .

“သိပ်လွမ်းတာပေါ့၊ သူတို့ခမျာ၊ ကျွန်တော့်အတွက် တော် တော် စိတ်ပူရှာမှာဘဲ၊ ဒါပေမယ့် ကျွန်တော်က အစ်ကိုချမ်းသာပြော သလို မိဘတွေကိစ္စအတွက် ဆောင်ရွက်စရာရှိနေတယ်ဆိုတော့ သတိရ လွမ်းတဲ့စိတ်တွေကို မေ့ထားလိုက်ပါတယ်လေ”

ဟု အေးအေးဆေးဆေး ပြောလိုက်လေ၏။

“ဒါပေါ့ကွာ၊ ဒါမှယောက်ျားပီသမှာပေါ့၊ ယောက်ျားကောင်း မှန်ရင် သတိရ လွမ်းဆွတ်တဲ့စိတ်တွေကို ဖယ်ထားနိုင်ရမယ်၊ ဒါမှ အာဂယောကျ်ားဖြစ်မှာ”

“ဟုတ်ကဲ့ ဆရာကြီး”

ထို့နောက် ဆရာကြီးက . . .

“မောင်ကျီးညို . . .မင်းအဖေရော နေထိုင်ကောင်းရဲ့လား



ကွယ်” ဟု မေးလိုက်၏။

“ကောင်းပါတယ် ဆရာကြီး၊ ဖေဖေက မှာလိုက်ပါတယ်၊ ဆရာကြီးဆီကို လာမယ့်အပတ်မှာ သိုင်းပညာသင်ရအောင် အဖွဲ့ဝင် သစ်တွေ ပို့ပေးလိုက်မယ်တဲ့”

“ဪ . . . အေး အေး၊ ဒါနဲ့ ရွှေမျှားကိုယ်းရဲ့ကိစ္စတွေ အစ အဆင်ပြေရဲ့လားကွယ်”

“ပြေပါတယ် ဆရာကြီး၊ ပြီးခဲ့တဲ့ သုံးရက်ခန့်က ဗိုလ်တစ် ဆောင်ဆိပ်ကမ်းမှာ မြန်မာ့ရှေးဟောင်းပစ္စည်းတွေ လျှို့ဝှက်ယူဆောင် သွားမယ့် လူဖြူ အစိုးရရဲ့ ပင်လယ်ကူး သင်္ဘောကြီးကို ကျွန်တော်တို့ အဖွဲ့ သန်းခေါင်အချိန်မှာ စီးနင်းတိုက်ခိုက်တာ တော်တော်လေးကို အကျိုးရှိတယ်ဆိုရမှာပါ”

“ကောင်းပါကွာ၊ ဒါမှ မျိုးချစ်ရွှေမျှား အဖွဲ့သားတွေ လက်နက် ကွာပေါပေါများများ ဝယ်နိုင်ကြမှာ”

ထို့နောက်သူတောင်းစားယောင် ဆောင်ထားသော မောင်ကျီး ညိုနှင့် သိုင်းဆရာကြီး ဦးလောစံတို့ နှစ်ယောက်သည် မောင်ချမ်းသာ းမလည်နိုင်သည့် နိုင်ငံရေးကိစ္စများကို ဆွေးနွေးလျှက် ရှိကြသည်။

ထို့နောက် ဦးလောစံက . . .

“အေးကွာ၊ တို့ရဲ့ ရွှေမျှားအဖွဲ့အနေနဲ့ မိမိအမျိုးသားပိုင် ရှေးဟောင်းပစ္စည်းတွေ တိုင်းတစ်ပါး ရောက်မသွားအောင် အတတ် နိုင်ဆုံး အသက်စွန့်ကာကွယ်စွမ်းဆောင်ရပေမှာဘဲ၊ ဒါမှသာ အမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ မျိုးချစ်ပီသပေမှာပေါ့ မောင်ကျီးညို” ဟု ဆိုလိုက်လေ…

“မှန်ပါတယ် ဆရာကြီး ဖေဖေဟာ တစ်ချိန်က သူ့ရဲ့ မိုက်ပြ… မိုက်ကြေးတွေကို ဆေးကြောတဲ့အနေနဲ့ အခုလို မျိုးချစ်လျှို့ဝှက်အ… ဖွဲ့စည်းပြီး ဦးစီးခေါင်းဆောင် တာဝန်ယူနေတာပါ ဆရာ”

“အေးလေ ဆရာကြီးလဲ သိပြီးသားပါ။ ဒါကြောင့်မို့ မှန်မြ… တဲ့ မင်းအဖေရဲ့ လုပ်ငန်းကို အန္တရာယ်များတဲ့ ကြားထဲက အသက်စွ… ပြီး ထက်တွဲလုပ်ကိုင်နေတာပေါ့ကွယ်”

“ဟုတ်ကဲ့ . . . ဒီအတွက် ဖေဖေတင်မကဘူး ကျွန်တော်… မျိုးချစ်တော်လှန်ရေး ရွှေမျှားအဖွဲ့သားတွေအားလုံးက ဆရာကြီးကို… လေးစားချီးကျူးပြီးသားပါ ခင်ဗျာ”

ဆရာကြီး ဦးလောစကကေ ခေါင်းညိတ်လျက် ငွေ၏ ဆေးတံ… မီးညှိဖွာရှိုက်နေသည်။

မီးခိုးများကို မှုတ်ထုတ်ပြီးမှ သူကမေးသည်။

“မင်းအဖေ ပြောတဲ့အတိုင်းဆိုရင် မင်းဟာ ရွှေပင့်ကူဂိုဏ်းသာ… တစ်ယောက်ဖြစ်ခဲ့တယ်ဆို အဲဒီဂိုဏ်းကို ဘယ်ပုံဘယ်နည်း ရောက်သွ… ခဲ့တယ်ဆိုတာ ပြောပြစမ်းပါလား”

“ဟုတ်ကဲ့ ဆရာကြီး”

မောင်ချမ်းသာကမူ စွပ်ကျယ်ကို ချွတ်၍ ချွေးများ ရွှဲနစ်နေ… သည့် သူ့ကိုယ်ခန္ဓာကို ပွတ်တိုက်ရင်း ငြိမ်ငြိမ်သက်သက် နားထောင်… နေသည်။



မောင်ကျီးညိုက မောင်ချမ်းသာကို တစ်ချက်လှမ်းကြည့်ရင်း ပြောပြသည်။

“ဆရာကြီး သိတဲ့အတိုင်း ရန်ကုန်မြို့မှာ ဒုစရိုက်လုပ်ငန်း တော်တော်များများကို ရွှေပင့်ကူဂိုဏ်းက ကျူးလွန်တာချည့်ဘဲလေ”

“အေး . . .”

“သူတို့ဂိုဏ်းဟာ အင်မတန်စည်းကမ်းကြီးသလို ဂိုဏ်းခေါင်း ဆောင်ဟာလည်း အင်မတန် ပါးနပ် ထက်မြက်တာကြောင့် ဖေဖေက သူ့ရဲ့ အတော်ဆုံးလူတွေလွှတ်ပြီး ထောက်လှမ်းစုံစမ်းခိုင်းတယ်”

“ဪ . . . ဪ”

“ဒီမှာတင် ဂိုဏ်းခေါင်းဆောင်ဟာ ဖေဖေ့ ရန်သူတော်ကြီး ဦးကျောက်ခဲဆောင်ဖြစ်နေကြောင်း သိရတော့တာပါပဲ”

“ဆက်ပါဦးကွယ်”

“ရွှေပင့်ကူဂိုဏ်းဟာ တစ်ခါ တစ်ရံ ကျွန်တော်တို့ လျှို့ဝှက် မျိုးချစ်ရွှေမျှားဂိုဏ်း အယောင်ဆောင်ပြီး ဒုစရိုက်မှုတွေကို ပြုလေ့ရှိတာ ဆရာကြီးလဲ အသိပါ”

“ဟုတ်တယ်၊ မအူကုန်းအရပ်က ချစ်တီးယားစိန်တိုက်ကို သူတို့ အနုကြမ်းဝင်စီးရာမှာ တို့ဂိုဏ်းကို ပုလိပ်က ခြေရာခံမိအောင် ရွှေမျှားတံဆိပ်ကို ချခဲ့တာလေ”

“မှန်ပါတယ် ဆရာကြီး ဒါတင်မကဘူး ဂျူဗလီဟောလ်မှာ ပြသထားတဲ့ မိုက်ဆိုးပြည်နယ်စော်ဘွားကြီးရဲ့ ပတ္တမြားကြီးကို မီးမှိတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လုယူသွားရာမှာလည်း ကျွန်တော်တို့ဂိုဏ်းရဲ့ ရွှေမှုန်ဘဲဆိပ်ကို အသုံးချသွားတယ်မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကြောင့် မင်းရဲ့ အဖေ ဆရာကြီး ဦးသံဒိုင်ဏ ဒီဓုစရိုက်ဂိုဏ်းကို အတော် မကျေမနပ် ဖြစ်နေတာပေါ့"

"မှန်ပါတယ် ဆရာကြီး။ ဒါကြောင့်မို့ ဖေဖေက ကျွန်တော်နဲ့ ဆွေးနွေးပါတယ်"

"ဘယ်လို ဆွေးနွေးသလဲ"

"အဲဒီ ရွှေမင်္ဂုဏ်ဂိုဏ်းကြီးထဲကို အသင်းသားတစ်ဦး အဖြစ် လျှို့ဝှက်ဝင်ရောက်ပြီး သူတို့ ဂိုဏ်းအကြောင်းနဲ့ ဂိုဏ်းခေါင်းဆောင် အကြောင်းကို ထောက်လှမ်းစုံစမ်းဖို့ ပေါ့ခင်ဗျာ"

"ဒီတော့ . . ."

"ဒီတော့ . . . ကျွန်တော်က မြေအောက် လောကသား ဓုစရိုက်သမားတစ်ဦးဟန်ဆောင်ပြီး အဖွဲ့သားတွေ မျက်စိကျအောင် ဓုစရိုက်မှုတွေလုပ်၊ ပုလိပ်အဖွဲ့ရဲ့ လိုက်လံ တိုက်ခိုက်ခြေမှုန်းခြင်းကို သက်စွန့်ဆံဖျား ခံရပြီးတဲ့ အခါကျမှ သူတို့ကကျွန်တော့်ကို ဆက်သွယ်ပြီး အသင်းသားအဖြစ်လက်ခံလိုက်တော့တယ်၊ ဒီအခါမှာ ကျွန်တော့် နာမည်ဟာ ကျီးညို ဖြစ်သွားတော့တာပါပဲ" ဟု ဆိုကာ ၄င်း၏ ဖြစ်စဉ်ကို အောက်ပါအတိုင်း ပြောပြလေ၏။

❀

# အခန်း (၉)

ညသည် ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။

ကောင်းကင်တွင် စိန်ကြယ်ပွင့်ကလေးများကသာ တစ်လက်လက် တောက်ပနေကြသည်။

မြစ်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးများက မြတင်းပေါက်မှ တဟူးဟူးတိုးဝင်နေကြသည်။

မြို့တိုသျှ အတွင်းဝန် မစ္စတာသော်မဆင်သည် စားပွဲတွင် အကောင်းစားအရက်ကိုသောက်ရင်း စားပွဲပေါ်ရှိ အဖုံးဖွင့်ထားသော ကတ္တီပါသေတ္တာလေးကို ငေးစိုက်လျက်ရှိသည်။

ဓါတ်စက်မှ ဆန်းမားဟောလီးဒေးဟူသော တေးသံသည် အခန်းတွင်း၌ လွင့်ပျံလျက်ရှိ၏။

ဓါတ်စက်သံနှင့်အတူ အိမ်နောက်ဖက်ဆောင်မှ ငှက်ဖြစ်သူ မေရီ၏ ချက်ပြုတ်မှုမှ ထွက်ပေါ်လာသည့် ညှော်နံ့များကလည်း

www.burmeseclassic.com

www.burmeseclassic.com



သခင်းပျံ့ပျံ့ ရေဖွေးလျှက်ရှိသည်။

"နှိ . . . နှိ . . . နှိ"

တေးသံအလိုက်ကို လေချွန်ရင်း မစ္စတာသော်မဆင်က ကတ္တီပါဖူးထဲမှ အရာဝတ္ထုကို လက်ညှိုးလက်မနှင့် အသာညှပ်ကိုင် လှမ်းယူလိုက်သည်။

ထိုအခါ နီပြာရောင်ဖြင့် အရောင်တဖျပ်ဖျပ်လက်နေသော ကွမ်းသီးလုံးခန့် စိန်တုံးကြီးမှာ မျက်စိကျိန်းမတတ် ရှိနေတော့သည်။

"နိုင်ငံပုန်ကန်မှုနဲ့ ဖမ်းမယ် ဆီးမယ် ချိန်းခြောက်ရာက သီပေါမင်းအနွယ်တော်တစ်ဦး လာဘ်ထိုး ဆက်သတဲ့ စိန်တုံးကြီးဟာ အင်မတန်မက်လောက်ပေတာပဲ၊ ပြင်သစ်ဈေးကွက်ကိုသာ တင်ပို့လိုက်လို့ကတော့ ငွေကြေးအဆမတန်ရမှာ အမှန်ပဲ ဟဲ ဟဲ ဟဲ"

သူက စိန်တုံးကြီးကို နေရာတကျပြန်ထားလိုက်သည်။

နောက် . . . အရက်ခွက်ကို လှမ်းကိုင်လိုက်သည်။

"ချွမ် . . . ဂလွမ်"

"ဂလောင်"

ထိုအခိုက် ချက်ပြုတ်ဆောင်မှ အသံဗလံများ ရုတ်တရက် ထွက်ပေါ်လာသဖြင့် သူထိတ်သွားသည်။

ထို့ကြောင့် ဖန်ခွက်ကို စားပွဲပေါ် ပြန်ချ၊ နေရာမှ ထကာ သူ ထိတ်လန့်စွာ လှမ်းအော်မေးလိုက်သည်။



"မေရီ . . . မေရီ၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲဟင်"

သို့သော် . . . နောက်ဘက်အဆောင်မှ အသံဟူ၍ လုံးဝ ထွက်ပေါ်လာခြင်း မရှိပေ။

"တင်"

ထို့ကြောင့် အာမေဍိတ်သံ ထွက်ပေါ်သွားပြီးလျှင် သူက မီးဖိုဆောင်သို့ အပြေးအလွှား လျှောက်လာခဲ့သည်။

"အီး . . . အိုး"

ထိုအခိုက် . . . နောက်ဘက်အခန်းကြားမှ လက်တစ်ဖက် ထွက်လာကာ မစ္စတာသော်မဆင်လည်ပင်းကို သန်မာစွာ ဖမ်းကိုင် ဖျစ်ညှစ်လိုက်လေ၏။

ထို့နောက် . . . ရှူးရှုပြင်းထန်သော အနံ့အသက်ကို ရှိုက်ရကာ မစ္စတာသော်မဆင်မှာ ချက်ချင်းသတိလစ်မေ့မျော သွားပေတော့သည်။

"အင်း . . . တော်တော်လွယ်တဲ့ ကိစ္စပါလား၊ ဟဲ ဟဲ ဟဲ"

ဝတ်စုံနက်ဝတ်ထားသော အခန်းထဲမှ လူက သတိလစ်နေသော မစ္စတာသော်မဆင်၏ ခန္ဓာကိုယ်ကို ညင်သာစွာ ကိုင်ကာ အခန်းတွင်းသို့ သွင်း၍ ကြမ်းပြင်တွင် ချထားလိုက်လေ၏။

ပြီးလျှင် ထိုဝတ်စုံနက်က အိမ်ရှေ့သို့ လျှောက်သွားကာ ဆောစောက မစ္စတာသော်မဆင်ထိုင်ခဲ့သော ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စိန်တုံးကြီးတစ်တုံး ပိုင်ဆိုင်ဖို့ကိစ္စဟာ ထမင်းစား ရေသောက် သဘောမျိုးလောက်သာပါလား"

ပြောပြောဆိုဆို ဝတ်စုံနက်က စားပွဲပေါ်မှ တဖျပ်ဖျပ် လက်နေသော ကတ္တီပါဘူးလေးဆီသို့ လက်လှမ်းလိုက်သည်။

"ဒေါက် . . ."

"ဒေါက် . . ."

"အလို . . ."

ရုတ်တရက် ဓါးမြှောင်နှစ်ချောင်းက လှမ်းနေသော သူ့လက်နံဘေး တစ်ဖက်တစ်ချက်စီတွင် စိုက်ဝင်လျှက် ခါယမ်းနေရာက သူကထိတ်လန့်စွာ ရေရွတ်လိုက်သည်။

"ဟဲ ဟဲ ဟဲ ဟဲ"

"ဟား ဟား ဟား ဟား"

ချက်ချင်းပင် သူ့နောက်ဘက်မှ ထွက်ပေါ်လာသော လူနှစ်ယောက်က သူ့ဘေးဘယ်ညာမှာ ရပ်လာကြသည်။

ထိုသူများသည်လည်း သူ့ကဲ့သို့ပင် ဝတ်စုံနက်များ ဖြစ်နေကြောင်း တအံ့တဩ တွေ့ရသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ဒီမှာ ကြည့်လေ . . ."

နောက်ရောက်လာသည့် ဝတ်စုံနက်နှစ်ဦးအနက်မှ တစ်ဦးက



သူတို့အင်္ကျီ ဘယ်ဖက်မှ ရွှေရောင်အမှတ်အသားလေးများကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

"ဩ... လက်စသတ်တော့ ရွှေပင့်ကူ ဂိုဏ်းသားတွေကိုး"

"ဘာလဲ . . . မင်းက ရွှေပင့်ကူဂိုဏ်းကို သိလို့လားကွ"

သူက လက်ကို အေးအေးဆေးဆေး ပြန်ရုတ်ကာ အိခြေရံရပင် ပြန်ပြောလိုက်သည်။

"ခုစရိုက်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုသူတိုင်း နာမည်ကြီး ရွှေပင့်ကူဂိုဏ်းအကြောင်းမကြားရင် ခက်သွားမှာပေါ့ဗျာ"

"မင်း မဆိုးဘူး၊ အသိဉာဏ်ရှိတယ်"

"အသိဉာဏ်ရှိသလို ဖြတ်ထိုးဉာဏ်နဲ့ သတ္တိပဲ ရှိတယ် ဆိုတာ ကိုယ့်လူတို့ နားလည်ထားကြပါလေ"

"ဒီမှာ ကိုယ့်လူ၊ တစ်ကိုယ်တော် ကျိုးညိုဆိုတဲ့ ခုစရိုက်သမားကို ငါတို့ ကြားဖူးနေတာ ကြာသလို၊ ခြေရာခံနေတာ ကြာလှပြီလေ"

"ဘာ... ခင်ဗျားတို့က ကျုပ်နာမည်ကို သိပြီး ဖြစ်နေပြီပေါ့ ဟုတ်လား"

"ဟဲ ဟဲ ဟဲ ဟဲ"

"ဟား ဟား ဟား ဟား"

ရွှေပင့်ကူ ဂိုဏ်းသားနှစ်ယောက်က သဘောကျကာ ခပ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်အုပ် ရယ်လိုက်ကြသည်။

ပြီးမှ တစ်ယောက်က . . .

"ကြည့်မြင်တိုင်က ဘဏ်သူဌေးကြီး မစ္စတာဟုပ်ရဲ့အိမ်၊ စက်ဆန်းရပ်က မြူနီစီပါယ်အရာရှိ မစ္စတာ ဆင်မြူရယ်အိမ်နဲ့ ဖယ်ယာလမ်းက ကုလားဆရာဝန် ဒေါက်တာမဂျစ်တို့အိမ်တွေကို တစ်ကိုယ်တော် ဓါးပြတိုက်သွားတဲ့ ကျီးညိုဆိုသူနောက်ကို တို့လိုက်နေတာကွ၊ အခုတော့ မိပြီလေ" ဟု ရှည်လျားစွာ ပြောလိုက်၏။

တစ်ကိုယ်တော်ကမူ အီမြွေရရပင် ငြိမ်သက်စွာ ထိုင်ရင်း စားပွဲပေါ်မှ စိန်တုံးကြီးကို ငေးစိုက်ကြည့်နေသည်။

ပြီးမှ သူက . . .

"နေစမ်းပါဦး။ မင်းတို့က ပုလိပ်ဝန်ထမ်းတွေ မဟုတ်ဘဲ ဘာကြောင့် ငါ့နောက်ကို လိုက်နေရတာလဲ" ဟု ဘုကျကျမေးလိုက်လေ၏။

"အကြောင်းရှိလို့ ဆိုပါတော့လေ"

"ဘာ"

"ဟဲ ဟဲ ဟဲ ဟဲ"

တစ်ကိုယ်တော် ဒေါသဖြစ်နေပုံကိုကြည့်ကာ ကျန်ရှေပင့်ကူ ဂိုဏ်းသားက ရယ်မောလိုက်၏။

သူက လုပ်ရှားရန်အတွက် ခန္ဓာကိုယ်ရှိ အကြောအချဉ်များကို





ပျော့ထားလိုက်သည်။

သို့သော် ရှေပင့်ကူဂိုဏ်းသားတစ်ယောက်က . . .

"ဒီမှာကိုယ့်လူ လှုပ်ရှားဖို့ တိုက်ခိုက်ဖို့ မကြိုးစားပါနဲ့ ငါလဲ မင်းလို တိုက်ခိုက်ရေးသမားတစ်ယောက်ပါပဲ၊ ဒီအချိန်မှာ မလိုအပ်ဘဲနဲ့ မလှုပ်ရှားဖို့ ငါသတိပေးနေတာ" ဟု ခပ်ဆတ်ဆတ် ပြောလိုက်လေ၏။

တစ်ကိုယ်တော်သမားက ပြုံးလိုက်သည်။

ထို့နောက် သူက . . .

"မင်းပြောတဲ့စကားက သတိပေးသလိုလို၊ ထိန်းချုပ်သလိုလို ပါလားကွ၊ ဟဲ ဟဲ ဟဲ" ဟု ရယ်မော ပြောဆိုလိုက်သည်။

"အေး . . . မင်းကြိုက်သလို ယူဆစမ်းပါ၊ ဒါပေမယ့် မင်းကိုလွတ်ထွက်မသွားအောင် ခြံဝင်းထဲမှာပါ တို့ဂိုဏ်းသားတွေ စောင့်နေတယ်ဆိုတာသိထား။ ဒါကြောင့်ပြောနေတာ"

"ပြော . . . ဒီလိုကိုး"

တစ်ကိုယ်တော်က စားပွဲပေါ်တွင် စိုက်ဝင်နေသော ဓါးမြှောင် နှစ်ချောင်းကို အမှတ်မထင် လှမ်းကြည့်လိုက်သည်။

ပြီးမှငင်းက မျက်မှောင်ကျုံ့လျက် . . .

"နေစမ်းပါဦး၊ ရှင်းရှင်းပြောစမ်းပါ၊ မင်းတို့ ရှေပင့်ကူ ဂိုဏ်းက ဒီစိန်တုံးကြီးကို လိုချင်တာမဟုတ်လား" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပင့်ကူ ဂိုဏ်းသားတစ်ယောက်က . . .

"ဟဲ ဟဲ ဟဲ ဟဲ အဲဒီစိန်တုံးကိုရော၊ မင်းကိုပါ တစ်ပါးတည်းပါလာဖို့ တို့ဂိုဏ်းချုပ်က အမိန့်ပေးလိုက်တာကွ၊ နားလည်ရဲ့လား ကိုယ့်လူ"

"မင်းပြောတဲ့ စကားက အမိန့်သံ ဆန်လှချည်လားကွ ဟင်"

တစ်ကိုယ်တော်က ဖျပ်ခနဲ ဘယ်ညာလက်နှစ်ဖက်နှင့် စားပွဲပေါ်မှ ဓါးနှစ်လက်ကို လှစ်ခနဲ လှမ်းဆွဲလိုက်သည်။

"ခုတ် . . ."

"အင့် . . ."

ထိုခဏမှာပင် ခေါင်းထဲ၌ မီးဝင်းဝင်းတောက်သွားပြီးနောက် သတိလစ် လဲကျသွားပေတော့၏။

အခန်း (၁၀)

မည်မျှကြာအောင် သတိလစ်မေ့မျောနေသည်မသိ။

အားစက်သောရေ၏ အတွေ့အထိကြောင့် တစ်ကိုယ်တော် ဘိုးညို တစ်ယောက် လန့်နိုးလာရသည်။

"ဟဲ ဟဲ ဟဲ ဟဲ"

"ဟား ဟား ဟား ဟား"

ရွှေပင့်ကူ ဂိုဏ်းသားများက ဝိုင်းဝန်းရယ်မောလိုက်ကြသဖြင့် ဘိုးညိုက သူ့ဦးခေါင်းကို ခါယမ်းကာ မျက်လုံးများနှင့် ဝေ့ကြည့် လိုက်သည်။

ထိုအခါ အနက်ရောင်ဝတ်စုံနှင့် လူအတော်များများကို တွေ့ရ သည့် မက လူအားလုံးကြား၌ အရပ်ရှည်သည်နှင့်အမျှ ခန္ဓာကိုယ် အတ်နိုင်ကြီးထွားသော လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက သူ့ကို ခပ်တည်တည် ကြည့်လိုက်ပြီးလျှင်

"ဩ . . . မင်း ကောင်းကောင်း သတိရလာပြီကိုး" ဟု ရေရွတ်လိုက်ရာ ကျန်လူအားလုံး ဘေးဖက်သို့ သိသိသာသာ ရှဲကုန်ကြသည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ"

"ဟဲ ဟဲ ဟဲ . . . မင်းလား ရွှေပင့်ကူ ဂိုဏ်းကြီးရဲ့ စခန်းခွဲ တစ်ခုမှာ ရောက်နေတယ် ဆိုပါတော့ကွာ"

ကျီးညိုက ထပ်မပြောတော့ပေ။

သူက မျက်နှာချက်ရှိ အင်္ဂတေနံရံများကိုသာ ငေးကြည့်နေလိုက်သည်။

"ဖြောင်း . . . ဖြောင်း"

လူကြီးက လက်ခုပ် နှစ်ချက်တီးလိုက်သည်။

ထိုအခါ စားပွဲနှင့် စားစရာ သောက်စရာ ပစ္စည်းများ အသင့် ရောက်ရှိလာလျှက် ကျီးညို လဲလျောင်းရာ ခုတင်အနီးတွင် အသင့် ခင်းကျင်း ပြင်ဆင်လိုက်ကြသည်။

ကျီးညိုက နားမလည်သလို ကြည့်နေရာ ဝတ်စုံနက်ဝတ် လူကြီးက . . .

" ဒီမှာ ကျီးညို . . . ငါဟာ ဂိုဏ်းသားအားလုံးမော်ပြီး မကြည့်ရဲတဲ့ ရွှေပင့်ကူ ဂိုဏ်းခေါင်းဆောင်အဲကွ" ဟု သူ့အား



မိတ်ဆက်စကား ပြောကြားလိုက်လေ၏။

"ဩော် . . . ဟုတ်ကဲ့"

ကျီးညိုက ထိုသို့ ပြောကာ ရဲရဲတင်းတင်းပင် ရင်ဆိုင် ကြည့်ရှုနေလိုက်သည်။

ရွှေပင့်ကူ ဂိုဏ်းချုပ်က ပြောသည်။

"ဒီမှာ ကျီးညို၊ ဒုစရိုက်လောကမှာ မင်းရဲ့ လက်သွက် ခြေသွက်ပုံတွေကို ငါတို့ ဂိုဏ်းက သိရှိပြီးနေပြီ၊ ဒီအတွက် တကူး တကာ ထောက်လှမ်းစုံစမ်းပြီး ငါလူတွေကို လွှတ်ဖမ်းခိုင်းရတာပဲ"

"ကျွန်တော်က ခင်ဗျားတို့ ဂိုဏ်းနဲ့ ဘယ်လို ရန်ငြိုးရန်စ ရှိလို့လဲဗျ"

"ကဲ . . . ဒီအကြောင်းကို အေးအေးသက်သာ ပြောကြ တာပေါ့၊ မင်းရဲ့ ခေါင်းကဒဏ်ရာကြောင့် လျှောက်နိုင်မှာ မဟုတ်သေး ပါဘူး။ ဒီတော့ ခုတင်ပေါ်မှာသာ သက်သာသလို ထိုင်ကွာ"

"ဟုတ်ကဲ့"

ကျီးညိုက ထိုင်ရာမှ ထလျှက် ကုတင်ပေါ်မှာ ခြေဆင်း ထိုက်လိုက်သည်။

ရွှေပင့်ကူ ဂိုဏ်းချုပ်ကလည်း စားပွဲဘေးရှိ အသင့်ရှိနေသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"ခေါင်းကိုက်တာလောက်ပဲရှိမှာပါ၊ ဒီတော့ စားနိုင်တာစား

www.burmeseclassic.com



သောက်နိုင်တာသောက်ပါ ကျီးညို"

"ဟုတ်ကဲ့"

သို့သော် . . . ကျီးညိုက မည်သည့် အစားအစာကိုမျှ မစားဘဲ စီးကရက်ဗူးထဲမှ ဆေးလိပ်တစ်လိပ်ကို ယူကာ မီးညှိရှိုက်ဖွာနေလိုက်သည်။

ဤတွင် ရွှေပင့်ကူဂိုဏ်းချုပ်က အရက်တစ်ငုံသောက်ပြီးနောက် စတင်ပြောကြားလေ၏။

"မင်း သိတဲ့ကြားတဲ့အတိုင်းပဲလေ၊ ငါတို့ရဲ့ ရွှေပင့်ကူဒုစရိုက်ဂိုဏ်းကြီးဟာ မြေအောက်လောကမှာ ဘယ်လောက်အထိ ဩဇာအာဏာအရှိန်အဝါ ကြီးမားတယ်ဆိုတာ"

ကျီးညို ခေါင်းညိတ်ထောက်ခံရင်း . . .

"ကျွန်တော် ကြားဖူးနေပါတယ်" ဟု ဝန်ခံစကား ပြောကြားလိုက်လေ၏။

"အေး . . . အဲဒီလို အရှိန်အဝါကြီးမားတာဟာ ငါ့ရဲ့ အမြော်အမြင်၊ ဉာဏ်ပညာနဲ့ သတ္တိရှိပဲ့ လက်ရွေးစင် ဂိုဏ်းသားတွေကြောင့်ပဲကွ"

"မှန်ပါတယ်"

"မင်း သိအောင် ပြောရမယ်ဆိုရင်၊ ငါ့ ဂိုဏ်းရဲ့ ဂိုဏ်းသားတကာယ့်သတ္တိရှင်တွေကို ငါကိုယ်တိုင်ရွေးချယ်ပြီး မရရတဲ့နည်းနဲ့



စည်းရုံးတာကွ"

ကျီးညိုက ငြိမ်ငြိမ်သက်သက် နားထောင်နေသည်။

ပြီးမှ ဂိုဏ်းချုပ်က . . .

"ငါဟာ စည်းကမ်းကို အထူးလေးစား တန်ဖိုးထားတဲ့အတွက် စည်းကမ်းဖောက်ဖျက်တဲ့ ဂိုဏ်းသားဆိုရင် ဘယ်တော့မှ သက်ညှာမှု မပေးဘဲ ခုံးမတတ်တယ်" ဟု စေ့စေ့ကြည့်၍ ပြောလိုက်လေ၏။

ဤတွင် ကျီးညိုက မထီလေးစားဟန်ဖြင့် မှုန်းများကို ကျုံ့လိုက်၏။

"ရှင်းရှင်းပြောရရင် မြေအောက်လောကမှာ **တစ်ကိုယ်တော်** စွန့်စားပြီး၊ ရာဇဝတ်မှုတွေ ကျူးလွန်နေတဲ့ မင်းရဲ့သတင်းကို **ငါ[illegible]** ဖြစ်နေတယ် ကျီးညို"

"ဟုတ်ကဲ့"

"ဒီတော့ မင်းကို မရ ရတဲ့နည်းနဲ့ ခေါ်လာပြီး၊ အသင်းဝင်အဖြစ် ခေါ်ဩဖို့ပဲ၊ အဲဒါ ဘယ်လို သဘောရသလဲကွ ဟင်"

ကျီးညိုက မျက်မှောင်ကျုံ့လျက် . . .

"ဒါနဲ့ . . . ကျွန်တော့်ရဲ့ စိန်တုံးကြီးကို ပြန်ပေးဖို့ **စိတ်ကူး**ရဲ့လားဗျ" ဟု ရှုသိုသိုး မေးလိုက်လေ၏။

"ဟဲ ဟဲ ဟဲ . . . ဒါကတော့ကွာ၊ သူခိုးလက် သူဝှက်သုဆိုတာလို ဒုစရိုက်လောကမှာ ဒီကိစ္စမျိုးဟာ သိပ်တော့ ဆန်းလှ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးလေ"

"ကျွန်တော့် စိန်တုံးကို ပြန်ပေးမလား"

ကျိုးညိုက ဒုတိယအကြိမ် ထပ်မံမေးလိုက်ပြန်သည်။

ရွှေပင့်ကူဂိုဏ်းချုပ် ဦးကျော်ဆောင်ဆိုသူက မဖြေပါ။ အရက်ခွက်ကို လှမ်းယူ၍ တစ်စိမ့်စိမ့် ဇိမ်ခံသောက်နေလိုက်သည်။

ပြီးမှ ၎င်းက . . .

"အင်း . . . မင်းက ဒီကိစ္စကိုသာ ထပ်မေးနေသကိုး။ ကောင်းပြီလေ၊ တစ်ခုခုလုပ်ကြတာပေါ့" ဟု ဆိုလိုက်လေ၏။

"ဘယ်လို လုပ်မှာလဲ"

ထိုအခါ ဂိုဏ်းချုပ်က . . .

"မင်းနဲ့ ငါ့ဂိုဏ်းက လူတစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ပါ။ နိုင်ရင် မင်းရဲ့ စိန်တုံးကြီးကို ပြန်ပေးမယ်လေ" ဟု ဆိုလိုက်လေ၏။

"ကောင်းပါတယ်"

"ဂိုဏ်းဝင်အဖြစ် မင်းဆုံးဖြတ်မယ့် ကိစ္စကရော ဘယ်လိုလဲဟေ့"

ကျိုးညိုက မဲ့ပြုံး ပြုံးလိုက်သည်။

ပြီးမှ ၎င်းက . . .

"ကောင်းပြီဗျာ၊ အဲဒီယှဉ်ပြိုင်ပွဲမှာ ကျွန်တော်နိုင်ရင် စိန်တုံးကြီး ရပြီးတာနဲ့ ရွှေပင့်ကူဂိုဏ်းသားအဖြစ် ဆောင်ရွက်မယ်၊ ဘယ့်နှယ်လဲ"



ဟု ရဲရဲတင်းတင်း ဆိုလိုက်လေ၏။

ဂိုဏ်းချုပ်က . . .

"သိပ်တော့ လွယ်မယ်မထင်ဘူးနော်၊ ဘာကြောင့်လဲဆိုရင် မင်း တိုက်ခိုက်ရမယ့် လူက အင်မတန် သွက်လက် ဖျတ်လတ်ပြီး အသတ်အပုတ် ကျွမ်းကျင်သူဖြစ်လို့ဘဲ၊ ဩ . . . သူ့နာမည်လဲ မှတ်ထားဦး၊ အဂ္ဂတဲ့လေ" ဟု ဆိုလိုက်လေ၏။

"အဂ္ဂ . . ."

ကျိုးညိုက အထက်ပါအမည်ကို တစ်လုံးချင်း ရေရွတ်ပြီးနောက် ရဲရဲတင်းတင်းစိုက်ကြည့်နေလိုက်သည်။

ထို့နောက် . . . ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက . . .

"တကယ်လို့ ယှဉ်ပြိုင်ပွဲမှာ မင်းရှုံးခဲ့ရင်ကော . . ."

ဟု ဆိုကာ မျက်စိမှေး၍ အကဲခတ်ကြည့်နေလိုက်သည်။

ထို့အတွက် ကျိုးညိုက အောက်ပါအတိုင်း မဆိုင်းမတွ ပြော လိုက်သည်။

"ကျွန်တော်ရှုံးခဲ့ရင် ခင်ဗျားတို့ ကြိုက်သလိုသာ လုပ်ကြပါလေ၊ ကျွန်တော် ယောကျ်ားတစ်ယောက်ပါ။ သတ္တိရှိပါတယ်"

ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်သည်။

ပြီးလျှင် ၎င်းက အရက်ခွက်ကို လက်စသတ်၍ စမြုံ့ခဲ တစ်လုံးကို ကိုက်ဝါးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူက . . .

"ယှည့်ပြိုင် တိုက်ခိုက်ပွဲမှာ ရှုံးနိမ့်လို့ ဂိုဏ်းအတွက် အသုံး မကျတော့တဲ့လူ၊ ဂိုဏ်းအပေါ်မှာ သစ္စာဖောက်တဲ့လူတွေကို ငါ ဘယ်လို ဆုံးမတတ်တယ်ဆိုတာ မင်းကို နမူနာ ပြရသေးတာပေ ကဲ . . . ကြိုးစားပြီး နဲနဲလျှောက်လိုက်" ဟု ဆိုလိုက်လေ၏။

"ကောင်းပါပြီ"

ချက်ချင်းနေရာကထထွက်လာသော ဂိုဏ်းချုပ်နောက်ပါး ကျီးညိုက ခပ်ဖြေးဖြေး လိုက်ပါလာခဲ့သည်။

ခပ်စောစောက တွေ့ မြင်ရှသော ရွှေပင့်ကူဂိုဏ်းသား ဝတ်စုံ နက်များမှာ ယခုအခါ ကြက်ပျောက်ငှက်ပျောက် ပျောက်သွား ရှိသည်ကို ကျီးညိုတစ်ယောက် သတိပြုလိုက်မိသည်။

ဆောင်ကူးလမ်းကြားတစ်ခုကို ဖြတ်ပြီးနောက်၊ သစ်သားစည် များထားရာအခန်းတစ်ခု ရှေ့သို့ရောက်သောအခါ ဂိုဏ်းချုပ်က တန်းခနဲ ရပ်လိုက်သဖြင့် ကျီးညိုလည်း ရပ်လိုက်ရလေ၏။

"ဂလောက်"

နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်တွင် အခန်းထဲ မီးချောင်းက ထိန်လင်းသွားပေ၏။

"ကျွန် . . . ကျွန်တော် . . . နောက် . . . နောက် . . . ဒီလို မလုပ်တော့ပါဘူး ဆရာကြီးရယ်၊ ကျွန် ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ နော် . . . အီး အဟီး ဟီး"



အခန်းထောင့်ရှိ ဝတ်စုံနက်နှင့်လူတစ်ယောက်မှာ ဖီးလင်း သွားသည်နှင့် တပြိုင်နက် အရူးတစ်ယောက်ကဲ့သို့ နေရာမှ ဝုန်းခနဲ ထကာ အခန်းအပြင်ဘက်ရှိ ဂိုဏ်းချုပ်ကြီးထံသို့ သံတိုင်ကြားမှ လက်လှမ်း၍ အသနားခံလိုက်ရှာလေ၏။

"ဟား ဟား ဟား ဟား"

သို့သော် . . . ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက ဦးခေါင်းယမ်းခါ လျက် ဟက်ဟက်ပက်ပက် ရယ်မောနေလေ၏။

"အီး . . . ဟီး . . . ဟီး"

စိတ်ပျက်အားလျော့သွားပုံရသော အကျဉ်းသားမှာ ကြမ်းပြင် ပေါ်သို့ ဖင်ထိုင်ချလိုက်စဉ် ရွှေပင့်ကူဂိုဏ်းချုပ်က နံရံပေါ်မှ လျှို့ဝှက် ခလုတ်တစ်ခုကို ဆတ်ခနဲ နှိပ်လိုက်ပြန်လေ၏။

"ခလောက်"

ထိုအခါ လူတစ်ရပ်သာသာရှိ နံရံတွင် အပေါက်တစ်ပေါက် ပွင့်သွားသည်ကို ကျီးညိုတွေ့လိုက်ရသည်။

ထိုအပေါက်သည် လက်သီးဆုပ်ပမာဏမျှရှိ၍ ဝလုံးသဏ္ဌာန် ပေါက်ရှိသည်။

ကျီးညိုက သေသေချာချာ စိုက်ကြည့်နေစဉ်မှာပင် ထိုဝလုံး သဏ္ဌာန်အပေါက်ဝ၌ ရွှေရောင်အရာဝတ္ထုလေးတစ်ခုကို ပြူစ်ခနဲ ထွက် မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းအရာဝတ္ထုလေးသည် လေးပေအကွာခန့်ရှိ အကျဉ်းသား ထံသို့ ရွှေချည်မျှင်တန်းတစ်ခု ဖြစ်စေလျက် လျှပ်တစ်ပြက် ခုန်လွှား သွားး၏။

"အား . . . အမလေး၊ လုပ် လုပ် ကြပါဦး၊ ရွှေ ရွှေ ပင့်ကူကြီးဗျ"

အကျဉ်းသားမှာ အဆိပ်ပြင်းထန်ပုံရသော ရွှေပင့်ကူကြီး၏ ကိုက်ခဲမှုကြောင့် နာကျင်လှစွာဖြင့် ကြမ်းပြင်တွင် လူးလိမ့် အော်ဟစ် နေရှာလေ၏။

"ဟဲ ဟဲ ဟဲ ဟဲ"

ကျီးညိုကမူ မြင်ကွင်းကို သဘောကျစွာ ကြည့်ရင်း ရယ်မော နေသော ရွှေပင့်ကူ ဂိုဏ်းခေါင်းဆောင်နှင့်အတူ ရပ်ကြည့်နေမိသည်။

"အီး . . . အား"

အကျဉ်းသားမှာ ကြောက်စရာအသံနက်ကြီးနှင့် အော်ဟစ် ကာ လုံးဝ ငြိမ်သက်သွားတော့သည်။

ထိုအခါ . . . အကျဉ်းသား၏ အမဲရောက်ဆံပင်များကြား ရွှေရောင်ပင့်ကူကြီးသည် ရွှေရောင်တန်းတစ်ခုကို ထုတ်လွှတ်ကာ မူလ အပေါက်ကြီးဆီသို့ လွှားခနဲ ခုန်ဝင်ထွက်ခွာသွားလေ၏။

"အင်း . . . ရွှေပင့်ကူကြီးက အကျဉ်းသားရဲ့ ဦးခေါင်းကို ကိုက်ခဲပြီး သူ့အဆိပ်တွေ ထုတ်လွှတ်ခဲ့လေသကိုး"

ကျီးညိုက ရေရွတ်လိုက်ရာ ရွှေပင့်ကူဂိုဏ်းချုပ်ကခေါင်းညိတ်



လျက် နံရံပေါ်ရှိ ခလုပ်များကို ပြန်လည်၍ နှိပ်လိုက်လေ၏။

"ဂလောက်"

"ခလောက်"

မီးက မှိတ်သွားသည်။

အသံဗလံများက မူလအတိုင်း ပြန်လည် တိတ်ဆိတ် သွားသည်။

ဤတွင် ဂိုဏ်းချုပ်က ယခင်စားပွဲရှိရာသို့ လျှောက်လာရင်း ကျီးညိုကို ရှင်းပြသည်။

"ဒီပင့်ကူမျိုးတွေဟာ အာဖရိကတိုက် မာဂါဒါဝီဆိုတဲ့ လူရိုင်း တွေဒေသမှာသာ ရှိတတ်ပြီး၊ အင်မတန် အဆိပ်ပြင်းတာကလား"

ကျီးညိုက လမ်းလျှောက်ရင်း ငြိမ်ငြိမ်သက်သက် နားထောင် နေသည်။

"အဲဒီဒေသမှာ အင်မတန် အဆိပ်ပြင်းတဲ့ ပင်လယ်ဂဏန်း နီးပါး ပုရွက်ဆိတ်နီကြီးတွေလဲ ရှိတယ်လေ"

"ဟုတ်ကဲ့"

"ပုရွက်ဆိတ်နီကြီးတွေက၊ အုံနဲ့ကျင်းနဲ့ နေပြီး၊ ရန်သူကို စုဝေး တိုက်ခိုက်ကြပေမယ့်၊ ရွှေပင့်ကူကတော့ တစ်ကိုယ်တော် တိုက်ခိုက်ရေးသမားလို့ ဆိုရမှာဖြစ်တယ်"

ကျီးညိုက စိတ်ဝင်စားလျက်မှ ခေါင်းညိတ်လိုက်သည်။

စားပွဲဆီသို့ ရောက်လာပြီဖြစ်သောကြောင့် အကောင်းစား

www.burmeseclassic.com

www.burmeseclassic.com



အရက်ပုလင်းကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဆွဲယူကာ ဖန်ခွက်နှစ်လုံးတွင် အနေတော် ငုံ့ထည့်လိုက်သည်။

"ဦးနှောက်ကြည်သွားအောင် တစ်ခွက်လောက်တော့ သောက်လိုက်ပါ ကျီးညို"

"ဟုတ်ကဲ့"

ထို့နောက် . . . ဂိုဏ်းချုပ်ကြီး ဆက်ပြောသည်။

"တစ်ခါတစ်ရံ အဲဒီအာဖရိကတိုက် လူ့ရိုင်းဒေသမှာ ရွှေပင့်ကူကြီးတွေနဲ့ ပုရွက်ဆိတ်နီကြီးတွေ တိုက်ခိုက်ကြရာမှာ တောင်ပို့တွေ ပြိုကျတာကြောင့် အသွားရ အလာရခက်ပြီး လူရိုင်းတွေတောင် ရွာအပြောင်းအလဲ လုပ်ကြရတယ်ဆိုပဲ"

"အင်မတန် ကြောက်စရာပါလား"

"နောက်ဆုံးမှာတော့ ဒီရွှေပင့်ကူကြီးတွေကသာ အောင်ပွဲခံတာ ချည်းပါပဲလေ၊ ဒါကြောင့်လဲ မြေအောက်လောကမှာ ကျူပ်ခေါင်းဆောင်ပြီး ဒုစရိုက်ဂိုဏ်းဖွဲ့တဲ့အခါ တိုက်ခိုက်ရေးသမားကြီးတွေဖြစ်တဲ့ ရွှေပင့်ကူကြီးတွေကို အစွဲပြုပြီး "ရွှေပင့်ကူဂိုဏ်း"လို့ အမည်မှည့်ခေါ်ခဲ့တာပေါ့"

ကျီးညိုက ခေါင်းညိတ်လျက် စားပွဲပေါ်မှ အရက်ခွက်ကို ယူကာ တစ်ရှိန်ထိုး မော့သောက်လိုက်လေတော့၏။

## အခန်း (၁၁)

ကျယ်ဝန်းသော မြေအောက်အလုံခန်းအတွင်း၌ ရွှေပင့်ကူ ...တ်သားများသည် ခုံ၍ဝိုက်ထားသော ထိုင်ခုံများပေါ်၌ အိပ်ခွေ့ရရ ...နေကြသည်။

ကွင်းပြင်သဏ္ဍာန် ကွက်လပ်၏ အပေါ်ဖက်၌ကား မီးဆိုင်း ...ရှိလျက် ထိုမီးဆိုင်းကြီးမှ ထိန်လင်းသော အလင်းရောင်များ ...ထွက်နေ၏။

မကြာမီ အရှေ့ဖက်ဆုံး ညာဖက်ထောင့်ရှိ ထိုင်ခုံမြင့်ကြီး၌ ...နေသည့် ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက အောင်မြင်သော အသံကြီး ... ပြောကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု တိုက်ခိုက်ကြမယ့်၊ လူနှစ်ယောက်ကတော့ ကျုပ် ညာလက်ရုံးဖြစ်တဲ့ အဂ္ဂနဲ့ ဒုစရိုက်လောကမှာ တစ်ကိုယ်တော် ဒုစရိုက်သမားလို့ နာမည်ကြီးနေတဲ့ ပတ္တမြားကျိုးညိုခေါ် တစ်ကိုယ်တော် ကျိုးညိုတို့ပဲ ဖြစ်ပါတယ်"

အပ်ကျသံ ကြားရမတတ် လွန်စွာ တိတ်ဆိတ်လျှက် ရှိသည်

"သူတို့နှစ်ယောက်မှာ ရှုံးနိမ့်သူဟာ ရွှေပင့်ကူရဲ့ ဆုံးမခြင်း မှချခံရမှာဖြစ်လို့ အနိုင်မခံ အရှုံးမပေး တိုက်ခိုက်ကြမှာ ဖြစ်တယ် ဒီတော့ . . . စိတ်ဝင်စားစရာကောင်းလှတဲ့ ဒီယှဉ်ပြိုင်ပွဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကြည့်ရှုကြပါလို့ ကျုပ်ပြောချင်ပါတယ်"

စကားဆုံးသည်နှင့် ရွှေပင့်ကူဂိုဏ်းချုပ်က လက်ကာပြလိုက် ကွက်လပ်ရှာန် ကျယ်ဝန်းသောအခန်း၏ တစ်ဖက်တစ်ချက် အခန်းတံခါးရွက်များ ပြိုင်တူလိုလို ပွင့်ထွက်သွားကြလေ၏။

ညာဖက်မှ လျှောက််မ်းလာသူမှာ ရွှေပင့်ကူဂိုဏ်းသား ဂိုဏ်းချုပ်၏ညာလက်ရုံး အဂ္ဂ သူဖြစ်လျှက် ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

အထူးသဖြင့် ၄င်း၏ရင်ဘတ်မှ ရွှေပင့်ကူရုပ်၏ သဏ္ဍာန်မှာ မီးရောင်ဖြင့် တဖျပ်ဖျပ်လက်လျှက် အသက်ဝင်နေသကဲ့သို့ ရှိနေလေ၏။

ဘယ်ဘက်အခန်းမှ ... ထွက်လာသူကား ပတ္တမြားကျိုးညိုခေါ်



တစ်ကိုယ်တော်ကျိုးညိုပင် ဖြစ်၏။

သူက . . . အဖြူရောင်ဝတ်စုံကို ချပ်ချပ်ရပ်ရပ် ဖြစ်အောင် ဝတ်ဆင်ထားသည်။

၄င်းတို့နှစ်ဦး ကွင်းအလယ်ဗဟိုသို့ ရောက်လာသောအခါ ပွဲကြည့်ပရိတ်သတ်ထဲမှ ဒိုင်လုပ်မည့်သူတစ်ဦးက ကွင်းလယ်သို့ ဝင် ရောက်သွားခဲ့၏။

အဂ္ဂနှင့်ကျိုးညိုတို့ မျက်နှာချင်းဆိုင် ရပ်လိုက်စဉ် ဒိုင်ဖြစ်သူက အလယ်တွင် ဝင်ရပ်လျှက်မှ . . .

"ခင်ဗျားတို့ အနေနဲ့ ကြိုက်သလို လက်နက်မဲ့ အစွမ်းကုန် တိုက်ခိုက်နိုင်ပါတယ်၊ တကယ်လို့ ကျုပ်တို့ရဲ့ ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက သေနတ်ဖေါက်ပြီး အချက်မပေးဘူးဆိုရင် အသေသတ်မယ်ဆိုရင်တောင် သတ်နိုင်ပါတယ်"ဟု ပီပီသသပြောလိုက်လေ၏။

ပြီးလျှင် . . . နှစ်ယောက်စလုံး၏ ခန္ဓာကိုယ်၌ ဝှက်ယူလာသော လက်နက်များ ပါမပါ ထိုဒိုင်လူကြီးက အတန်ကြာမျှ စေ့စေ့ စပ်စပ် စမ်းသပ်ရှာဖွေသော်မှ မတွေ့လေ၏။

ပရိသတ်များထဲမှ စိတ်ဝင်စားလွန်းသဖြင့် အသက်ပြင်းပြင်း ရှူသံများ၊ လေပူမှုတ်ထုတ်သံများ၊ ချောင်းဆိုးသံများ အစရှိသည် ထွက်ပေါ်လာသည်။

အဂ္ဂနှင့် ကျိုး_ ိ ပြန်လည်၍ ရင်ဆိုင်မိကြသောအခါ

www.burmeseclassic.com



ဗိုင်လူကြီးက လက်ကိုင်ပုဝါတစ်ထည်ကိုထုတ်လျှက် အလယ်တွင် ရပ်နေရာမှ . . .

"ကဲ . . . စလို့ ရပြီ"

ပြောပြောဆိုဆို ပုဝါကို ဝှေ့ယမ်းအချက်ပြပြီးလျှင် ၄င်း၏ မူလထိုင်ခုံရှိရာသို့ ပြန်သွားလေတော့၏။

အဂ္ဂနှင့် ကျီးညိုတို့ကား အလုံးအထည်၊ အရပ်အမောင်း မတိမ်းမယိမ်းရှိယုံမျှသာမက မသက်အရွယ်ချင်းလည်း ကွာခြားမှု သိပ်မရှိလှပေ။

ထို့ကြောင့် ပွဲကြီးပွဲကောင်း တစ်ပွဲကြည့်ရမည်မှာ သေချာ ကြောင်း ပရိသတ်များအကဲခတ်မိကြသည်။

"အဲဒီနေရာပဲဆရာ"

"ဟုတ်လား"

"ကျွီ . . . ကျလိ"

ဂျမဒါမှူးသာက ကားကိုထိုးရပ်လိုက်သည်။

ထို့နောက် . . . ဆူဗေဒါသောကြာနှင့်အတူ ကားတံခါးဖွင့် ဆင်းလိုက်ကြသည်။



"ဒီနေရာမှာ ခင်ဗျားခုန်ဆင်းတာနော်၊ သေချာရဲ့လားဗျ ဆူဗေဒါ"

"သေချာပါတယ် ဆရာ၊ ဟိုမှာကြည့်ပါလား၊ ကျွန်တော် ပြောတဲ့ တံတိုင်းအညိုရောင်၊ ဟော ဟော၊ ဒီဖက်မှာ ကြည့်လိုက်ပါဦး။ ဒေလီယာပန်းခင်းကြီး"

ဆူဗေဒါသောကြာက ဝမ်းပန်းတသာ ပြောလိုက်ရာ ဂျမဒါ မှူးသာက လမ်းကလေးအခြေအနေနှင့် ပတ်ဝန်းကျင်အခြေအနေကို ဝေ့ဝဲအကဲခတ်လိုက်သည်။

ပြီးမှ ၄င်းက . . .

"လမ်းကပီပီပြင်ပြင် မဟုတ်ဘူး၊ မြက်ခင်းလမ်းကလေးပဲ" ဟုပြောလိုက်၏။

"မှန်ပါတယ်ဆရာ"

"ကဲ ခင်ဗျား ကားထဲမှာ ခဏနေခဲ့ဦး၊ မြင်းရထားဘီးရာတွေ ထင်နေလိုထင်နေငြား ကျွန်တော် လေ့လာကြည့်ဦးမယ်"

"ဟုတ် . . . ဟုတ်ကဲ့"

ဂျမဒါမှူးသာက ကားနားမှ ခွာကာ မြက်ခင်းလမ်းတစ်လျှောက် စေ့စေ့စပ်စပ် ကြည့်ရှုလာခဲ့သည်။

လမ်းမှာ မြက်ပင်များ ပေါက်ရောက်နေသည်မှာ မှန်သော်လည်း မြေမာဖြစ်နေသောကြောင့် မြင်းရထားဘီးရာကို ရှာဖွေမတွေ့အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရသည်။

သို့သော် . . ဝင်းခြံကြီး၏အဝင်လမ်းအကွေ့တွင်ကား မြေမျှော ဖြစ်ပုံရသဖြင့် ရထားဘီးရာကို ပီပီပြင်ပြင် မြင်တွေ့လိုက်ရပေတော့ သည်။

"ရှိ"

ဂျမဒါမှူးသာက လေချွန်သံတစ်ချက်ပြုကာ ခေါင်းတညိတ် ညိတ်ရှိနေသည်။

ထို့နောက် . . သူက ခြံကြီး၏ အခြေအနေကို အကဲခတ် လိုက်သည်။

ခြံကြီးအတွင်း၌ကား တိတ်ဆိတ်ခြင်းက ပကတိ မင်းမူလျှက် ရှိလေ၏။

သို့ရာတွင် ခြံတံခါးက သော့ခတ်ထား၍ သူ အကြံရကြပ် သွားသည်။

"ဘာဘဲ ဖြစ်ဖြစ်လေ၊ အတွင်းဖက်ကိုတော့ ရအောင် ဝင်ရ မှာဘဲ"

ဂျမဒါမှူးသာက ထိုသို့ ရေရွက်ပြီးသည်နှင့် အညိုရောင် တံတိုင်းကြီးအနီးသို့ တိုးကပ်ကာ အတွင်းဖက်မှ အသံဗလံများကို စူးစိုက်နားထောင်လိုက်သည်။

"အင်း . . . အတွင်းဖက်မှာ မယုံနိုင်အောင် တိတ်ဆိတ်



နေပါလား"

သူက အခြေအနေကောင်းကို အသုံးချရန်အတွက် ပိတ် ထားသော သံတံခါးကြီးဆီသို့ ရွေ့လျားလာခဲ့သည်။

ပြီးလျှင် . . သံတံခါးတိုင်များကို ခြေကန်ကာ အပေါ်ဖက် သို့ သွက်သွက်လက်လက် တက်ခဲ့သည်။

ခြံကြီး၏ မြက်ခင်းပြင်မှာ စိမ်းစိုလျှက် ရောင်စုံပန်းများ ပွင့် နေသည်ကို လှမ်းတွေ့လိုက်ရသည်။

သို့ရာတွင် ကျယ်ဝန်းသော အိမ်ကြီး၏ တံခါးမှာမူ ပိတ်လျှက် အနေအထား တွေ့ မြင်နေရသည့်အပြင် သော့ခလောက်ကြီး ခတ်ထား သည်ကလည်း အတိုင်းသား။

"ကဲကွာ၊ ဖြစ်ချင်ရာဖြစ်"

ဂျမဒါမှူးသာက သံတံခါးထိပ်ရောက်အောင်တက်လျှက် တစ်ဖက်သို့ ကျွမ်းကျင်သွက်လက်စွာ ခုန်ချလိုက်သည်။

အိမ်ကြီးဆီ မျက်နှာမူကာ သူ့ခြေလှမ်းများကို ရွေ့လျားလိုက် သည်။

တစ်လှမ်း . . .

နှစ်လှမ်း . . .

သုံးလှမ်း . . .

ဟား ဟား ဟား ဟား

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ဟဲ ဟဲ"

ခြေသုံးလှမ်းမြောက်တွင် ရှယ်မောသံများက ပန်းခြံကြီး အကွယ်မှ ရုတ်တရက်ထွက်ပေါ်လာရာ ဂျမဒါမူးသာ ခြေလှမ်းများ အလိုလို ရပ်တန့်သွားရတော့သည်။

"မင်းဟာ ဘယ်သူမှန်းတော့ တို့မသိဘူး အေး . . . ဒါပေမယ့် ဒီခြံကြီးထဲ ရောက်လာတဲ့သူမှန်သမျှ ပြန်မထွက်နိုင်အောင် လုပ်ရမှာ ငါ့တာဝန်ဘဲ၊ ကဲ . . . ဖေ့သားကြီးရေ . . . ဆုံးမလိုက် စမ်းကွာ"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဝုတ် . . . ဝုတ်"

လူမမြင်ရသော်လည်း ကြားလိုက်ရသော အသံအဆုံး ဂျာမန်ဂရိတ်ဒိန်း ခွေးကြီးသည် ခြံအကွယ်မှ မြင်းပေါက်တစ်ကောင် အလား လျှင်မြန်စွာ ခုန်လွှားထွက်လာသည်ကို တွေ့လိုက်ရလေ၏

"အား . . . နည်းတဲ့ ခွေးကြီး မဟုတ်ပါလား"

ဂျမဒါမူးသာက အထိတ်တလန့် ရေရွတ်ကာ သူ့အကျီ ကော်လံကြား၌ ထည့်ထားလေ့ ရှိသည့် စတီးလက်တိုခေါ် ဗူးချွန် ဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာပင် အစွယ်ဖွေးဖွေးနှင့် ဒေသကြီးလှသော ခွေးကြီးက သူ့ကို ခုန်အုပ်ပြီးသား ဖြစ်နေတော့သည်။



"ဟိတ် . . ."

"ဝုတ် . . ."

အရှိန်ဖြင့် မြက်ခင်းပြင်သို့ ခွေးကြီးနှင့် ဂျမဒါမူးသာတို့ လုံးထွေး ကျသွားသည်။

သို့ရာတွင် ထိုသို့ ကျသွားခိုက်မှာပင် ဂျမဒါမူးသာ၏ သက်များက အကြိမ်ပေါင်းများစွာ လှုပ်ရှားသွားခဲ့လေသည်။

ခွေးကြီးဟပ်မိထားသော ဂျာကင်အကျီကို အားနှင့်ဆွဲယူပြီး နောက် ဂျမဒါမူးသာက အမြန်ဆုံးပြန်ရပ်လိုက်သည်။

"ဗျို"

ဂျာကင်အကျီမှာ ဖွာလန်ကျဲကာ ပြဲဟသွားသည်။

ခွေးကြီးကမူ သွေးအရွဲသားနှင့် တအင်အင်ငြီးငြူရင်း မြက်ခင်း ပေါ်၌ အကြောဆွဲနေ၏။

ပြီးမှ မလှုပ်မယှက် ငြိမ်သက်သွားပေတော့သည်။

"တောက် . . . တွေ့ကြသေးတာပေါ့ကွာ"

ဂျမဒါမူးသာက ခွေးကြီးကို ကြည့်နေစဉ် ခြံအကွယ်မှ ခွန်အား ထလတောင့်တင်းသော ဝတ်စုံနက်နှင့် လူထွားကြီးတစ်ယောက် ထွက်လာ သည်။

"ဒီကောင့်ကို မလွှတ်စေနဲ့ဟေ့၊ ဘာကောင်ဖြစ်ဖြစ် သူ့ဒီနီကို ချွေပေးလိုက်ပေတော့မဲကြီး"

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသံနှင့်အတူ ကားရုံအကွယ်မှ ဝတ်စုံနက် တစ်ယောက်ကလည်း သူတို့ရှိရာသို့ ခပ်သွက်သွက် လျှောက်လာသည်။

"အင်း . . . မလွယ်လှပါလား"

ဂျမဒါ မူးသာက ယင်းသို့ ရေရွတ်လျှက် အသင့်လှုပ်ရှားနိုင်ရန် ခြေကိုခွဲ၍ ရပ်နေလိုက်သည်။

ပြီး . . . စတီလက်တို့ ရူးချွန်ကို ခွေးသေကြီးပေါ်သို့ ပစ်ချလိုက်သည်။

"လာခဲ့စမ်းကိုယ့်လူ၊ ကျုပ်အကြောင်းမဲ့ လူမသတ်ချင်ဘူး"

"အေး . . . မင်းသတ်တာ မသတ်တာ အကြောင်းမဟုတ်ဘူး တို့ကတော့ မင်းကို ဒီခြံက မထွက်နိုင်အောင် အပြီးအပိုင် ဇိဇိနင်းခြေ ပစ်ရလိမ့်မယ်"

ပြောပြောဆိုဆို လူထွားကြီးက ဗလအားကိုးဖြင့် ရှေ့လှမ်းလာကာ ဂျမဒါမူးသာဆီသို့ ဘယ်ညာလက်သီးများကို မနားတမ်း ပစ်သွင်းလိုက်တော့သည်။

"ဝိုး . . ."

"ဝုစ် . . ."

"ဟိတ် . . ."

"ယား . . ."

ဂျမဒါမူးသာက ခန္ဓာကိုယ်ကို စက်ဝိုင်းခြမ်း လှည့်ပတ်ရှောင်



တိမ်းသည်။

နောက် . . . ခြေတစ်လှမ်းတက်ပြီးနောက် လက်ပြန်ရိုက်ချက်တစ်ချက်ကို အားပါပါသုံးလိုက်သည်။

"ဝုစ် . . ."

"ဖောင်း . . ."

"အား . . ."

လူထွားကြီး မြက်ခင်းပြင်ပေါ် အရှိန်ပြင်းပြင်း လိမ့်ထွက်သွားသည်။

ထိုအခိုက် . . . ကားရုံဆီမှ အပြေးရောက်လာသော ဝတ်စုံနက် က လက်ထဲမှ ဓါးမြောင်သွားနှင့် ဝေ့ဝိုက်ထိုးသွင်းတော့၏ ။

"ဟိတ် . . ."

"ဝိုး . . ."

"ရှစ် . . ."

"အိုး . . ."

သို့သော် . . . ဂျမဒါမူးသာက သွေးအေးအေးနှင့် ကျွမ်းကျင်သွက်လက်စွာပင် လွတ်သည်ဆိုယုံမျှ ပွတ်ကာ ရှောင်တိမ်းနေ၏။

ဝတ်စုံနက်က ဒေါသကြီးစွာနှင့် အဝေ့အဝိုက်၊ အပင့်အဆွဲ၊ အတိုးအဆုတ်၊ အထိုးအနှုတ်တို့ဖြင့် သဲသဲမဲမဲ တိုက်ခိုက်နေ၏။

တစ်ချိန်တွင် အရှိန်နှင့် ပြေးထိုးလိုက်သော ဝတ်စုံနက်ကို ဂျမဒါမူးသာက ခြေတစ်လှမ်းဆုတ်၊ ကိုယ်ကို လှည့်၍ ရှောင်တိမ်းပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဤတွင် လဲကျနေသော လူထွားကြီးအား အရှိန်လွန်တိုက်မိကာ ဝတ်စုံနက် ဟန်ချက်ပျက်သွားသည်။

အခွင့်အရေးကို လက်လွှတ်မခံသော ဂျမဒါမှူးသာက ခြေကန်ချက်ကို အသားပါပါ အသုံးချလိုက်သည်။

"ဝိုး . . ."

"ဖြောင်း . . ."

"အား . . ."

ဝတ်စုံနက်မှာ မေးဖျားသို့ ပင့်ခတ်ခံရသဖြင့် လေထဲတွင် တစ်ပတ်လည်ကာ မြက်ခင်းပြင်၌ ရှိနေသည့် လူထွားကြီးပေါ်သို့ ထပ်လျက်သားကျသွားတော့၏။

"အီး . . ."

"အိုး . . ."

နှစ်ဦးသား ထွေးခနဲ ဖြစ်သွားစဉ် ဂျမဒါမှူးသာက ခြံတံခါးဝသို့ ထွက်ခွါရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် . . . လူထွားကြီးက လဲကျလျက်မှ ခြေထိုးခံလိုက်သဖြင့် ဂျမဒါမှူးသာတစ်ယောက် ဒိုက်စိုက် ဒိုက်စိုက် ဖြစ်သွားသည်။

ဂျမဒါ မှူးသာက မမှုပါ။

သူက လဲကျနေသူ နှစ်ယောက် အခြေအနေကို တစ်ချက်ကြည့်သည်။



ထို့နောက် . . . ခြံတံခါးရှိရာသို့ အစွမ်းကုန် အားကုန် ပြေးသွားလိုက်ပေတော့သည်။

အဂ္ဂ မျက်လုံးအစုံကသိန်းစွန်ရဲကဲ့သို့ စူးရှတောက်ပစွာဖြင့် ကျိုးညိုကိုကြည့်ရင်း အကွက်ချောင်းနေသည်။

ကျိုးညိုကလည်း မီးကျီခဲလို ရဲရဲနီမတတ် မျက်လုံးအစုံနှင့် အဂ္ဂ၏ လှုပ်ရှားမှုကို မျက်တောင်မခတ် ကြည့်နေသည်။

ပရိသတ်များမှာ လုံးဝ အသံမထွက်ဘဲ အထူးစိတ်ဝင်စားစွာဖြင့် ယှဉ်ပြိုင်ပွဲကို ကြည့်နေကြသည်။

ရွှေပင့်ကူကိုဏ်းချုပ်ကြီး ဦးကျောက်ဆောင်မှာ ထိုင်ခုံမြင့်ကြီးပေါ်တွင် ကြောင်နက်ကြီးအား လက်ဖြင့်သပ်ရင်း ယှဉ်ပြိုင်မည့်သူနှစ်ဦးအား မမိုတ်မသုန် ကြည့်နေလေ၏။

မကြာပါ။

ကွင်းလယ်မှ လူနှစ်ယောက်က ပြိုင်တူလိုလို လှုပ်ရှားလိုက်ကြသည်။

"ဟိတ်"

"ယား"

www.burmeseclassic.com

www.burmeseclassic.com



"ဝိုး . . ."

"ဖတ် . . ."

အဂ္ဂက ပြေးဝင်ရန် ဟန်ပြင်ကာ ခန္ဓာကိုယ်အရှိန်ကို တု[illegible] ရပ်၍ ကျီးညိုကို ခြေဖြင့် ပတ်ကန်လိုက်သည်။

သို့ရာတွင် ကျီးညိုက လေပေါ်ခုန်တက် ရှောင်တိမ်းလိုက်[illegible] ပြီးလျှင် ပြန်အကျ၌ ဒူးထောက်လျက်သား ရှိနေသည့် အဂ္ဂမျက်နှာ[illegible] လေဝဲကန်ချက်အားပါပါ သုံးလိုက်လေ၏။

သွက်လက်သော အဂ္ဂကလည်း ကျားသစ်တစ်ကောင်ကဲ့သို့ ကိုယ်ကို လှူးလိမ့်ရှောင်တိမ်းလိုက်သည်။

သို့အတွက် ခြေကန်ချက် လက်တစ်လုံးခြား လွဲသွား[illegible] ကြည့်ရှုနေကြသည့် ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးနှင့်တကွ ဂိုဏ်းသာ[illegible] အားလုံးတို့မှာ ရင်တဖိုဖို ဖြစ်သွားကြရပေသည်။

အဂ္ဂနှင့် ကျီးညိုတို့က ပြန်လည်၍ ရင်ဆိုင်မိကြပြီ ဖြစ်သည်[illegible]

ယခုတစ်ခါတွင် ကျီးညိုက ရင်ဆိုင်မိသည်နှင့် နွားသ[illegible] တစ်ကောင်အလား လက်သီး၊ လက်မောင်း၊ ပင့်လက်သီး၊ ဝိုက်လက်သ[illegible] ဒူး၊ တံတောင်၊ ခြေကန်ချက်များကို မရပ်မနား အသုံးပြု တိုက်ခိုက် လိုက်တော့သည်။

အဂ္ဂက လျှင်မြန်စွာ ရှောင်တိမ်းရသည်။

သို့ရာတွင် ထိုးချက်၊ ကန်ချက် အချို့ကို ရှောင်တိမ်းခြ[illegible]



မပြုနိုင်သဖြင့် အရှိန်ပြင်းစွာ လွင့်ထွက်သွားရ၏။

ကျီးညိုက တစ်ရှိန်ထိုး ခုန်လွှားတိုက်ခိုက်သော်လည်း ပါး နပ်သော အဂ္ဂက လိမ့်ထွက် ရှောင်တိမ်းသွား၏။

ပြီးလျှင် ကျီးညိုကဲ့သို့ပင် ခန္ဓာကိုယ်အားကို အသုံးပြုကာ မနားတမ်း ဒလစပ် တိုက်ခိုက်လေတော့၏။

ကြည့်နေသော ရွှေပင့်ကူ ဂိုဏ်းသားများမှာ အားမလို အားမရ နှင့် ဖင်တကြွကြွ အနေအထား ဖြစ်နေကြသည်။

ဂိုဏ်းချုပ်ကြီးကမူ ၄င်း၏ ပေါင်ပေါ်မှ ကြောင်နက်ကြီးကို လက်ဖြင့် ပွတ်သပ်ရင်း အိန္ဒြေရရ ကြည့်နေလေသည်။

အဂ္ဂ၏ တိုက်ခိုက်မှုများကို ကျီးညိုက သွက်သွက် လက်လက် ရှောင်တိမ်းသည်။

သို့ရာတွင် အဂ္ဂ၏ ခြေကန်ချက် တစ်ချက် အဖျားခတ် ထိသွားသော ကျီးညိုမှာ နှုတ်ခမ်းမှ သွေးများ စီးဖြာကျလာလေ၏။

ကျီးညိုက သွေးများကို လက်ဖမိုးနှင့်သုတ်လိုက်ပြီး မဲ့ပြုံးပြုံး လိုက်သည်။

ထို့နောက် . . . ဘယ်ခြေလှမ်းကာ ညာခြေတစ်ကွက် ဘက်၍ ကိုယ်ကို လှဲလိုက်၏။

ပြီးလျှင် . . . အားပါသော လက်ပြန် ရိုက်ချက် တစ်ချက် ကို မမျှော်လင့်ဘဲ အသုံးပြုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝိုး . . ."

"ဖြောင်း"

"အား"

အဂ္ဂတစ်ယောက် လွင့်ထွက်သွားကာ နှုတ်ခမ်းမှ သွေးများ စီးကျလာသည်။

"ဟဲ ဟဲ ဟဲ ဟဲ"

ကျီးညိုက မခန့်လေးစား ရယ်လိုက်၏။

"ထွီ . . ."

သို့သော် အဂ္ဂက သွေးများကို ထွေးထုတ်ကာ အသင့် တိုက်ခိုက်နိုင်ရန် ဟန်ပြင်နေသည်။

ကျီးညိုက အပြုံးမပျက်ပင် . . .

"ဟဲ ဟဲ ဟဲ ဟဲ . . . နှုတ်ခမ်းထိတာချင်း အတူတူ ဆိုတော့ ကြေပြီပေါ့လေ" ဟု ဆိုလိုက်၏။

"ဘာ . . . ကဲကွာ"

အဂ္ဂက ပြောပြောဆိုဆို ဒေါသတကြီးဖြင့် ယခင်အတိုင်း ဒလမန်းကြမ်း တိုးဝင်လာပြန်တော့၏။

အကင်းပါးသော ကျီးညိုက လျှပ်တပျက် ထောက်လက်သီး ကို အသုံးပြုလိုက်သည်။

"ဝုန်း . . ."



"ခွပ် . . ."

"အင့် . . ."

ဖင်ထိုင်လျက်သား လဲကျသွားသော အဂ္ဂကို ကြည့်ကာ ရွှေပင်ကူဂိုဏ်းသားများ မယုံနိုင်အောင် ဖြစ်သွားကြရသည်။

အသက်ရှူသံများ ပြင်းထန်စွာ ထွက်ပေါ်လာသည်။ အဂ္ဂက ဒဏ်ရာရသွားသော ကျားနာတစ်ကောင်အလား လဲကျရာမှ ခုန်ထ လိုက်သည်တွင် အလင်းရောင် တစ်ချက်လက်သွားလေ၏။

"အို"

"ဟင်"

"ဟာ"

"ဟိုက်"

ကြည့်နေသူအပေါင်းထံမှလည်း အထက်ပါအတိုင်း အာမေဋိတ် သံများ ထွက်ပေါ်လာခဲ့လေ၏။

အကြောင်းသော်ကား ခုန်ထလာသော အဂ္ဂလက်ထဲတွင် ဓါးမြှောင်တစ်လက်ကို တွေ့ မြင်လိုက်ရခြင်းကြောင့်ပင်တည်း။

ဒိုင်လူကြီးလုပ်သူက ချက်ချင်းပင် ထိုင်ရာမှ ထကာကွင်း အတွင်း ဝင်ရောက်ရန် ပြင်လိုက်သည်။

သို့ရာတွင် ရွှေပင်ကူ ဂိုဏ်းချုပ်ကြီး ဦးကျောက်ဆောင်က လက်ကာပြလိုက်သောကြောင့် ၎င်း၏ ထိုင်ခုံ၌ ပြန်ထိုင်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျီးညိုက ခါးမြှောင်ကို မမှုသကဲ့သို့ သွေးအေးအေးထားကာ ဝေ့ပတ်လျှက်သား ရှိနေပေသည်။

အဂ္ဂ မျက်လုံးများ နီရဲနေသည်။

သူက မိုက်ကန်းကန်း ပြုံးလိုက်ပြီးနောက် . . .

"မင်းရဲ့ အသက်ကို ဖက်နဲ့ ထုပ်ထားလိုက်ပေတော့ ကိုယ့်လူ"

ဟု ကြိမ်းဝါးလိုက်၏။

"ဟဲ ဟဲ ဟဲ ရပါတယ်လေ"

ပြောပြောဆိုဆို ကျီးညိုက အဂ္ဂ၏ ခါးမြှောင်ကိုင်လက်ကို လှမ်းကန်လိုက်သည်။

"ဝိုး . . ."

သို့သော် . . . အဂ္ဂခြေတစ်လှမ်း ဆုတ်ကာ ကိုယ်ကို ယို့၍ ရှောင်တိမ်းလိုက်သဖြင့် ကျီးညို၏ ခြေကန်ချက်မှာ လေကိုသာ ထိသွားတော့၏။

ကျွံကျလာသော ကျီးညို၏ လည်မြိုကို အဂ္ဂက ခါးမြှောင်သွားဖြင့် ဆတ်ခနဲ ထိုးလိုက်ရာ "ဟာ" ခနဲ အသံများ အခန်းတွင်းမှ ဆူညံစွာ ထွက်ပေါ်သွားတော့သည်။

ကျီးညိုက မယုံနိုင်အောင် လျှင်မြန်ခြင်းဖြင့် နောက်ကျွမ်းပစ်ရှောင်ထွက်သွားကာ ရပ်လိုက်မိသည်နှင့် အရှေ့ဖက်သို့ ကျွမ်းပြစ်ဝင်ရောက်လာခဲ့သည်။



ပြီးလျှင် အဂ္ဂနှင့် လက်တစ်ကမ်း အကွာသို့ ရောက်သောအခါ ဖြုံးခနဲ ထရပ်လျှက် ဘယ်ညာ လက်ဝါးစောင်း ခုတ်ချက်များကို မထင်မှတ်စွာ အသုံးပြုလိုက်လေ၏။

"ဟိတ်"

"ဝိုး . . ."

"ဝှစ် . . ."

"ဖျောင်း"

"အား"

"ဒေါက်"

အသံဗလံများက ဆက်တိုက် ထွက်ပေါ်လာသည်။

မြန်ဆန်လွန်းသော တိုက်ကွက်များအဆုံးတွင် အဂ္ဂ၏ ခါးမြှောင်မှာ လေထဲသို့ မြောက်တက်ပြီးနောက် အတော်လှမ်းလှမ်းသို့ လွင့်စင်သွားသည်ကို တွေ့လိုက်ကြရတော့သည်။

အဂ္ဂက ခါးမြှောင်ဆီသို့ ပြေးကောက်ရန် ခြေလှမ်းပြင်လိုက်သည်။

သို့ရာတွင် . . . ကျီးညိုက ခြေထိုးခံလိုက်သဖြင့် အဂ္ဂတစ်ယောက် ငိုက်စိုက်ငိုက်စိုက်ဖြစ်သွားရသည်။

ကျီးညိုက အချိန်မဆိုင်းပါ။

သူက လေပေါ်ခုန်တက်ပြီးနောက် ဝိုက်ကန်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် . . ."

"ဖေါက်"

"အင့်"

အဂ္ဂတစ်ယောက် တစ်ပတ်လည်ကာ လိမ့်ထွက်သွားသည်။

အဂ္ဂကလည်း မခေလှပါ။

သူက အလိုက်သင့် ထရပ်မိသည်နှင့် နောက်ဖက်သို့ တစ်ပတ် ရွှမ်းခုန်ကာ ကျီးညိုကို မနားတမ်း အလွှတ်မပေးဘဲ တိုက်ခိုက်လေ တော့၏။

ထို့ကြောင့် ကျီးညိုမှ အလူးအလဲ ခံလိုက်ရတော့သည်။

သူတစ်ပြန် ကိုယ်တစ်ပြန်၊ သူတစ်လှည့်ကိုယ်တစ်လှည့် လက်ညီညီ တိုက်ခိုက်နေကြသူ နှစ်ဦးအား ရှေ့ပင့်ကူ ဂိုဏ်းသားများ အထူးစိတ်ဝင်တစား ကြည့်နေမိတော့သည်။

"ကျား"

"ဗိုး . . ."

"ဟိတ်"

"ဖေါက်"

"ယား"

မာန်သွင်းအော်ဟစ်သံများနှင့်အတူ ကျီးညိုနှင့် အဂ္ဂတို့က မရောင်စတမ်းပင် အတင်းဝင်ရောက်၍ ကြောက်ခမန်းလိလိ မနားတမ်း



တိုက်ခိုက်လေရာ လှုရိပ်များ ပူးကပ်လျက်လည်းကောင်း၊ ယှက်ဖြာလျက် လည်းကောင်း၊ တွေ့ မြင်ကြရပေသည်။

"ဖေါင်း"

"အား"

"ခွက်"

"အီး"

တိုက်ခိုက်မှုရပ်သွားသည်နှင့် ကျီးညိုရော အဂ္ဂပါ ဘေးတစ်ဖက် တစ်ချက်ဆီသို့ အရှိန်ပြင်းစွာ လွင့်စင်သွားကြတော့သည်။

သူတို့က တစ်ယောက်နှင့်တစ်ယောက် အခဲမကြေ ကြည့် လိုက်သည်။

ထို့နောက် . . . ထပ်မံတိုက်ခိုက်ရန် ထမည်အပြု သေနတ် သံများကို ခပ်သဲ့သဲ့ ကြားလိုက်ကြရပေတော့၏။

"ဒိုင်း"

"ဒိုင်း"

"ဟာ"

"အို"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အလို"

အမြင့်ဘက်မှ သေနတ်သံများ ကြားရသည်နှင့် ယှဉ်ပြိုင်ပွဲကြည့်နေသော ရှေးပင်ကူဂိုဏ်းသားများမှာ ထိတ်လန့်လျက် လှုပ်လှုပ်ရွရွ ဖြစ်ကုန်တော့သည်။

ရှေးပင်ကူ ဂိုဏ်းချုပ်ကြီးလည်း အထူး အံ့အားသင့်သွားကာ

"ဟေ့ . . . နံပါတ်ငါး တစ်ဆယ်နဲ့ဆယ့်ငါး ဟိုကောင်တွေ ဘာဖြစ်နေသလဲမသိဘူး။ အမြန်ထွက်စမ်းဟေ့"

ဝတ်စုံနက် သုံးယောက် ဒရောသောပါးပင် ထိုင်ခုံမှ ထကာ သေနတ်များကိုယ်စီထုတ်၍ မြေအောက်ခန်းအပေါ်ဖက်သို့ လျှင်မြန်စွာ တက်ရောက်သွားကြလေ၏။

ကျန်ရစ်သူများမှာ စိတ်မောစွာဖြင့် ပင့်သက်များကို ပြိုင်တူ လိုလိုချလိုက်မိကြ၏။

အဂ္ဂနှင့် ကျီးညိုတို့မှာလည်း လဲကျနေလျက်မှ တစ်ယောက်နှင့်တစ်ယောက် အူကြောင်ကြောင် ကြည့်နေမိကြသည်။

"ပုလိပ်အမှုထမ်းတွေများလား"

"တခြားဂိုဏ်းသားတွေထင်တယ်"

"အချင်းချင်း ရန်ဖြစ်ကြတာနေမှာပါ"

တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးသံများကြောင့်



မြေအောက်ခန်း၌ ဆူဆူညံညံ ဖြစ်နေရာ ရှေးပင်ကူဂိုဏ်းချုပ်ကြီးက သက်ခုပ်တီးလိုက်သည်။

"ဖြောင်း . . . ဖြောင်း"

"အားလုံး တိတ်ကြစမ်း"

ဂိုဏ်းချုပ်၏ အမိန့်ပေးသံကြောင့် ကြောင်နက်ကြီး ခုန်ထွက်သွားသကဲ့သို့ အခန်းထဲ၌ အသံပလံများအားလုံး ယခင်အတိုင်း တိတ်ဆိတ်သွားပေတော့သည်။

ထိုခဏမှာပင် ထွက်ခွာသွားသူ သုံးယောက်နှင့်အတူ နောက်ထပ် ဝတ်စုံနက်နှစ်ဦးပါ မြေအောက်ခန်းသို့ ရောက်ရှိလာခဲ့ကြသည်။

"ဘာဖြစ်တာလဲဟေ့၊ ပြောစမ်း"

၎င်းတွင် ဝတ်စုံနက် လူထွားကြီးက အရိုအသေပြုကာ အောက်ပါအတိုင်း ပြောပြလေ၏။

"ဒီလိုပါဂိုဏ်းချုပ်ကြီး၊ ကျွန်တော်နဲ့ နံပါတ်ကိုးဟာ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်း ခြံထဲမှာ စောင့်နေခိုက် လူတစ်ယောက်ဟာ သံတံခါးကို ကျော်ဝင်လာပါတယ် ခင်ဗျာ"

"မင်းတို့က မတားဘူးလား"

"ဒီလူက သိပ်လျှင်ပါတယ်ခင်ဗျာ၊ ကျွန်တော်နဲ့ ခွေးကြီးနှစ်လုံးတို့ တားဆီးဖို့ ပြေးအသွားမှာ ခုန်အုပ်တဲ့ခွေးကြီး ရန်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



စူးချွန်နဲ့ လျှပ်တစ်ပြက် ထိုးသတ်လိုက်ပါတယ်"

"ဘာ . . ."

ဂိုဏ်းချုပ်က မယုံနိုင်ဟန်ဖြင့် ရေရွတ်လိုက်ရာ ထိုလူကာပင် ကြောက်ကြောက်လန့်လန့်နှင့် ဆက်ပြောလေ၏။

"နောက်တော့ သူနဲ့ ကျွန်တော် ပက်ပင်းတိုးပြီး တိုက်ခိုက်ကြတယ်၊ ဒီမှာတင် နံပါတ်ကိုးကလဲတွေ့မြင်ပြီး ဝင်ကူတိုက်ပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲကွ"

"ဒီလူက ကျွန်တော်တို့ နှစ်ယောက်စလုံးကို လဲကျအောင် တိုက်ခိုက်ပြီး၊ သံတံခါးဆီကိုပြန်ပြေးသွားပါတယ်ခင်ဗျာ"

"ဟာ . . . လူနှစ်ယောက်က တစ်ယောက်ထဲကို နိုင်အောင် မတိုက်နိုင်ဘူး၊ ဟုတ်လား၊ အံ့စရာပဲ"

"ဒီ ဒီလူက . . . အတိုက်အခိုက်အသတ်အပုတ် သိပ်ကျွမ်းကျင်လှပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျာ"

"ဟေ . . ."

ဤတွင် ဝတ်စုံနက် နောက်တစ်ယောက်က ဆက်ပြောသည်။

"ဟုတ်ပါတယ်ဂိုဏ်းချုပ်ကြီး၊ ဒီလူဟာ အတိုက်အခိုက် ပညာရပ်မှာ သူမတူအောင် ကျွမ်းကျင်လှတယ် ဆိုရမှာပါခင်ဗျာ"

"ဆက်ပြောစမ်းကွာ"



"သူက သံတံခါးဆီပြန်လှည့်ပြီး အပြေးမှာ ကျွန်တော်တို့ လဲကျနေလျှက်က သေနတ်တွေထုတ်ပြီး ပြိုင်တူလိုလို ပြစ်လိုက်ကြပါတယ်"

"ဟင့်အင်း၊ ထိမှန်ပုံမရပါဘူး၊ သူက သော့ခတ်ထားတဲ့ သော့ခလောက်ကို လျှပ်တစ်ပြက်သေနတ်နဲ့ ပြစ်ချိုးပြီး သံတံခါးဖွင့် ထွက်သွားတော့တာပါဘဲ"

"အင်း . . . ဒါကြောင့်မို့ သေနတ်သံတွေ ထွက်လာတာကိုး၊ သေနတ်သံကြောင့် ဒီနေရာကို မကြာခင်ပုလိပ်အမှုထမ်းတွေ ရောက်လာ နိုင်တယ်"

ဂိုဏ်းချုပ်ကြီး စကားကြောင့် လူအားလုံး ပြူးပြူးပျာပျာ ဖြစ်ကုန်ကြသည်။

ရှေ့ပင့်ကူ ဂိုဏ်းချုပ်ကြီးက . . .

"ကဲ . . . နံပါတ်ငါး၊ တစ်ဆယ်၊ တစ်ဆယ့်ငါး၊ လူတွေ အားလုံးကို လျှို့ဝှက်ထွက်ပေါက်က စနစ်တကျ အပြင်ရောက်အောင် ထွက်ပေ့စေ" ဟု အမိန့်ပေးလိုက်၏။

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"

"သြ . . . မင်းတို့နှစ်ယောက် ငါနဲ့လိုက်ခဲ့ကြစမ်း၊ အပေါ်က အခြေအနေ သွားကြည့်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက ကြောင်တောင်တောင် ဖြစ်နေကြသော ကျီးညိုနှင့် အဂ္ဂတို့ကိုခေါ်ကာ မြေအောက်ခန်းမှ အပေါ်သို့တက် တက်ရောက်သွားလေ၏။

## အခန်း (၁၂)

"ကဲ . . . သောက်ကြ စားကြကွာ၊ အားမနာကြနဲ့"

"ဟုတ် ဟုတ်ကဲ့ဆရာကြီး"

"ဟုတ်ကဲ့"

အဂ္ဂနှင့်ကျီးညိုတို့က ရွှေပင့်ကူဂိုဏ်းချုပ်ကြီးကို လေးလေးစားစား ပြောလိုက်ကြသည်။

အဂ္ဂက အရက်များကို စတင်ငုံ့ထည့်နေစဉ် ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက စားပွဲပေါ်မှ အစားအသောက်များဆီသို့ မျက်လုံးဝင့်ကြည့်လိုက်သည်။

စားပွဲပေါ်တွင်ကား ကတ္တီပါဗူးကလေးနှင့် အတူ ငွေထုပ်နှစ်ထုပ်ရှိနေလေ၏။

"ဂလောက် ဂလောက်"

"ဂလောက်"

အဂ္ဂက အရက်များ ငုံ့ထည့်နေစဉ် ကျီးညိုက ဗိုက်ရက်

www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ကို ဖိမ်ခံ၍ မီးညှိဖွာရှိုက်လျှက်ရှိသည်။

ငှင်းတို့ မျက်နှာများတွင် မနေ့က တိုက်ခိုက်ခဲ့မှုကြောင့် အညိုအမည်းများ စွဲလျှက်ရှိနေချေ၏။

ရွှေပင့်ကူ ဂိုဏ်းချုပ်က ပေါင်ပေါ်မှ ကြောင်နက်ကြီးကို လက်နှင့်သပ်ရင်း သူတို့နှစ်ယောက်ကို စိုက်ကြည့်လိုက်သည်။

ပြီးမှငှင်းက . . .

“မနေ့ကကိစ္စကို မင်းတို့ အနေနဲ့ ဘယ်လိုသဘောရကြသလဲ” ဟု ရုတ်တရက်မေးလိုက်လေ၏။

“ဗျာ”

“ဟင်”

နှစ်ယောက်စလုံးက အံ့အားသင့်သွားကြသည်။ ပြီးမှ ကိုးညိုက “ဘာကိုဆိုလိုတာလဲခင်ဗျာ” ဟု မေးလိုက်လေ၏။

“ကဲ . . . သောက်ကြပါဦး။ ပြီးမှ ပြောတာပေါ့ကွာ”

ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက ထိုသို့ အေးဆေးစွာ ပြောပြီးလျှင် ခမ်းနားလှသော ငှင်း၏ မြေအောက်ခန်းအနေအထားကို ကျေနပ်အားရသော အကြည့်နှင့် ဝေ့ဝဲကြည့်ရှုလိုက်လေ၏။

ပြီးလျှင် သုံးဦးစလုံး အရက်ခွက်ကိုယ်စီ မော့သောက်ရင်း ငြိမ်သက်နေကြသည်။

ထို့နောက် ရွှေပင့်ကူဂိုဏ်းချုပ်ကြီး ဦးကျောက်ဆောင်က



“မနေ့က ခေန်းထဲအရောက်တို့လူတွေကို ဝင်တိုက်သွားတဲ့ သူဟာ နယ်နယ်ရရတော့ မဟုတ်နိုင်ဘူးကွ၊ ငါက ဒါကိုပြောတာ” ဟု ဦးစွာ စတင်ပြောကြားလိုက်လေ၏။

“သြော် . . . ဒါကိုပြောတာကိုး”

အဂ္ဂက ထိုအခါကျမှ သဘောပေါက်ကာ အထက်ပါအတိုင်း ရေရွတ်လိုက်လေ၏။

ကိုးညိုကမူ ခေါင်းညိတ်လျှက် အရက်ခွက်ကိုသာ သောက်နေသည်။

“ဆရာကြီးခင်ဗျား၊ ဒီလူဟာ ကျွန်တော်တို့နဲ့ ရန်ဖက်ဖြစ်တဲ့ ဆရာကြီးရဲ့ ရန်သူတော် သျှောင်တစ်စောင်းဂိုဏ်းကများလားမှ မသိတာ” ဟု ခန့်မှန်းပြောကြားလိုက်၏။

“အင်း . . . သျှောင်တစ်စောင်း၊ သျှောင်တစ်စောင်း”

ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက နှုတ်မှ တဖွဖွရေရွတ်ပြီးလျှင် ကြောင်နက်ကြီး၏ အမွေးအမျှင်များကို ခပ်ကြမ်းကြမ်း ပွတ်သပ်နေ လိုက်၏။

ကိုးညိုက မည်သို့မျှ စိတ်မဝင်စားဟန်ဖြင့် ဝက်အူချောင်း ကြော် တစ်ဖတ်ကို ခက်ရင်းနှင့် ထိုးကော် စားသောက်နေ၏။

ပြီးမှ ဆရာကြီးက . . .

“အဂ္ဂ . . . မင်းပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် သျှောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်းဂိုဏ်းကတော့ မဖြစ်နိုင်ဘူးကွ"

"ဘာကြောင့်ပါလဲဆရာကြီး"

"ငါသိသလောက်ဆိုရင်၊ သျှောင်တစ်ကောင်းတို့ မျိုးချစ်တော်လှန်ရေးအဖွဲ့မှာ ဒီလောက်အထိ သိုင်းပညာထူးချွန်တဲ့လူရယ်လို့ မရှိပါဘူးလေ"

"ဩော် . . . ဒီလိုကိုး"

"နောက်ပြီး ပြောရဦးမယ်"

"ဟုတ်ကဲ့"

"မင်းသိဖို့က၊ ငါ့ရန်သူဟာ သူ့ဆိုတာ ငါကသိပေမယ့် သူ့ရန်သူငါဟာ ရွှေပင့်ကူဒုစရိုက်ဂိုဏ်းကြီးကို ဦးစီးတဲ့ ဂိုဏ်းချုပ်ကြီးဖြစ်မှန်း သူလုံးလုံး မသိပါဘူး အဂ္ဂရ . . ."

အဂ္ဂက ခေါင်းညိတ်လိုက်သည်။

ပြီးမှ သူက . . .

"ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော်ကတော့ ဆရာကြီး ပြောပြတဲ့ အနေအထားလောက်သာ သိရတာမို့ သေသေချာချာ မခန့်မှန်းတတ်ပါဘူး။ ဆရာကြီး" ဟု ပြောလိုက်လေ၏။

"ကျီးညို"

"ဗျာ . . . ဆရာကြီး"

"မင်းကတော့ ငါတို့ပြောနေတာတွေကို နားလည်မှာ မဟုတ်ဘူးလေ"



"ဟုတ်ကဲ့ . . . လုံးဝနားမလည်ပါဘူး ဆရာကြီး"

ပွင့်ပွင့်လင်းလင်းပြောလိုက်သော ကျီးညိုစကားကြောင့် ဂိုဏ်းချုပ်ကြီးရော၊ အဂ္ဂပါ ပြုံးလိုက်ကြလေ၏။

"အေးလေ . . . အခုမသိလဲ နောက်တော့ သိလာမှာပေါ့ကွာ"

"ဩော် . . . ဝေါင်"

ဂိုဏ်းချုပ်ကြီးစကားအဆုံးတွင် ကြောင်နက်ကြီးက ရုတ်တရက် ထအော်လိုက်သဖြင့် ဂိုဏ်းချုပ်ကြီးက အသားလုံးကြော်တစ်ဖတ်ကို ယူကာ စားပွဲပေါ်တင်၍ ကျွေးလိုက်သည်။

သို့အတွက် . . . ကြောင်နက်ကြီးက အားပါးတရာ လွေးလေတော့၏။

သူတို့က အရက်ခွက်များကို အသီးသီး သောက်လိုက်ကြပြီးနောက် . . . ဂိုဏ်းချုပ်ကြီးက ပြောပြန်သည်။

"ငါ့ စိတ်ထင် ပြောရရင် မနေ့ခြံဝင်းထဲကို စွန့်စွန့်စားစား ဝင်လာပြီး၊ တိုက်ခိုက်တဲ့လူဟာ မဟုတ်ကာမှ လွဲရော၊ ပုလိပ်ဖက်က အမှုထမ်းတစ်ယောက်ယောက် ထင်မိတာပဲ"

ဤတွင် ကျီးညိုက . . .

"ဖြစ်နိုင်မယ် မထင်ပါဘူး ဆရာကြီး" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ ကျီးညို၊ ဆိုစမ်းပါဦး"

ထိုအခါ ကျီးညိုက . . .

"ဒီလို ရှိပါတယ် ဆရာကြီး၊ ဒီလူဟာ ပုလိပ်ဖက်က လူသာ မှန်ရင်၊ လွတ်ထွက်သွားပြီးတဲ့နောက်မှာ နာရီပိုင်းအတွင်း အဲဒီခြံကြီးကို ဝိုင်းဝန်းတော့မှာပေါ့၊ မဟုတ်ဘူးလား" ဟု ၎င်း၏ ထင်မြင်ချက်ကို ပြောလိုက်လေ၏။

အဂ္ဂက ခေါင်းတညိတ်ညိတ်နှင့် ရှိနေ၏။

ဂိုဏ်းချုပ်ကြီးက ပြုံး၍ . . .

"မင်းရဲ့ အတွေးအခေါ် မဆိုးဘူး ကျီးညို၊ ဒါကြောင့်လဲ ရတ်ရတ်သဲသဲဖြစ်ပွားပြီး မီးနစ်ပိုင်းအတွင်း ငါတို့စခန်းကို ဒီနေရာ ပြောင်းရွှေ့ခဲ့ကြတာပေါ့၊ မင်းပြောသလို ဒီလူဟာ ပုလိပ်ဘက်က လူဖြစ်ရင် မကြာခင်ဝိုင်းလာမှာ စိုးလို့ပေါ့ကွာ" ဟု ဆိုလိုက်လေ၏။

ဤတွင် အဂ္ဂက . . .

"ကျွန်တော်ကိုယ်တိုင် မနေ့က စခန်းချခဲ့တဲ့ ခြံကြီးကို ဖုန်းလှမ်းဆက်ပါတယ်ဆရာ၊ အဲဒီမှာ လို့ထွက်ပြီး စောင့်နေတဲ့ နံပါတ်နှစ်ဆယ်က ပြန်ဖြေပါတယ်၊ ဘာမှ အကြောင်းမထူးဘူး၊ ဘယ်သူမှ မလာပါဘူးတဲ့ ခင်ဗျာ" ဟု အစီရင်ခံလိုက်လေ၏။

"အေးလေ . . . အဲဒါကြောင့် ဒီလူဟာ ဘယ်သူလဲ ဆိုတာ



အဖွဲ့စားရ ခက်နေတာပေါ့ကွာ၊ တို့နဲ့ ဂိုဏ်းပြိုင်ရန်သူတစ်ယောက်ယောက်လို့သာ မှတ်ရလေတော့မယ်"

"မှန်ပါတယ် ဆရာကြီး"

"ဒီကိစ္စကို ရပ်လိုက်ကြပါစို့၊ မနေ့က စခန်းချခဲ့တဲ့ စခန်းဟောင်းမှာလည်း သဲလွန်စမကျန်အောင် လက်ရာခြေရာအားလုံး ဖျက်ပြီး ခဲ့ပြီဘဲ၊ ဘာမှစိုးရိမ်စရာ မရှိပါဘူးလေ"

အဂ္ဂနှင့်ကျီးညိုက ခေါင်းညိတ်ကာ စားသောက်ဖွယ်များကိုသာ စားသောက်လျှက် ရှိနေကြသည်။

"အဂ္ဂ . . ."

"ခင်ဗျာ . . . ဆရာကြီး"

"မင်းသမီးလေးကိစ္စ ဘယ့်နှယ့်လဲဟေ့"

"သူတော်တော် နေကောင်းနေပြီလို့ သူနာပြုဆရာမက ပြောပါတယ် ဆရာကြီး"

"ဩော် . . . ဟုတ်လား"

ကျီးညိုမှာ သူတို့ပြောစကားကြောင့် အထူးစိတ်ဝင်စားမိသော်လည်း ဂရုမပြုမိဟန်နှင့် အစားအသောက်များကိုသာ တို့ကနန်းတို့ကနန်း စားသောက်နေလေ၏။

ထို့နောက် ဂိုဏ်းချုပ်ကြီးက . . .

"ပြီးမှ . . . မင်းသမီးဆိုတဲ့ ကောင်မလေးဆီကို ထွေးသွား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြတာပေါ့" ဟု ဆိုလိုက်လေ၏။

ဂိုဏ်းချုပ်ကြီးနှင့် အဂ္ဂတို့က အရက်ခွက်များကို ထပ်ငှဲကာ ထပ်မံ သောက်လိုက်ကြ၏။

"အဂ္ဂ . . ."

"ဗျာ . . . ဆရာကြီး"

"ကျီးညို . . ."

"ဟုတ်ကဲ့ ဆရာကြီး"

"မင်းတို့ နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြပါ"

အဂ္ဂနှင့်ကျီးညိုတို့ အိုးတို့အန်းတန်း ဖြစ်နေကြသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးက ပြုံး၍ . . .

"မင်းတို့နှစ်ယောက်စလုံးဟာ ငါ့ရဲ့ လက်ရုံးတပည့်တွေချည့်ပဲ နောက် . . . မနေ့က တိုက်ခိုက်တဲ့ ယှဉ်ပြိုင်ပွဲမှာ ဘယ်သူမှ မနိုင်သလို ဘယ်သူမှလဲ မရှုံးပါဘူး။ လက်ရည်တူတွေလို့ ဆိုရပေမှာပေါ့ကွာ . . . ဟဲ ဟဲ ဟဲ " ဟု ဆိုလိုက်လေ၏။

ကျီးညိုနှင့် အဂ္ဂတို့က ငြိမ်သက်နေကြရာ ဂိုဏ်းချုပ်ကြီးက ထပ်မံ၍ ပြောကြားပြန်လေ၏။

"မင်းတို့နှစ်ယောက်ဟာ ရွှေပင့်ကူဂိုဏ်းကြီး တိုးတက်ဖို့ ရွှေပင့်ကူ ဂိုဏ်းသားတွေ အဆင်ပြေဖို့ မင်းတို့ရဲ့ ဥာဏ် သတ္တိ စွမ်းရည်တွေကို အတူတူ ပူးပေါင်းအသုံးချ ဆောင်ရွက်ရမှာကွ သိရဲ့လား"



"ဟုတ်ကဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

အတန်ကြာမှ ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက . . .

"ကျီးညို . . . မင်းကို ကတိပေးခဲ့တဲ့အတိုင်း မနေ့က ယှဉ်ပြိုင်ပွဲမှာ မင်းမရှုံးဘူး" ဟု ဆိုလိုက်လေ၏။

"ဟုတ်ကဲ့ ဆရာကြီး"

"အေး . . . အဲဒီအတွက် ငါသိမ်းထိုက်ထားတဲ့ မင်းရဲ့ ပစ္စည်းကို ပြန်ပေးမယ် စိတ်ကူးတယ်ကွ"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဆရာကြီးက စားပွဲပေါ်မှ ကတ္တီပါဗူးကို ဆွဲယူကာ ဖွင့်လိုက်သည်။

ထိုအခါ ခိုပြာရောင်များသည် ဂိုဏ်းချုပ်ကြီး၏ မျက်နှာဆီသို့ ရောင်ပြန်များ ဟပ်လျှက်ရှိနေကြ၏။

ဂိုဏ်းချုပ်ကြီးက ကတ္တီပါဗူးထဲမှ စိန်တုံးကြီးအား မက်မက်မောမော ကြည့်နေပြီးနောက် . . .

"စိတ်တော့ မရှိနဲ့ကျီးညို"

"ဗျာ . . ."

ရုတ်တရက်ပြောလိုက်သော ဂိုဏ်းချုပ်ကြီးစကားကြောင့် ကျီးညိုခမျာ ဘာမှန်းမသိဘဲ ကြောင်အအဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက ကျီးညိုကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

ပြီးမှ ၄င်းက . . .

"ဒီလိုကွာ၊ ရှင်းရှင်းပြောရရင်၊ မင်းရဲ့ တိုက်ရည်ခိုက်ရည် သတ္တိကို သဘောကျလို့ ငါ့ အမိန့်နဲ့ မင်းကို ခေါ်လာခဲ့တာပဲ" ဟု ဆိုလိုက်လေ၏။

"ဟုတ်ကဲ့"

"အေး . . . အခု စိန်တုံးကြီးဟာလဲ အင်မတန် အဖိုးတန် တဲ့အကြောင်း ကျုပ်ရဲ့ စိန်ပွဲစားတစ်ဦးရဲ့ ကြည့်ရှုစစ်ဆေးမှုအရ သိရပေတယ်"

ကျီးညိုက ငြိမ်ငြိမ်သက်သက်ကြည့်နေလိုက်သည်။

အဂ္ဂက ကတ္တီပါဗူးထဲမှ အရောင်တဖျပ်ဖျပ် လက်နေသော စိန်တုံးကြီးကိုသာ လောဘအရောင်တောက်သော မျက်လုံးအစုံနှင့် ကြည့်ရှုနေလေ၏။

သူတို့အားလုံး ခေတ္တမျှ စကားစ ပြတ်သွားကြသည်။

ထို့နောက်မှ ဂိုဏ်းချုပ်ကြီးက . . .

"ဒီတော့ . . . ဒီစိန်တုံးကြီးကို ငါက ခေတ္တသိမ်းဆည်း ထားမယ်၊ တို့ရဲ့ ရွှေပင့်ကူဂိုဏ်းကြီးအပေါ်မှာ မင်းက သစ္စာရှိစွာ ဆောင်ရွက်တယ်လို့ ယုံကြည်တာနဲ့ တပြိုင်နက် ပြန်ပေးမယ်ကျီးညို၊ ဒီအတွက် မင်းကျေနပ်ပါကွာ" ဟု ဆိုလိုက်လေ၏။



ကျီးညိုက . . .

"ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ အသက်စွန့်ပြီး ရယူလာ ခဲ့ရတဲ့ ပစ္စည်းကို ဘယ်သူ ထိန်းသိမ်းတာမှ လက်မခံနိုင်ပါဘူး။ ဒါပေမယ့် ဆရာကြီးကတိပေးတဲ့အတိုင်းတည်အောင် ကျွန်တော် ကြိုးစားနေထိုင် ဆောင်ရွက်ပါ့မယ်" ဟု ဆိုလိုက်၏။

"အင်း . . . ကောင်းတယ်ကွာ"

"ဒါပေမယ့်၊ မကြာခင်တစ်နေ့မှာ ဒီစိန်တုံးကြီးကို ကျွန်တော့် သက်ထဲ ပြန်အပ်ဖို့တော့ ဘယ်နည်းနဲ့မှ မမေ့ပါနဲ့"

ခပ်ပြတ်ပြတ်ပြောလိုက်သော ကျီးညို၏စကားကြောင့် အဂ္ဂပင် ကြောက်လန့်လျက် ခန္ဓာကိုယ် ဆတ်ခနဲ တုန်လှုပ်သွား၏။

ဂိုဏ်းချုပ်ကြီးက စိတ်ဆိုးဟန် မပြပါ။

၄င်းက ခေါင်းညိတ်လျက် . . .

"မမေ့ပါဘူးကျီးညို၊ မင်းရဲ့ အရည်အချင်းကို ကြည့်ပြီး တစ်နေ့နေ့မှာ မင်းလက်ထဲကို ဒီစိန်တုံးကြီး ပြန်အပ်ပါ့မယ်" ဟု အာမခံ ကတိပေးလိုက်၏။

"ကောင်းပါပြီ၊ ဒါဆို ကျွန်တော် ယုံပါတယ်"

ပြောပြောဆိုဆို ကျီးညိုက အရက်တစ်ခွက် ငှဲ့ကာ ဆော်ခွဲ ရာပြီးနောက် တစ်ကျိုက်တည်း ကျိုက်ချလိုက်လေ၏။

"ကောက် . . . ဂလောက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ဟဲ . . . ဖြေးဖြေး ချစ်မဲ့ပါကျိုးညိုရှာ၊ အရက်သိ သွားမှဖြင့်"

ကျိုးညိုက မကြားဟန်ဖြင့် ဂိုဏ်းချုပ်ကြီးနှင့် အဂ္ဂတိုင် နီရဲသော မျက်လုံးအစုံနှင့် စူးစူးရဲရဲကြည့်လိုက်သည်။

ပြီးမှ ၄င်းက . . .

"ကျွန်တော် သစ္စာရှိသလို ကျွန်တော့် အပေါ်မှာ သစ္စာမရှိရင်တော့ တစ်နေ့နေ့မှ ကျွန်တော့်အကြောင်းကို ကောင်းကောင်း ပြရမှာပဲ ဓစရိုက်လောကမှာ တစ်ကိုယ်တော် ကျိုးညိုတဲ့ ဇာတ်သဘင် လောကမှာ စိန်ကျိုးညို၊ ရွှေကျိုးညိုတို့ ပေါ်လာတော့ ဓစရိုက်လောကသား အပေါင်းအသင်းတွေက ပတ္တမြားကျိုးညိုလို့ ပေးလိုက်တာပဲ၊ ပတ္တမြား ကျိုးညိုဟာ ကတိတည်မှုကို အထူးအလေးထားပါတယ်" ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေ၏။

ပြီးလျှင် . . . ဂိုဏ်းချုပ်ကြီးက ၄င်းတို့ နှစ်ဦးအား ငွေထုပ် တစ်ထုပ်စီ ချီးမြှင့်လိုက်၏။

ထို့နောက် . . .

"လိုက်ခဲ့ကြ" ဟု ဆိုကာ စားပွဲမှ ရုတ်တရက် ထလိုက်ကြ လေ၏။

## အခန်း (၁၃)

အခန်းတစ်ခုလုံး ပြာလဲ့လဲ့ အရောင်များသာ လွှမ်းခြုံလျက် ရှိသည်။

နံရံဆေးရောင်အားလုံးသည် အပြာ၊ အသုံးအဆောင်ပစ္စည်း များက အပြာရောင်များ။ ယုတ်စွအဆုံး ခန်းဆီးနှင့် အိပ်ယာခင်း စောင်၊ ခေါင်းအုံးတို့သည်ပင် အပြာရောင်ပိတ်စများနှင့် ချုပ်လုပ်ထားပေ ကြောင်း တွေ့ရှိရသည်။

ကုတင်ပေါ်တွင်ကား လှပသော မိန်းမချောလေးတစ်ယောက် က အိပ်မောကျလျက် ရှိနေချေ၏။

သူမ၏ ခန္ဓာကိုယ်ပေါ်၌ အဖြူရောင် စောင်ထူထူကို ခြုံလွှမ်း ထားသည်မှန်သော်လည်း ကိုယ်လုံးကိုယ်ပေါက်ကအစ လှပသူလေးဟု ကျိုးညို မှတ်ချက်လျလိုက်မိသည်။

ထိုင်ခုံတစ်လုံးတွင် ထိုင်ကာ စာအုပ်တစ်အုပ်ဖတ်နေသည့် သူနာပြုဆရာမလေးက ၄င်းတို့သုံးယောက်အား မျက်လုံးပြူးကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ဆေး ထိုးပေးထားလို့ သူပြန်အိပ်သွားတာပါ။ နာရီဝက်လောက်ကြာရင် သူပြန်နိုးလာပါလိမ့်မယ်ရှင်" ဟု အစီရင်ခံလိုက်လေ၏။

"သြော် . . . အင်း အင်း။ ကျေးဇူးတင်ပါတယ် ဆရာမ သူနိုးလာရင်သာ ကျုပ်တို့ကို လာခေါ်လိုက်ပါ။ ညှိခန်းမှာ ရှိမယ်"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်"

ဂိုဏ်းချုပ်ကြီးက အိပ်ပျော်နေသော မိန်းမချောလေးအား တစ်ချက်ငဲ့ကြည့်လိုက်ပြီးလျှင် အဂ္ဂ၊ ကျီးညိုနှင့်အတူ ညှိခန်းရှိရာသို့ ပြန်လျှောက်လာခဲ့ကြသည်။

ကျီးညိုကမူ မြေအောက်ခန်းတစ်ခန်းဖြစ်သော်လည်း ခေတ်မီပစ္စည်းများနှင့် ဆင်ယင်ထားမှုကို တအံ့တသြ ငေးကြည့်လာမိသည်။

ညှိခန်းရောက်၍ ဆိုဖာထိုင်ခုံအသီးသီးတွင် ထိုင်မိကြသောအခါ ဂိုဏ်းချုပ်ကြီးက . . .

"မင်းတို့ကို ငါ့ အကြောင်း နဲနဲပါးပါးပြောပြရဦးမယ်"

ကောက်ကာ ငင်ကာ ပြောလိုက်သဖြင့် ကျီးညိုနှင့် အဂ္ဂတို့က ပြိုင်တူလိုလို ခေါင်းညိတ်လိုက်ကြလေ၏။

"ငါ့မှာ ငွေကြေးဆိုလို့ ပူစရာမရှိအောင် ချမ်းသာတယ်ဆိုရင် မင်းတို့ယုံကြမလားဟေ့"

"ယုံ ယုံပါတယ်ဆရာကြီး"

ကျီးညိုက မည်သို့မျှ မဆိုသော်လည်း အဂ္ဂကမူ သွက်သွက်လက်လက်နှင့် ပြောလိုက်လေ၏။



"ဒီ ဒုစရိုက်ဂိုဏ်းကြီးကိုထောင်ပြီး၊ ဒုစရိုက်မှုတွေကို ပြုမူလုပ်ရှားရတာဟာ ငါ့ အဖို့ အရသာတစ်ခုလို ဖြစ်နေတယ်ဆိုရင် တခြားလူတွေက အံ့သြကြမှာ အင်း"

"ဟုတ်ကဲ့"

"မှန်ပါတယ် ဆရာကြီး"

"ဒါကြောင့်လဲ၊ ငါဟာ ပစ္စည်းဥစ္စာချမ်းသာပေမယ့်၊ သံယောဇဉ် ဖြစ်မိ[illegible]ကိစ္စဆိုရင် ရှောင်ခဲ့တယ်၊ အထူးသဖြင့် မိန်းမယူတဲ့ကိစ္စပေါ့ကွာ"

ကျီးညိုရော အဂ္ဂပါ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားကြရသည်။

ပြီးမှ ဂိုဏ်းချုပ်ကြီးက . . .

"အခုနအိပ်ပျော်နေတဲ့ အငြိမ့်မင်းသမီးလေးကို မင်းတို့ သတိထားမိကြမှာပေါ့" ဟု ခပ်အေးအေး ဆိုလိုက်ပြန်လေ၏။

"ဟုတ်ကဲ့"

"သတိထားမိပါတယ် ခင်ဗျာ"

"အေး . . . ရှင်းရှင်းပြောရရင် အဲ့ဒါ ငါ့ရဲ့ ဇနီးလောင်းပဲ"

"ဗျာ . . ."

"အာ . . ."

www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်းအံ့အားသင့်သွားကြသော လက်ရုံးနှစ်ယောက်ကို ကြည့်ကာ ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက သဘောကျလျှက် ဟားတိုက် ရယ်မောလိုက်လေ၏။

"ဟား ဟား ဟား ဟား"

ပြီးမှ အရယ်ရပ်လျှက် ဂိုဏ်းချုပ်ကြီးက . . .

"ဘာလဲ၊ မင်းတို့နှစ်ယောက်စလုံး အံ့သြသွားကြသလား အံ့သြမယ်ဆိုလဲ အံ့သြစရာပေါ့လေ၊ မင်းတို့အနေနဲ့ ငါ့ရဲ့ နောက်ကြောင်းကို မသိတော့ တွေးရခက်မှာ အမှန်ပဲ"

အခန်းဆဲ့၌ တိတ်ဆိတ်သွားသည်။ ပြီးမှ ဂိုဏ်းချုပ်ကြီးက

"ပြောရမယ်ဆိုရင် ငါပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေ အားလုံးကို အဲဒီမိန်းကလေးလဲ ပိုင်ဆိုင်သင့်တယ်လို့ ယူဆမိတယ်" ဟု ဆို၏။

သူတို့နှစ်ယောက်က နားမလည်သဖြင့် အူကြောင်ကြောင် ဖြစ်နေကြသည်။

"ငါသာ လိုချင်မယ်ဆိုရင်၊ ဟောဒီရန်ကုန်မှာ အချောအလှတွေ ဒုနဲ့ဒေးဆိုတာ မင်းတို့ သိပါတယ်၊ ငါကြိုက်တဲ့ မိန်းမကို နည်းအမျိုးမျိုးနဲ့ ယူလို့ရတယ်၊ ဒါပေမယ့် . . ."

အဂ္ဂနှင့်ကျော်ညိုက ဂိုဏ်းချုပ်ကြီး ဆက်ပြောလာမည့် စကားကို နားစွင့်နေမိကြသည်။

ထို့နောက် ဆက်ပြောသည်။



"အဲဒီမိန်းကလေးရဲ့ အနေအထား၊ နောက်ကြောင်းရာဇဝင်ကို စုံစမ်းနေခဲ့တာ အတော်ကြာပြီ၊ ရန်ကုန်မြို့အရောက်မှာ မင်းကို မရမက ဖမ်းဆီးခေါ်ဆောင်ခဲ့ဖို့ ငါ အထူးအမိန့်ပေးခဲ့တာပဲ အဂ္ဂ"

"ဟုတ် ဟုတ်ကဲ့ ဆရာကြီး"

"ဒီမိန်းကလေးကို တွေ့ပြီးတဲ့နောက်မှာ သူဟာ ငါ့ရဲ့ ဇနီးဖြစ်သင့်တယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်လေ"

"ဗျာ . . ."

"အင် . . ."

ကျော်ညိုရော အဂ္ဂပါ အံ့ချီမဆည်နိုင်ဘဲ တအံ့တသြ ရေရွတ်လိုက်မိကြသည်။

ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးကမူ လုံးဝ စကားသံရပ်သွားလျှက် အတိတ်ကို ပုံဖော် စဉ်းစားနေဟန်ဖြင့် မျက်စိများမှိတ်ကာ ငြိမ်ငြိမ်သက်သက် ရှိနေလေ၏။

ထိုခဏမှာပင် အခန်းတံခါးက ရုတ်တရက် ပွင့်သွားခဲ့သည်။ အခန်းဝမှာ တွေ့ရသူကား သူနာပြုဆရာမလေး ဖြစ်သည်။ သူမက ပြောလိုက်သည်။

"လူနာ ကောင်းကောင်းကြီး သတိရနေပါပြီရှင့်"

ထိုအသံကြောင့် ဂိုဏ်းချုပ်ကြီး၏ မျက်လုံးများ ဖျတ်ခနဲ ပွင့်သွားသည်။

www.burmeseclassic.com



"ဩော် . . . အေး အေး"

သူနာပြုဆရာမလေး ပြန်လည်ထွက်ခွာသွားသောအခါ ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက ထိုင်ရာမှ ထလိုက်သည်။

ပြီးမှ ၎င်းက . . .

"ကဲ . . . မင်းတို့နှစ်ယောက် ဒီမှာ အနားယူရင်း ခဏနေခဲ့ကြ၊ ငါ မကြာခင် ပြန်လာခဲ့မယ်" ဟု ပြောလိုက်လေ၏။

နှစ်ဦးသာ ခေါင်းညိတ်လိုက်ကြစဉ်အခိုင် ဂိုဏ်းချုပ်ကြီး အခန်းတံခါးကို ဖွင့်ကာ ထွက်သွားတော့သည်။

အခန်းထဲ၌ နှစ်ယောက်သား ကျန်ရစ်သောအခါ ကျီးညို စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာလိုက်သည်။

"ကျီးညို"

"ဘာလဲ ကိုယ့်လူ"

"မင်း ဘယ်သူလဲ"

"ဘာ . . ."

"မင်းဘယ်သူလဲလို့ မေးနေတာ၊ မေးခွန်းက ရှင်းရှင်းလေး" ကျီးညိုက မျက်နှာမဲ့လိုက်သည်။



ပြီးမှ သူက . . .

"ကျီးညိုဟာ ကျီးညိုပေါ့ကွ၊ ဒီထက်ရှင်းတဲ့အဖြေ ရှိသေးလို့လား" ဟု ဘုကျကျပြန်ပြောလိုက်လေ၏။

"ဟဲ ဟဲ ဟဲ ဟဲ"

ဘုကျကျပြန်ပြောလိုက်သည့် ကျီးညို၏ အဖြေကို သဘောကျကာ အဂ္ဂက ရယ်မောလိုက်သည်။

ပြီးမှ အဂ္ဂက . . .

"စိတ်မတိုပါနဲ့လေ၊ ရှင်းရှင်းပြောရရင် ငါဟာ မြေအောက် ဒုစရိုက်လောကသား တစ်ယောက်ပေါ့၊ မြေအောက် ဒုစရိုက်လောကမှာ ကျင်လည်ခဲ့တာနှစ်ပေါင်းများစွာ ကြာပြီလို့လဲ ဆိုနိုင်တယ်" ဟု ပြောလိုက်ပြန်၏။

"အဲဒါ ဘာဖြစ်သလဲကွ"

ကျီးညိုက ဘုဆတ်ဆတ် ပြောလိုက်ပြန်သည်။

"ဘာဖြစ်သလဲ ဟုတ်လား၊ ငါ သိချင်တာက မင်းဟာ မနေ့တစ်နေ့ကမှ ဒုစရိုက်လောကမှာ ပေါ်လာပြီး၊ တစ်ကိုယ်တော် ကျီးညို၊ ပတ္တမြားကျီးညိုဆိုပြီး ဖြစ်လာတာ ဘာရည်ရွယ်ချက်နဲ့လဲ ဆိုတာပဲ"

ကျီးညိုက မျက်မှောင်ကုတ်လျှက် အဂ္ဂကို စိုက်ကြည့်နေလိုက်သည်။

www.burmeseclassic.com



"ဒီမှာ အဂ္ဂ၊ ဒုစရိုက်မှုနဲ့ အသက်မွေးတဲ့ လူတစ်ယောက်ဟာ ကြုံကြိုက်တဲ့အချိန်မှာ ကြုံကြိုက်သလို ဒုစရိုက်မှု ကျူးလွန်နိုင်တာပဲကွ ဒီအတွက် မင်းကို ဖြေရှင်းချက်ပေးစရာ ဘာအကြောင်းမှ မရှိဘူး"

အဂ္ဂက ရိသဲ့သဲ့ ပြုံးသည်။

ပြီးမှ ၄င်းက . . .

"အေးလေ . . . တစ်နေ့ကျရင်သာ မင်းကို ငါကိုယ်တိုင် သုတ်သင်သတ်ဖြတ်ရတဲ့ အဖြစ်မျိုး မရောက်ပါစေနဲ့လို့ ငါဆုတောင်းတယ်" ဟု ပြောလိုက်လေ၏။

"အလို . . . မင်းစကားက ထူးဆန်းလှချည်လား။ နေစမ်းပါဦး။ မင်းက ဘယ်သူမို့လဲ"

"ငါ့နာမည် အဂ္ဂပါ၊ ဒုစရိုက်သမား တစ်ယောက်ပါပဲ သို့ပေမယ့် ငါဟာ ဘယ်သူဆိုတာ တစ်နေ့မှာ မင်း ကောင်းကောင်း သိရပါလိမ့်မယ်လေ"

အဂ္ဂစကားကြောင့် ကိုးညို ပါးစပ်ပိတ်သွားရတော့သည်။

## အခန်း (၁၄)

"ခွပ် . . . ခွပ် . . . ခွပ်"

"ခွပ် . . . ခွပ်"

ရုံးခန်းအတွင်း၌ လက်နောက်ပြစ်လျှက် လမ်းလျှောက်နေသော တပည့်ဖြစ်သူ ဂျမဒါမှူးသာကို စုံထောက်အရာရှိ အိုင်အိုနန်းထိုက်က စီးကရက်မီးခိုးများကြားမှ ခပ်အေးအေး ငေးကြည့်နေမိပေသည်။

ပြန်လျှောက်လာသော ဂျမဒါမှူးသာက စားပွဲရှေ့တည့်တည့် အရောက်တွင် ခြေလှမ်းများကို ရပ်တန့်လိုက်တော့၏။

ပြီးမှ ၄င်းက . . .

"ဆရာရယ်၊ သဲလွန်စရနေမှတော့ ကျွန်တော့်အနေနဲ့ အဲဒီအိမ်ကြီးကို ဝိုင်းပြီး စစ်ဆေး ဖမ်းဆီးလိုက်ချင်တာ အမှန်ဘဲ၊ ဆရာက အမိန့်မပေးလို့သာ . . ." ဟု မကြေမနပ် ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က ကိုယ်ကို မတ်လိုက်သည်။ ပြီး . . . စီးကရက်ကို အားပါးတရဖွာပြီးနောက် ပြာခွက်အတွင်း ထိုးခြေလိုက်လေ၏။

"ကဲ . . . ဒီမှာ ထိုင်စမ်းပါ မူးသာ"

"ဟုတ်ကဲ့"

ဂျမဒါ မူးသာတစ်ယောက် စားပွဲရှေ့မှ ခုံမှာ ထိုင်မိသည်တွင် အိုင်အိုနန်းထိုက်က . . .

"မင်းဟာ . . . စီအိုင်ဒီမှာ အတော်ဆုံး စုံထောက်တစ်ယောက်ဖြစ်တယ်လို့ ငါ မကြာမကြာ ချီးကျူးနေခဲ့တာကွ ဒါပေမယ့် အခုတော့ အဲဒီချီးကျူးမှုကို ပြန်ပြီး ရုတ်သိမ်းရတော့မယ် ထင်တယ်" ဟု ဆိုလိုက်လေ၏။

"ဗျာ . . ."

အိုင်အိုနန်းထိုက်စကားကြောင့် ဂျမဒါမူးသာအံ့ဩကာ အမှတ်မထင် ရေရွတ်လိုက်မိသည်။

"ဒီလိုပြောတာဟာ မင်းကို ရှုံ့ချတာ မဟုတ်ရပါဘူးကွာ မင်း စဉ်းစားကြည့်လေ၊ အခုတလော မြေအောက် လောကမှာ ဒုစရိုက်မှုတွေ ဘယ်လောက်များပြားနေသလဲ၊ သတင်းစာကလဲ ဆော လုပြီ"

"ဟုတ်ကဲ့"



"သူတို့ရေးသလို တို့ ပုလိပ်အဖွဲ့ကလဲ တရားခံမရှာနိုင်အောင် ဖြစ်နေတယ်၊ ပြောရမယ်ဆိုရင် မင်းနဲ့ ငါ တွေးဆထားသလို၊ ဒုစရိုက်မှုတွေရဲ့ နောက်ကွယ်မှာ အင်အားကြီးမားတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်း ဒါမှမဟုတ် ဒုစရိုက်ခေါင်းဆောင်တစ်ယောက် ရှိနေရမယ် မဟုတ်လား"

"မှန်ပါတယ် ဆရာ"

"အေး . . . အဲဒီယူဆချက်အတိုင်း မင်းဟာ မမျှော်လင့်ဘဲ စွန့်စွန့်စားစားနဲ့ ဒုစရိုက်ဂိုဏ်းချုပ်လို့ ထင်ရတဲ့ နေရာတစ်ခုကို အရည်အချင်းရှိရှိနဲ့ ခြေရာခံနိုင်ခဲ့တာ ချီးကျူးစရာပါပဲ၊ ဒါပေမယ့်"

ဂျမဒါမူးသာက ငြိမ်သက်စွာ နားထောင်နေသည်။

ပြီးမှ ၎င်းက . . .

"ဒါပေမယ့် . . . ဘာဖြစ်သလဲ ဆရာ၊ အမိန့်ရှိပါ" ဟု ဆိုလိုက်လေ၏။

ဤတွင် အိုင်အိုနန်းထိုက်က . . .

"အင်း . . . ဒါပေမယ့် အဲဒီသဲလွန်စကို ဆုပ်ကိုင်ပြီး ဖမ်းဆီးလိုက်ရင် သူတို့ကို လုံးဝ အစဖျောက်အောင် လုပ်လိုက်သလို ဖြစ်သွားမယ်ကိုယ့်လူ" ဟု ပြောလိုက်လေ၏။

"ဘာဖြစ်လို့လဲ ဆရာ"

အိုင်အိုနန်းထိုက်က ငွေ့ငွေ့ ပြုံးလိုက်သည်။

ပြီးမှ သူက . . .

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ မသိနိုင်တဲ့ အကြောင်းတရားတွေ အများကြီး ရှိတယ်ကွ" ဟု တစ်ကိုယ်တည်း ရေရွတ်သလိုပြောကာ စတိုင်လို စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေလေ၏။

"ကျွန်တော်တော့ ဘာမှနားမလည်နိုင်အောင် ဖြစ်မိတာ အမှန်ဘဲ ဆရာ"

ဂျမဒါမှူးသာက ခေါင်းမှဆံပင်များကို ကုတ်ဖွကာ ငြီးငြူသကဲ့သို့ ပြောလိုက်လေ၏။

အိုင်အိုနန်းထိုက်က စီးကရက်မီးခိုးများ ကြားမှ ဂျမဒါမှူးသာကို ကြည့်နေပြီးလျှင် . . .

"မင်း သတိထားမိမှာပါ၊ ရန်ကုန်မြို့မှာ ဒုစရိုက်မှုတွေ များပြားစပြုလာတဲ့အချိန်မှာ ငါဟာ မင်းကိုတောင် အသိမပေးဘဲ လျှို့ဝှက်ကိစ္စ တစ်ခုကို ဖန်တီးခဲ့တယ် မှူးသာရ" ဟု ပြောလိုက်လေ၏။

"ဘယ်လို လျှို့ဝှက်ကိစ္စလဲ ဆရာ"

ထိုအခါ အိုင်အို နန်းထိုက်က အံဆွဲကို ဖွင့်၍ ဓါတ်ပုံတစ်ပုံကို ထုတ်ပြလိုက်သည်။

ဂျမဒါမှူးသာက စေ့စေ့စပ်စပ်ကြည့်ရှုပြီးနောက် . . .

"ဓါတ်ပုံဟာ နှစ်တော်တော်ကြာပြီလို့ ယူဆရတာဘဲ ဆရာ၊ လူရုပ်တောင် ပီပီသသမရှိအောင် ပျက်ပြယ်နေပြီပဲ" ဟု တအံ့တသြပြောလိုက်လေ၏။



အိုင်အိုနန်းထိုက်က မည်သို့မျှ မဆိုဘဲ ခေါင်းညိတ်လိုက်သည်။

ပြီးမှ အံဆွဲထဲလက်နှိုက်၍ နောက်ထပ်ဓါတ်ပုံတစ်ပုံ ထုတ်ပေးလိုက်ပြန်သည်။

"အို . . . ဒါက အမျိုးသမီးတစ်ဦးပုံပဲ၊ တော်တော် ချောတဲ့ အမျိုးသမီးလို့ ဆိုရမှာဘဲ ဆရာ"

"အေး . . . မင်းရဲ့ မှတ်ချက်ဟာ မဆိုးလှပါဘူး။ အဲဒီဓါတ်ပုံဟာ အငြိမ့်မင်းသမီးလေး စိန်မြချယ်ရဲ့ ဓါတ်ပုံပေါ့"

"အို . . ."

ဂျမဒါမှူးသာကစ်ယောက် ထပ်မံ အံ့သြသွားရပြန်တော့သည်။

"ဒီဓါတ်ပုံတွေကို လူတစ်ဦးတစ်ယောက်က ငါ့ အိမ်လိပ်စာနဲ့ စာတိုက်က ပေးပို့လိုက်တယ်လေ"

"သြ . . . ဒီလိုကိုး"

"ပြောရမယ်ဆိုရင်၊ ဒီဓါတ်ပုံတွေကို ပို့လိုက်သူဟာ ရည်ရွယ်ချက်တစ်ခုခုနဲ့ ပို့လိုက်တာ ဖြစ်မှာပဲဆိုတာ ရိပ်မိလို့ ငါဟာ ဒုစရိုက်လောကသား အတော်များများဆီ လှည့်လည်ပြီး ဒီဓါတ်ပုံသဲလွန်စကို မေးမြန်းထောက်လှမ်းခဲ့တယ်"

"ဒါတွေ ကျွန်တော် မသိခဲ့ဘူးနော်"

"ဘယ်သိမလဲကွာ၊ ဒါနဲ့ ပြောရမယ်ဆိုရင် ဒီဓါတ်ပုံပိုင်ရှင်ဟာ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်း ပြောနိုင်တဲ့လူ မရှိအောင်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျူမဒါ မှူးသာက ငြိမ်ငြိမ်သက်သက် နားထောင်နေသည်။

အိုင်အိုနန်းထိုက်က သောက်လက်စ စီးကရက်ကို ပြာခံခွက်အတွင်း ထိုးခြေရင်း . . .

"ဒါပေမယ့် . . . တစ်နေ့မှာ လူတစ်ယောက်က တယ်လီ ဖုန်းကနေ သတင်းတစ်ခု ပေးလာခဲ့တယ်" ဟု ဆိုလိုက်လေ၏။

"ဟင် . . . ဟုတ်လား။ ဘယ်လို သတင်းမျိုးပါလိမ့်"

"ဓါတ်ပုံပိုင်ရှင်ဟာ တစ်ခါက ပင်လယ်ဓါးပြကြီးတစ်ယောက် ဖြစ်တဲ့ ဦးကျောက်ဆောင်တဲ့လေ"

"ဟင် . . ."

"အဲဒီ သတင်းပေးတဲ့လူဟာ ဘယ်သူဖြစ်နိုင်မလဲ မင်း စဉ်းစား ကြည့်စမ်းမှူးသာ"

ဂျူမဒါမှူးသာက ခေါင်းညိတ်လျက် လေးလေးနက်နက် စဉ်းစား နေဟန်ဖြင့် ငြိမ်သက်နေသည်။

ပြီးမှ ၎င်းက . . .

"သိပြီဆရာ၊ အဲဒီလူဟာ ဆရာ့ဆီကို ဓါတ်ပုံတွေ လျှို့ဝှက် ပေးလိုက်တဲ့ လူပဲဖြစ်ရမယ်၊ ဘယ့်နှယ့်လဲ ဆရာ"ဟု အားတက် သရော ပြောလိုက်လေ၏။

"မှန်တယ်၊ မင်းသိပ်တော်ပါတယ် မှူးသာ၊ အဲဒီလူပါပဲ"



"သူက ဘာရည်ရွယ်ချက်နဲ့ အဲဒီဓါတ်ပုံတွေကို ပေးလိုက် တာလဲဆရာ"

အိုင်အိုနန်းထိုက်က သိမ်သိမ်မွေ့မွေ့ ပြုံးလိုက်ပြီးလျှင် . .

"အဲဒီ ပင်လယ်ဓါးပြကြီးဟာ လောလောဆယ်မှာ ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်းကို ဦးဆောင်ပြီး ရန်ကုန်မြို့ တစ်ဝိုက်မှာ လှုပ်ရှားနေပုံရတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးကို ဖမ်းဆီးမိနိုင်အောင် သဲလွန်စ ပေးလိုက်တာလို့ ယူဆနိုင်တယ်ကွ" ဟု ဆို၏။

"ဖြစ်နိုင်ပါတယ် ဆရာ"

အတန်ကြာမျှ သူတို့ စကားပြတ်သွားကြ၏။

ပြီးမှ အိုင်အိုနန်းထိုက်က . . .

"နောက်ဆုံးပြောချင်တာက ငါဟာ ရန်ကုန်မြို့ရဲ့ လူမိုက် အဓိပတိ လမ်းမတော် ဖိုးတုတ်နဲ့တောင် တိုင်ပင်ပြီး လျှို့ဝှက်အစီအစဉ် တစ်ခု ပြုလုပ်ခဲ့တယ်" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ညအမှောင်သည် ပိန်းပိတ်အောင် မှောင်လျှက် ရှိချေ၏။

"ဒီးဒုတ် . . . ဒီးဒုတ်"

ည အစာရှာထွက်သော ဒီးဒုတ်တစ်ကောင်၏ အောမြည်သံက ခြံကြီးထဲရှိ သစ်ပင်များစွာအနက် အပင်တစ်ပင်မှ စူးစူးရှရှ ထွက်ပေါ်လာသည်။

ခြံကြီး တစ်ခြံလုံးကား တိတ်ဆိတ်ခြင်းဖြင့် လွှမ်းစွာချောက်ချားဖွယ် ကောင်းလှလေသည်။

အမှောင်ရိပ်ကလည်း သိပ်သိပ်သည်းသည်း ရှိနေရာ ထို အမှောင်ရိပ်များကြားမှ လူရိပ်တစ်ခုမှာ တောကြောင်တစ်ကောင်အလား အိမ်မည်းကြီးရှိရာသို့ လျှင်မြန်စွာ ရွေ့လျားသွားနေလေ၏။

လေက တသဲသဲ တိုက်ခတ်လျှက်ရှိရာ သစ်ရွက်သီးစ်ခက်များက တဖျပ်ဖျပ် လှုပ်ရှားလျှက် ရှိနေလေ၏။



လူရိပ်သည် အိမ်ကြီး၏ တံခါးဆီသို့အရောက်၌ မိုးကာအင်္ကျီထဲမှ တစ်စုံတစ်ရာသောပစ္စည်းကိုထုတ်ကာ တံခါးဂျက်ကို ပြုတ်အောင် ကြိုးစားနေလေသည်။

မကြာမီ . . . ချက်ကျသံ သဲ့သဲ့က လေတိုးသံများကြားတွင် ထွက်ပေါ်လာသည်။

သူက တံခါးနားသို့ ကပ်ကာ အတွင်းမှ အသံဗလံများကို အကဲခတ်လိုက်သည်။

စိတ်ချရမှ တံခါးကို လူတစ်ကိုယ်စာဝင်သာယုံ ဟကာ အတွင်းသို့ လုစ်ခနဲ ဝင်လိုက်သည်။

ပြီး . . . တံခါးကို မူလအတိုင်း ပြန်စေ့လိုက်၏။

"ဒင် ဒင် ဒင်"

"ဒင် ဒင် ဒင်"

ရှေးဟောင်းနာရီအိုကြီးက ဆယ့်နှစ်နာရီထိုးပြီ ဖြစ်ကြောင်း အချက်ပေးတီးခတ်နေရာ အိမ်ကြီးအတွင်း၌ ဟိန်းသွားလေ၏။

မိုးကာ အင်္ကျီနှင့်လူက မြေအောက်ခန်းတံခါးရှိရာသို့ တိုးကပ်သွားသည်။

ထိုစဉ် . . . လေခါးအကွယ်မှ တိုးညှင်းသော လှုပ်ရှားသံကို သူကြားလိုက်ရသည်။

"ဝိုး . . ."

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က သူ့ကို အလစ်တွင် ခုန်အုပ်လိုက်ခြင်း ဖြစ်သည်။

သို့သော် . . . နီးကြားသတိရှိသော မိုးက အကျီနှင့်လူက ခြေလှမ်းကို ရုတ်တရက်တန့်ကာ အားပါလှသည့်လက်ပြန် လက်ဝါး စောင်း ရိုက်ချက်တစ်ချက်ကို အသုံးပြုလိုက်သည်။

"ဒုတ် . . ."

"အင့် "

လက်ဝါးစောင်းခုတ်ချက်က ချက်ကောင်းဖြစ်သည့် လည် ကုတ်ကို ထိသွားရာ အထိခံရသူမှာ မျက်ဖြူလန်၍ လဲကျမည်သို့ ဖြစ်သွားရ၏။

ထိုအခါ မိုးကာ အကျီနှင့်လူက ထိုသူ့အနားသို့ တိုးကပ်ကာ ကြမ်းပြင်ပေါ်သို့ အသာအယာချပေးလိုက်တော့သည်။

"ဝူး . . . "

မိုးကာအကျီနှင့်လ[illegible] လေပူတစ[illegible]ခကို မှုတ်ထုတ်လိုက် ပြီးမှ သတိလစ်နေသူ ကု[illegible] [illegible] [illegible]စပ် စမ်းသပ်ရှာဖွေ လိုက်သည်။

သူ့လက်ထဲ၌ သော့တွဲပါလ[illegible]အခါ မဆိုင်းမတွပင် မြေအောက်ခန်းတံခါးသော့ခလောက်အ[illegible] [illegible]ကဲသွက်လက်လက် ဖွင့် လိုက်၏။



"ကလစ်"

သူက တံခါးကို ဆွဲဖွင့်ကာ မြေအောက်လှေကားအတိုင်း ဆင်းမည်ပြုပြီးမှ တစ်စုံတစ်ရာ သတိရကာ သတိမေ့နေသူထံ ပြန်လျှောက်လာ၏။

ပြီးလျှင် . . . ထိုခန္ဓာကိုယ်ကြီးအား လှေကားအကွယ် မှောင်ရိပ် ဆီသို့ ဒယုဉ်တိုက် ဆွဲယူလာခဲ့သည်။

ထို့နောက် မြေအောက်ခန်းဆီသို့ ဆင်းလာခဲ့တော့သည်။

မြေအောက်ခန်း၌ကား အအေးဓါတ်သည် စိမ့်နေအောင် ပျံ့နှံ့ နေသည်။

"ဖျပ် ဖျပ်"

"ဟင် . . . "

သစ်သားစည်များ ထားရာမှ အသံကြောင့် သူက မိုးကာအကျီ အိတ်အတွင်းသို့ လက်နှိုက်ကာ သေနတ်ကို ထုတ်ယူလိုက်သည်။

"ဟူး . . ."

သို့သော် မြင်ရသည်မှာ ကြောင်နက်ကြီး ဖြစ်သောကြောင့် သက်ပြင်းတစ်ချက်ကိုသာ ခပ်လေးလေး ချလိုက်မိသည်။

"ညောင်"

ကြောင်နက်ကြီးက စူးရှသော မျက်လုံးနှင့် သူ့ကို စိုက်ကြည့်ကာ တစ်ချက်မျှအော်မြည်ပြီးနောက် မှောင်ရိပ်သို့ တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားတော့သည်။

ထိုအခါကျမှ သူက အခန်းတစ်ခန်းဆီသို့ လှစ်ခနဲ တိုးသွားလေ၏။

အခန်းအနီးသို့ ကပ်နားထောင်လိုက်သောအခါ အတွင်းမှ မသိမသာ လှုပ်ရှားသံတစ်ခုကို သတိပြုလိုက်မိသည်။

သူက အင်္ကျီအိတ်ထဲမှ မာစတာကီးခေါ် သော့ဝိဇ္ဇာကို ထုတ်၍ အခန်းကို ဖွင့်လိုက်၏။

"ထောက်"

တံခါးပွင့်သံနှင့်အတူ အတွင်းဖက်မှ ရွေ့လျားသံကို သဲ့သဲ့မျှ ကြားလိုက်ရသည်။

သူက အချိန်မဆိုင်းပါ။

အခန်းတံခါးဖွင့်ကာ လှစ်ခနဲ တိုးဝင်၍ ကုတင်ပေါ်မှ ထထိုင်ရန် ကြိုးစားနေသည့် မိန်းမပျိုကို ပါးစပ်ပိတ်လိုက်သည်။

"ဝူး . . . ဝူး"

အမျိုးသမီးချောက ရုန်းကန်လျက် အော်ဟစ်ရန် ကြိုးစားသည်။

သို့သော် . . . ထိုသူက မအော်နိုင်ရန် အားဖြင့် ဖိထားပြီးလျှင် ကသောကမျော ပြောလိုက်သည်။

"မ . . . မအော်ပါနဲ့၊ စိန်မြချယ်၊ ကျွန်တော်ဟာ ရန်သူ မဟုတ်ပါဘူး၊ ခင်ဗျားကို ကယ်ဖို့လာတဲ့လူပါ"



ထိုစကားကြောင့် စိတ်မြချယ်က အော်ရန် မကြိုးစားတော့ပေ။

သို့သော် . . . ရုန်းကန်လျက်သာ ရှိနေဆဲ။

"ယုံပါဗျာ၊ ကျွန်တော်ဟာ ခင်ဗျားကို ကယ်ဖို့ စွန့်စားပြီး ရောက်လာရတာပါ စိန်မြချယ်၊ ခင်ဗျားသာ အော်လိုက်ရင် စောင့်နေတဲ့ သူတွေ နိုးလာပြီး ရန်ရှာတော့မှာ အမှန်ပဲ"

စိန်မြချယ် ကိုယ်ခန္ဓာမှ သင်းပျံ့သော ရနံ့ကလေးများကို ရှိုက်မိရင်း မိုးကာအင်္ကျီနှင့် လူက ထပ်မံရှင်းပြလိုက်သဖြင့် ရုန်းကန်နေသော စိန်မြချယ် ခန္ဓာကိုယ်လေး ငြိမ်သက်သွားသည်။

သူမ သဘောပေါက်သွားဟန် ရှိ၏။

ထို့ကြောင့် . . . မိုးကာအင်္ကျီနှင့်လူက ပိုင်စိုးပိုင်နင်း ပွေ့ဖက်ထားသောလက်ကို ဖြေလိုက်သည်။

ထို့မှမကာ ပါးစပ်အပေါ် တင်းကြပ်စွာ ဖိကပ်ထားသောလက်ကိုလည်း ရုတ်သိမ်းလိုက်၏။

မှောင်ထဲမှာပင် နီးကပ်သော အတွေ့အထိနှင့်အတူ မျက်လုံးချင်း ဆုံမိကြသည်။

"ရှင် . . . ဘယ်သူလဲ"

"ကျွန်တော် ဘယ်သူဆိုတာ ပြောပြလဲ စိန်မြချယ် သိနိုင်မှာ မဟုတ်ပါဘူးလေ"

စိန်မြချယ်က ကြောက်ရွံ့ဟန်ဖြင့် သူ့ကို စူးစိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မကြောက်ပါနဲ့စိန်မြချယ်၊ ကျွန်တော်ဟာ ခင်ဗျားကို မတော ဖမ်းဆီးခေါ်ဆောင်လာသူတွေ လက်ထဲက လွတ်ကင်းအောင် ကယ်ထ မယ့်လူပါခင်ဗျာ"

"ကျွန်မက ဘယ်လို ယုံရမှာလဲရှင်"

မိုးကာအကျီနှင့်လူ ဘာပြောရမှန်းမသိအောင် ဖြစ်သွား သည်။

ပြီးမှ ၄င်းက . . .

"ခင်ဗျားယုံတာ မယုံတာ အပထားပါလေ၊ ဒါပေမယ့် ခင်ဗျာ ကို မတရားဖမ်းဆီးထားတဲ့ ရွှေပင့်ကူ ဂိုဏ်းခေါင်းဆောင်ကြီးဟာ တော်တော်ကြောက်ဖို့ကောင်းတဲ့ ဒုစရိုက်သမားတစ်ယောက်လို့ ဆိုနိ တယ်ဗျ" ဟု ပြောလိုက်လေ၏။

"အို . . . ဟို ဟို ဦးကျောက်ဆောင်ဆိုတဲ့ လူကြီးလား"

"ဒါပေါ့ ဒါပေါ့"

သူတို့ အတန်ကြာမျှ ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

ခန္ဓာကိုယ်နှစ်ခုက ခုတင်ပေါ်တွင် နီးကပ်စွာ ရှိနေ တစ်ယောက်၏ အသက်ရှူသံကိုပင် တစ်ယောက်က ကြားနေရသည် ဟု ဆိုရပေမည်။

ထိုနောက် မိုးကာအကျီနှင့်လူက . . .



"ဒီလိုလုပ်ပါ စိန်မြချယ်၊ အဲဒီဦးကျောက်ဆောင်ဆိုတဲ့ လူကြီး ရှိယာယ်နဲ့ အဆင်ပြေအောင် ဆက်ဆံပါ၊ ဒီညကစပြီး သုံးရက်မြောက် ည့မှာ ကျွန်တော်လာခေါ်မယ်၊ ဘယ့်နှယ့်လဲ"

စိန်မြချယ် မျက်လုံးကလေးများ အမှောင်တွင်းမှာပင် အရည်လဲ့ သွားသည်။

ပြီးမှ သူမက . . .

"ရှင် . . . တကယ်ပြောတာနော်" ဟု မယုံမရဲမေးလိုက်လေ၏။

"တကယ်ပါဗျာ၊ ဆက်ဆက်သာ စောင့်နေပါ၊ တံခါးကို အတိုင်းပဲ အပြင်က ပိတ်ထားတာလား"

"ဟုတ်တယ်၊ အမြဲလိုလို အပြင်က သော့ခပ်ပိတ်ထားတာ ည်းပါဘဲ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်နည်းနဲ့ကျွန်တော် ဖွင့်ပါ့မယ်၊ န်မြချယ်သာ အဲဒီညမှာ အဆင်သင့် စောင့်နေပါနော်"

"ဟုတ်ကဲ့"

"ဪ . . . အဲဒီညမှာ သတိမေ့ပြီး လန့်ဖြန့်မအော်လိုက် မိနဲ့နော်"

စိန်မြချယ်က ခေါင်းညိတ်လိုက်သည်။

ထိုနောက် . . . မှောင်ထဲမှာပင် ညှို့လူဖြစ်သော မိုးကာအကျီ င်လူကို အကဲခတ်သကဲ့သို့ စူးစူးစိုက်စိုက် ကြည့်နေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သွားပြီဗျာ"

ထိုသူက ပြောပြောဆိုဆို ကုတင်ပေါ်မှဆင်းကာ စိန်မြချယ်အနီး သို့ တိုးကပ်၍ လေသံဖြင့် နှုတ်ဆက်လိုက်သည်

"ဟုတ် . . . ဟုတ်ကဲ့"

စိန်မြချယ်မှာ စိတ်မကောင်းသကဲ့သို့ ခပ်ဆိုင်းဆိုင်း ပြန်ပြော လိုက်သည်။

"ကျွန်တော်မှာတာ မမေ့ပါနဲ့"

"သုံးရက်မြောက် ညနော်"

"အင်း"

"မှတ်မိပါတယ်ရှင်"

"ကောင်းပြီ၊ ဒါဆို သွားပြီဗျာ"

ပြောပြောဆိုဆို မိုးကာ အကျီနှင့်လူက ချာခနဲလှည့်ပြီးနော တံခါးဖွင့်ထွက်လိုက်သည်။

ပြီး တံခါးကို ပြန်စေ့လိုက်စဉ် မြေအောက်ခန်းမှ ဆူညံသော အသံဗလံများကို ရုတ်တရက်ကြားလိုက်ရပေတော့၏။

"ဝုန်း . . ."

"ဒလုန်း ဒလုန်း"

"ဟာ . . . သစ်သားစည်တွေ ငါ့ဆီကို လိမ့်ထွက်လာပါလော

ရုတ်တရက် အရှိန်ပြင်းစွာ တိုးဝင်လာသော သစ်သား



များကို ခုန်ရှောင်လိုက်စဉ်မှာပင် အောင်မြင်ခန့်ငြားသော အသံကြီး တစ်သံက မြေအောက်ခန်းအတွင်း၌ ထွက်ပေါ်လာတော့၏။

"ဟား ဟား ဟား ဟား"

ရယ်သံပိုင်ရှင်က မှောင်ရိပ်မှ တိုးထွက်လာသောအခါ မိုးကာ အကျီနှင့်လူမှာ အထူးအံ့အားသင့်သွားရပေတော့သည်။

"ဒီကောင့်ကို လုံးဝမလွှတ်စေနဲ့ဟေ့၊ ဘယ်နှယ့်ကွာ၊ ငါ့ ပိုင်နက်ကိုများ လွန်လွန်ကျူးကျူး ရောက်လာရသတဲ့"

ကြောင်နက်ကြီးကို လက်က ပွေ့ပိုက်ထားရင်း ပြောလိုက်သော လူကြီးစကားအဆုံးတွင် ကြောင်နက်ကြီးက ဩဘာပေးသကဲ့သို့ တစ်ချက်မျှ စူးစူးရှရှ အော်လိုက်လေ၏။

"ညောင်"

ထိုအခိုက် . . . သေနတ်ကိုယ်စီကိုင်ဆောင်ထားကြသော ဝတ်စုံနက်နှစ်ယောက်က မှောင်ရိပ်များမှ အသီးသီး ပေါ်ထွက်လာခဲ့ ကြသည်။

သို့သော် . . . မိုးကာအကျီနှင့်လူက လက်ထိုးနိုက်ကာ တစ်ပွင့် တည်းသာရှိသည့်မီးလုံးကို သေနတ်ပင်မထုတ်ဘဲ အကျီအိတ်အတွင်း မှပင် ပြစ်ထည့်လိုက်တော့၏။

"ဒိုင်း . . ."

"ခွမ်း . . . ချလွမ်း"

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အမှောင်ထုအတွင်း ကြောင်တစ်ကောင်ကဲ့သို့ ခုန်ပေါက်ပြေးလွှားကာ မြေအောက်ခန်းအပေါ်ဘက်သို့ လှစ်ခနဲ ထွက်ခွာသွားလေတော့၏။

✤

"အဂ္ဂ"

"ဗျာ . . . ဆရာကြီး"

"ကျီးညို"

"ခင်ဗျာ"

"ညက ကိစ္စကို မင်းတို့ ဘယ်လိုသဘောရသလဲ ဆိုစမ်းပါဦး"

ကျီးညိုက ငြိမ်နေသည်။

အဂ္ဂက . . .

"မြေအောက်ခန်းကို လူတစ်ယောက်ဝင်လာတဲ့ကိစ္စလားဆရာ"

ဟု မေးလိုက်၏။

"ဒါပေါ့ကွ၊ ဒါ့ပြင် ဘာရှိသေးလို့လဲ"

ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက သုန်သုန်မှုန်မှုန်နှင့်ပြောလိုက်ရာ အဂ္ဂရော ကျီးညိုပါ မဝံ့မရဲဖြစ်သွားကြလေသည်။

ပြီးမှ ကျီးညိုက . . .



"ကျွန်တော်မခန့်မှန်းတတ်ပါဘူး ဆရာကြီး၊ ဘာကြောင့်လဲဆိုရင် ညက ကျွန်တော် အရက်တော်တော်များများ သောက်မိပြီး အိပ်ပျော်သွားလို့ပါခင်ဗျာ" ဟု ပြောလိုက်၏။

"အဂ္ဂရော . . ."

ဤတွင် အဂ္ဂက . . .

"ဆရာကြီးတို့တိုက်က သေနတ်သံပေါ်လာတာနဲ့ ကျွန်တော်ပြေးထွက်လာတာပါခင်ဗျာ၊ သိတဲ့အတိုင်း ကျွန်တော့်နေရာနဲ့ ဆရာကြီးတိုက်ဟာ တော်တော်လေးလှမ်းတာကြောင့် ကျွန်တော်ရောက်လာတဲ့အခါ မြေအောက်ခန်းအဝမှာ သတိလစ်လဲကျနေတဲ့ နံပါတ်ဆယ့်တစ်ကလွဲပြီး ဘာမှမတွေ့ရတော့ပါဘူး" ဟု ရှင်းပြလိုက်၏။

ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးသည် စိတ်ဂယာမငြိမ်ဟန်ဖြင့် ထိုင်ရာမှထကာ ကြောင်နက်ကြီးကို ပွေ့ပိုက်ရင်း စင်္ကြံလျှောက်နေလေ၏။

"တောက်"

ပြီးမှ ဒေါသပြင်းထန်စွာ တောက်တစ်ချက်ခေါက်လိုက်သည်။

"ဒီကောင်ဟာ ငါ့ရဲ့ဇနီးလောင်း မင်းသမီးလေး စိန်မြချယ်ဆီကို လာတာအမှန်ပဲ၊ စိန်မြချယ်နဲ့ တစ်နည်းနည်း ပတ်သက်ရမယ်"

ကျီးညိုက . . .

"ဒီလိုဆို စိန်မြချယ်ဆိုတဲ့ အမျိုးသမီးကို စစ်ဆေးကြည့်ပါလား

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး” ဟု အကြံပြုလိုက်လေ၏။

ဂိုဏ်းချုပ်ကြီးက . . .

“မေးပြီးပြီလေ၊ ဒါပေမယ့် စိန်မြချယ်က သူမသိသလို ခြေသံကြားလို့ သူ အော်မယ်ကြံလိုက်စဉ်မှာ အဲဒီလူက အခန်းဖွင့်ဖို့ ကြိုးစားရာက တို့နဲ့ ရင်ဆိုင်တိုးတာပဲလို့ ဆိုတယ်ကွ”

ဟု မကျေမနပ်ပြောလိုက်လေ၏။

အဂ္ဂက . . .

“ဘာဘဲဖြစ်ဖြစ် အဲဒီလူဟာ တော်တော်ကို အတင့်ရဲတဲ့လူလို့ ဆိုရပေမှာဘဲ ဆရာကြီး”

ဟု ခန့်မှန်း ပြောကြားလိုက်လေ၏။

“ဒါပေါ့ကွာ၊ တစ်နည်းအားဖြင့်တော့ တို့ကို ဂရုထားစရာ မလိုဘူးဆိုတဲ့ သဘောမျိုးနဲ့ ရဲရဲတင်းတင်း ရောက်လာတာကွ”

“မှန်ပါတယ် ဆရာကြီး”

ကျိုးညိုက ထောက်ခံ ပြောဆိုလိုက်သည်။ ဂိုဏ်းချုပ်ကြီးက စိတ်ကို ချုပ်တည်းလိုက်ဟန်ဖြင့် ထိုင်ခုံတွင် ဖြေးလေးစွာ ထိုင်ချလိုက်၏။

ပြီးလျှင် ၄င်းက . . .

“ကဲ . . . ဒီကိစ္စကို အသာထားလိုက်ပါ၊ မင်းတို့ ဒီညမှာ လုပ်ရှားရမယ့်ကိစ္စကိုသာ အစီအစဉ် လုပ်ကြရအောင်” ဟု ဆိုလိုက်၏။



“ဟုတ်ကဲ့ဆရာ”

“အသင့်ပါဘဲ ဆရာ”

ပြီးလျှင် သူတို့က ရိုကျိုးစွာဖြင့် ဂိုဏ်းချုပ်ကြီးပြောလာမည့် စကားကို နားစွင့်နေကြရာ၊ ရှေ့ပြင်ကူဂိုဏ်းချုပ်ကြီးက အဂ္ဂနှင့်ကျိုးညိုတို့ ဦးဆောင်၍ ရတနာပွဲစား စိန်ဘာဘူတိုက် ခါးပြတိုက်မည့် ကိစ္စအား အသေးစိတ်ညွှန်ကြားချက်များ ပေး၍ အစီအစဉ်ပြောကြားလိုက်လေ၏။

နောက်တစ်နေ့ သတင်းစာများ၌ စိန်ဘာဘူတိုက် ဓါးပြတိုက် ခံရခြင်း သတင်းသည် သူရိယ သတင်းစာခေါင်းကြီးပိုင်း၌ အကျယ် တဝင့်ပါရှိလာခဲ့လေ၏။

အိုင်အိုနန်းထိုက်နှင့် ဂျမဒါမူးသာတို့သည်, စီအိုင်ဒီရုံးခန်း အတွင်းရှိ စုံထောက်အမှုထမ်းများအားလုံးကို ထိုသတင်းနှင့်ပတ်သက်၍ တရားခံများအား အထူးစုံစမ်းသိရှိနိုင်ရန် နား၊ မျက်စိကို အသုံးချရမည် ဖြစ်ကြောင်း ဩဝါဒ ပေးကြရ၏။

ဤတွင် စုံထောက်ထွန်းလင်းက . . .

“ခက်တာပဲဆရာ၊ ဒီဓစရိုက်သမားတွေက မိုးမျှော်ရှေ့ကိုယ် တွေလို ရာဇဝတ်မှုတွေကို ရတ်တရက် ကျူးလွန်တော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့လဲ ဘယ်လိုလုပ် သတင်းရမှာလဲဆရာ” ဟု ဦးငြိမ်းမြ ပြောလိုက်လေ၏။

စုံထောက်မောင်သင်က . . .

“ဟုတ်ပါ့ဗျာ၊ အမြဲလိုလို မအိပ်မနေ လူဆိုး သူခိုး ဂျပိုးတွေကိစ္စကို စနည်းနာနေရမလို ဖြစ်နေတယ်၊ စုံထောက်လုပ်စားရတဲ့ဘဝကလဲ မလွယ်လှပါလား . . .ဟူး” ဟု ဦးငြိမ်းမြရေရွတ်လိုက်လေ၏။

စုံထောက်မောင်သင်စကားကြောင့် ရုံးခန်းအတွင်း၌ ပွဲကျသွားရာ အရာရှိများဖြစ်သော အိုင်အိုနန်းထိုက်နှင့် ဂျမ်ဒါ မူးသာတို့ပင် ပြုံးလိုက်ကြလေ၏။

အိုင်အိုနန်းထိုက်က . . .

“သူ့ဆန်စား ရဲမှုဆိုသလိုပေါ့ကွာ၊ တို့ဟာ ဥပဒေဝန်ထမ်းတွေဖြစ်လေတော့၊ လူဆိုး ဒုစရိုက်သမား လူရမ်းကားတွေရဲ့ သတင်းကိုတော့ လက်လှမ်းမီသလောက် အထူး သတိဝိရိယနဲ့ စူးစမ်းနားထောင်ရမှာဘဲလေ” ဟု ဆိုလိုက်လေ၏။

ဂျမ်ဒါ မူးသာက . . .

“ဆရာ ပြောသလိုပါပဲ၊ အဲဒီလိုမှသာ ပြည်သူပြည်သားတွေ ဒုစရိုက်မှုကင်းပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ကြမှာပေါ့ကွာ” ဟု ပြောလိုက်လေ၏။

ဆူဗေဒါသော်ကြာက . . .



“မောင်သင်ပြောတာလဲ မမှားဘူးဆရာ၊ တွေးကြည့်စမ်းပါ၊ လူဆိုး ဒုစရိုက်သမားတွေဟာ သူတို့အကြံရှိတဲ့နေ့ အကြံရှိတဲ့အချိန်မှာ ဒုစရိုက်မှု ကျူးလွန်ကြတာကို ကျွန်တော်တို့ စုံထောက်တွေက အုပ်မိအောင် ဖမ်းဖို့ကိစ္စဟာ လွယ်တာမှ မဟုတ်ဘဲ၊ သိကြားသားမှ မဟုတ်တာ” ဟု ၎င်း၏ခံစားချက်ကို ထုတ်ဖော်ပြောလိုက်လေ၏။

စုံထောက်ကျော်တင့်ကလည်း . . .

“ဟုတ်ပါ့ဗျာ၊ တရားခံမမိခဲ့ရင် မျက်နှာဖြူ စုံထောက်မင်းကြီးကလဲ မျက်နှာကြီးနီရဲပြီး တဗွတ်ထဲဗွတ်၊ တရွတ်ထဲရွတ်ပြီး အလိုမကျဖြစ်၊ မြန်မာစုံထောက်တွေကို ကျိန်းလားမောင်းလားနဲ့ ၊ ဒါတင်မကသေးဘူး . . .” ဟုဆိုကာ ၎င်း၏ သောက်လက်စ စီးကရက်ကို ပြာခံခွက်ထဲသို့ စိတ်ဆိုးမာန်ဆိုး ထိုးခြေလိုက်၏။

စုံထောက်အားလုံးက စိတ်ဝင်တစား နားထောင်လျှက်ရှိစဉ် စုံထောက်ကျော်တင့်က ၎င်း၏ခံစားချက်ကို ဆက်ပြောပြန်လေ၏။

“ဒီကြားထဲမှာ သတင်းစာတွေက ပုလိပ်အဖွဲ့ကြီး ကောင်းကြောင်း မရေးဘဲ၊ အသုံးမကျကြောင်း၊ တရားခံကို ယခုထိ မဖမ်းနိုင်သေးကြောင်း၊ ရှက်ဖွယ်ကောင်းလှကြောင်း၊ အထူးကြိုးစားစေသင့်ကြောင်း၊ ပြည်သူ့ရိက္ခာကို စားသူများပီပီ ပြည်သူ့အကျိုး စီးပွားကို အသက်ပေး၍ ကာကွယ်သင့်ကြောင်း စသည့်ကလော်နေကြတာချည်းပဲ၊ ဒီထက်သာ ကြိုးစားပြီး ဆောင်ရွက်ရရင်လဲ အိပ်ကမိန်းမ

www.burmeseclassic.com

www.burmeseclassic.com



မှဆိုးမဖြစ်တာ ကြာလှပြီ"

"ဟား ဟား ဟား ဟား"

"ဟဲ ဟဲ ဟဲ ဟဲ"

"အဟတ် ဟား ဟား"

လူအားလုံးပွဲကျသွားကြရာ စီအိုင်ဒီရုံးခန်းအတွင်း၌ ဆူညံသွားတော့သည်။

"ကလင် ကလင် ကလင်"

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာရာ အိုင်အိုနန်းထိုက်က ကောက်ကိုင်လိုက်သဖြင့် စုံထောက်များအားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြပေတော့သည်။

"ဟုတ်ကဲ့ ... စုံထောက်အရာရှိ အိုင်အိုနန်းထိုက်စကားပြောနေပါတယ်၊ အမိန့်ရှိပါ"

" ------------------ "

"ဩ ... ဟုတ်ပြီ၊ ဟုတ်ပြီ"

" ------------------ "

"လက္ခယ်ညာ၊ ဒီလိုဆို မနက်ဖြန်ညပေါ့ ဟုတ်လား"

" ------------------ "

"သေချာရဲ့လား"

" ------------------ "



အိုင်အိုနန်းထိုက် မျက်မှောင်ကျုံ့လိုက်သည်။ ပြီးမှ သူက

"ကောင်းပြီလေ၊ ကောင်းပါပြီ၊ အခြေအနေပေါ်မှာ ကြည့်ပြီးရှောင်ထွက်ဖို့တော့ မမေ့မနေနဲ့နော်"

" ------------------ "

"အင်း အင်း ဒါပဲနော်"

တယ်လီဖုန်းချပြီးသောအခါ အိုင်အိုနန်းထိုက်၏ မျက်နှာမှာ သိသိသာသာ ရွှင်လန်းနေလျှက် ၎င်း၏ တပည့် စုံထောက်များအား ထူးခြားဖြစ်စဉ်နှင့် အစီအစဉ်တစ်ခုကို အောက်ပါအတိုင်း ပြောကြားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

"ကဲ ကဲ စားကြ သောက်ကြဟေ့၊ ဘာမှ အားမနာကြနဲ့ ဒီနေ့ဟာ မင်းတို့ဂိုဏ်းချုပ်ကြီးရဲ့ လက်ထပ်မင်္ဂလာ အခမ်းအနားအစီအစဉ်ဆိုလဲ မမှားဘူးပေါ့ကွာ"

ရွှေပင့်ကူ ဂိုဏ်းသားများက ဂိုဏ်းချုပ်ကြီး ဦးကျောက်ဆောင်ကို ကြောက်ရွံ့လေးစားစွာဖြင့် ကြည့်နေကြသည်။

ဂိုဏ်းချုပ်ကြီးက ဆက်ပြောသည်။

"ငါတို့ ဂိုဏ်းရဲ့ အခြေအနေ တိုးတက်မှုအတွက်လဲ အထူးမိတ်ဆုံစားပွဲလို့ သတ်မှတ်နိုင်တာပေါ့ကွာ ဟဲ ဟဲ ဟဲ"

အဂ္ဂက ခေါင်းညိတ်လျှက် . . .

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့ ရွှေပင့်ကူဂိုဏ်းကြီးဟာ အခုတလောမှာ ဒုစရိုက်မှုတွေကို ဆောင်ရွက်ရတာ သိပ်ကိုအားရစရာပဲနော်"

ဟု ပြုံးပြုံးရွှင်ရွှင်နှင့်ပြောလိုက်လေ၏။



တစ်ကိုယ်တော်ကျီးညိုမှာ စီးကရက်ကိုသာ ရှိုက်ဖွာရင်း ဂိုဏ်း ချုပ်ကြီးနှင့် မနီးမဝေးထိုင်ခုံတွင် ငြိမ်သက်စွာထိုင်နေသည့် အငြိမ့်မင်းသမီးချောလေးစိန်မြချယ်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

"ဟဲ ဟဲ ဟဲ . . . တို့ဂိုဏ်းချုပ်ကြီးရဲ့ လုပ်ငန်းဆောင်တာတွေ အောင်မြင်လာရတာဟာ ရင်းရင်းပြောရရင်တော့ အဂ္ဂနဲ့ ကျီးညိုတို့ ဆောင်ရွက်မှုကြောင့်ဆိုရရင် မမှားပေဘူးလေ"

ရွှေပင့်ကူ ဂိုဏ်းသားများက ထောက်ခံသကဲ့သို့ **ခေါင်းညိတ်**လိုက်ကြသည်။

ထိုအခိုက် ကိတ်မုန့်နှင့် လက်ဖက်ရည်များကို ဂိုဏ်းသားတစ်ဦးက သတို့သမီးလောင်းဖြစ်သူ စိန်မြချယ်ရှေ့သို့ ရိုရိုသေသေလာရောက်ချပေးသည်တွင် စိန်မြချယ်က မျက်နှာညိုးငယ်လျှက်မှရွှေပင့်ကူဂိုဏ်းသားများကို လှမ်းကြည့်လိုက်လေ၏။

ဤတွင်ကျီးညို၏ မျက်လုံးများနှင့် အမှတ်မထင် ဆုံမိသွားကာ ချက်ချင်းဦးခေါင်းပြန်ငုံ့လိုက်သည်။

ထိုနောက် ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က ပျော်ပျော်**ရွှင်ရွှင်**ဖြစ်ကာ အားလုံးကို **စိတ်ကြိုက် သောက်စား**စေ၏။

စိန်မြချယ်အတွက် **လက်ဖက်ရည်နှင့်မုန့်**ဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားများအတွက်ကား အရက်နှင့်အမြည်းများသည် လှိုင်ဘောလယ် လျှက်ရှိ၏။

ပြီးလျှင် ဂိုဏ်းချုပ်ကြီးက ခုစရိုက်ဂိုဏ်းသားများအား တစ်ဦးစီး ဆုငွေချီးမြှင့်ပေးသေးသည်။

သောက်စား၍ အသင့်အတင့် ဆူညံသည် မှန်သော်လည်း မြေအောက်ခန်းဖြစ်သောကြောင့် အသံလုံသည်ဟု ဆိုရပေမည်။

"ဆရာကြီး ကျွန်တော် ခေါင်းသိပ်ကိုက်နေလို့ အိပ်ရာကို စောစောစီးစီး ပြန်ပါရစေခင်ဗျာ"

"ဟေ ... ပြန်တော့မလို့လား"

ရုတ်တရက် ခွင့်တောင်းလာသော ကျီးညိုကို ကြည့်ကာ ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီး အံ့သြသွားလျှက် ပြန်မေးလိုက်သည်။

အဂ္ဂက ..

"ပျော်ပျော်ရွှင်ရွှင်သောက်ကြ စားကြတဲ့နေ့ကျမှ ဖြစ်ရတယ်လို့ဗျာ၊ ကဲ... ဒါဖြင့်လဲ မပြန်ခင် တစ်ခွက်လောက် ချသွားပါဦး"

ဟုဆိုကာ အရက်တစ်ခွက်ကို လှမ်းပေးလိုက်၏။

ကျီးညိုက မဆိုင်းပါ။

"ဂလောက် ဂလောက်"

သူက အရက်ခွက်ကို ဆတ်ခနဲလှမ်းယူကာ တစ်ကျိုက်



ည်း မော့သောက်လိုက်သည်။

ပြီးသည်နှင့် ဦးကျောက်ဆောင်၊ မင်းသမီးလေး စိန်မြချယ် ို့ ကြည့်နေသည့်ကြားမှာပင် မြေအောက်ခန်း လှေကားမှ တက် ရောက်လျှက် ထွက်ခွာသွားတော့သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ အဂ္ဂရာ၊ ဒီကောင်ဟာ လူတော် ်ယောက်ဖြစ်တာတော့ အမှန်ပဲ၊ ဘယ့်နှယ့်လဲ"

"မှန်ပါတယ် ဆရာ၊ အစကတော့ သူ့ကို ကျွန်တော် ယ်တိုင် အထင်မကြီးမိတာ အမှန်ပါ။ ဒါပေမယ့် သူနဲ့ အလုပ်တွဲ ်မိတော့မှ သူ့အရည်အချင်းကို နဖူးတွေ့ ဒူးတွေ့ တွေ့ပြီး ကျွန်တော် ကခံလိုက်တာပါ"

"ဟား ဟား ဟား မင်းရဲ့ ရှင်းရှင်းဘွင်းဘွင်း ပြောဆိုမှုကို ဘောကျတယ် အဂ္ဂ၊ ရေးကြီးတာက ငါ့အမိန့်ပေါ်မှာ မူတည်ပြီး ်နဲ့ ကျီးညိုဟာ ဒီဂိုဏ်းကြီးနဲ့ ဒီဂိုဏ်းသားအားလုံး အဆင်ပြေ ရေးကို ဆောင်ရွက်ကြရမှာ ဖြစ်တယ်ကွ"

"ဟုတ်ကဲ့ ဆရာကြီး"

ထို့နောက် ဂိုဏ်းချုပ်ကြီးနှင့် အဂ္ဂတို့လည်း အရက်များကို ာမ်းသောက်လျှက်ရှိနေရာ စိန်မြချယ်သည် သူမအတွက် ်တ်ထားသော အခန်းသို့အေးဆေးစွာပင် လျှောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက ဇနီးလောင်း၏ နောက်ပိုင်းကို လှမ်းကြည့်ရင်း

"ဘယ်နှယ့်လဲဟေ့ အဂ္ဂ၊ ငါ့ရဲ့ဇနီးချောလေးက နိပ်ရဲ့လား ဟဲ ဟဲ ဟဲ" ဟု အရက်နံ့စေသည့် မျက်နှာကြီးနှင့် မေးလိုက်သည်။

အဂ္ဂက မျက်စိတစ်ဖက်မှိတ်ကာ . . .

"ဘာပြောစရာလိုလို့လဲ ဆရာကြီးရယ်၊ အခုခေတ် ခါတ်ရှင် မင်းသမီးတွေတောင် ဆရာကြီးရဲ့ ဇနီးအလှကို မီမယ်မထင်ပါဘူးလေ" ဟု ပြောလိုက်လေ၏။

"ဟား ဟား ဟား ဟား"

"ဟဲ ဟဲ ဟဲ ဟဲ"

အဂ္ဂအပြောကြောင့် နှစ်ဦးသား သဘောကျသွားကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြ၏။

သို့ကြောင့်ပင် အရှိန်ရလျက် စားသောက်နေကြသည့် ဂိုဏ်းသားများမှာ လန့်ဖြန့်သွားကြရတော့သည်။

ထိုညက ညဉ့်နက်သည်အထိ စားသောက်ကြပြီးနောက် သန်းခေါင်ကျော်မှပင် ရှေ့ပင့်ကူ ဂိုဏ်းသားများ အရှိအရှိ ထွက်ခွာ သွားကြတော့သည်။

အဂ္ဂက အရက်ထပ်ငှဲ့သောက်နေဆဲ . . .

"ဟေ့ကောင် အဂ္ဂ"



"ဗျာ ဆရာကြီး"

"မင်းမပြန်သေးဘူးလားကွ"

"ကျွန် ကျွန်တော် . . ."

သူက အာလေးလျှာလေးနှင့် အရက်ခွက်ကိုကိုင်ရင်း ဒယီး ဒယိုင် ဖြစ်နေသည်။

ဂိုဏ်းချုပ်ကြီးက ဒေါသဖြစ်သောအကြည့်နှင့် ကြည့်လိုက်သည်။

ပြီးမှ သူက . . .

"ကိုယ့်ဆရာသမား အနေနဲ့ မင်္ဂလာဦးညမှာ လွတ်လွတ် လပ်လပ် နေချင်တယ်ဆိုတာ မင်းမသိဘူးလား။ ထွီ . . . အလိုက် ကန်းဆိုးမသိတဲ့ကောင်" ဟု ပျစ်ပျစ်နှစ်နှစ်ပြောလိုက်လေ၏။

"ဗျာ"

ထိုအခါကျမှအဂ္ဂတစ်ယောက် အမူးပြေသွားကာ လန့်ဖြန့် သလို ဖြစ်သွားရသည်။

ထို့နောက်မှ . . .

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်လဲ သောက်ကောင်းကောင်းနဲ့ သောက်နေမိတယ်၊ သဘောပေါက်ပါပြီ၊ ခွင့်ပြုပါ ဆရာကြီး"

ဟု တောင်းပန်စကား ပြောကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက ဇနီးလောင်း စိန်မြချယ်အတွက် သတ်မှတ်ထားသည့် မလှမ်းမကမ်းမှ အခန်းဆီသို့ တစ်ချက်ဝေ့ကြည့် လိုက်ပြီးလျှင် . . .

"အေးကွာ . . . ငါလဲ ဇော်မွှန်ပြီး ပြောလိုက်မိတာ၊ ငါပြောတာကို စိတ်မဆိုးပါနဲ့ တပည့်ကြီးရာ . . . ဟဲ ဟဲ ဟဲ " ဟု နှစ်သိမ့်စကား ပြောကြားလိုက်၏။

ပြီးလျှင် အဂ္ဂက လက်ပြနုတ်ဆက်ကာ မြေအောက်ခန်းအပေါ်သို့ တက်ရာတံခါးဝသို့ လျှောက်သွားနေသည်။

ထိုနည်းတူစွာပင်ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးကလည်း အဂ္ဂကို တစ်ချက်မျှ ကြည့်ကာ ခြေလှမ်းကျဲကြီးများနှင့် စိန်မြချယ်အခန်းရှိရာသို့ လျှောက်သွားနေလေ၏။

"ဟိုက် . . . မီးခြစ်ကျန်ခဲ့ပြီ"

အဂ္ဂက စားပွဲဆီသို့ ပြန်လျှောက်လာကာ ၎င်း၏ ရွှေရောင်မီးခြစ်ကလေးကို ယူလိုက်သည်။

"ညောင် . . . ညောင်"

"မီးညောင်"

"ဟိုက် . . . အလိုလေး"

ထိုအခိုက် . . . ရွှေပင့်ကူဂိုဏ်းချုပ်ကြီး၏ အလန့်တကြားရေရွတ်သံနှင့်အတူ ၎င်း၏အချစ်တော်ကြောင်နက်ကြီး၏ အဆက်မပြတ်အော်မြည်သံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။

ထို့ကြောင့် . . . အဂ္ဂက လှမ်းမည့်ဆဲဆဲ ခြေလှမ်းများကို ရပ်တန့်ကာ လှမ်းမေးလိုက်သည်။

"ဆရာကြီး၊ ဆရာကြီး ဘာဖြစ်လို့လဲဟင်"

"အဂ္ဂလား၊ ဒီမှာ ဒီမှာ ငါ့ဇနီးချောလေး စိန်မြချယ် မမရှိတော့ဘူးကွ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အဖြစ်အပျက်တွေကတော့ အဲဒါပါပဲ ဆရာကြီးခင်ဗျာ"

ကျီးညိုခေါ် မောင်ခက်နွယ်၏ စကားအဆုံးတွင် သိုင်းဆရာကြီး ဦးလောစံက ခေါင်းညိတ်လျှက် . . .

"မင်းပြောတဲ့ အတိုင်းဆိုရင် ရွှေပင့်ကူ ဂိုဏ်းသားတွေက မင်းနောက်ကို မလိုက်ကြဘူးလား မောင်ခက်နွယ်"

"ဟာ . . . လိုက်ကြပြီလား ဆရာကြီးရယ်၊ ကျွန်တော်လဲ ထွက်ပြေးရန်းက ဖေဖေ့ညွှန်ကြားချက်အရ ဟောဒီမောင်ချမ်းသာလေးကို မမျှော်လင့်ဘဲ ရှာဖွေကယ်တင်နိုင်ခဲ့တာ ဆိုပါတော့ဆရာ"

"အင်း . . . အင်း"

သိုင်းဆရာကြီး ဦးလောစံက အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပြီး ဖြစ်သည့် မောင်ချမ်းသာအား ငေးကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။



ပြီးမှ ၄င်းက . . .

"နို့ ဒါနဲ့ အငြိမ့်မင်းသမီးလေး စိန်မြချယ်ဆိုတာကရောကွယ်၊ ဒီမိန်းကလေးက ရွှေပင့်ကူဂိုဏ်းမှာတင် ကျန်နေခဲ့မှာပေါ့နော်" ဟု ရုတ်တရက် မေးလိုက်လေ၏။

ဤတွင် မောင်ခက်နွယ်ခေါ် တစ်ကိုယ်တော်ကျီးညိုက ပြုံးလိုက်ပြီးလျှင် . . .

"ဟဲ ဟဲ ဟဲ . . . ဘယ်ထားခဲ့မလဲ ဆရာကြီးရယ်၊ ဖေဖေ့အမိန့်နဲ့ ကျွန်တော်က အဲဒီညတွင်းချင်း မင်းသမီးလေး စိန်မြချယ်ကို တစ်ကိုယ်တည်း စွန့်စားပြီး လျှို့ဝှက်ခိုးထုတ်ခဲ့တာပေါ့ ခင်ဗျာ"

ဟု ဆိုလိုက်လေ၏။

"ဟော . . . ဒီလိုလား"

သိုင်းဆရာကြီး ဦးလောစံမှာ ကြားရသည့်စကားကြောင့် သွန်းမင်းစွာ အံ့ဩသွားလျှက် မျက်ခုံးများ မြင့်တက်သွားရှာလေ၏။

ပြီးမှ ၄င်းက . . .

"ဒါဆို မင်းသမီးလေးက အခု ဘယ်မှာလဲ သူ့ အငြိမ့်ကောတော့ဘူးလား" ဟု ထပ်မံ မေးလိုက်ပြန်လေ၏။

"ဘယ်ကနိုင်တော့မှာလဲ ဆရာကြီး၊ အခုဆိုရင် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



လေးကို ဖေဖေ့အစီအမံနဲ့ တခြားလုံခြုံရာနေရာ တစ်ခုမှာ ထားရှိပြီး တယ်ခင်ဗျာ"

"ပုလိပ်ဖက်ကရော မလိုက်ကြဘူးလား"

"လိုက်တာပေါ့ ဒါပေမယ့် မင်းသမီးလေးနေရာကို မသိအောင် အထူးလျှို့ဝှက်ထားရှိတယ်ဆိုရင် မမှားပါဘူးလေ"

မောင်ချမ်းသာကား ဆရာတပည့် နှစ်ဦးအတွက် ချက်ပြုတ်ပြင်ဆင်ရန်အတွက် မီးဖိုဆောင်ဖက်သို့ ထွက်ခွာသွားရာ ထိုအခါကျမှ နှစ်ဦးစလုံး ပြန်လည်၍ စကားဆက်မိကြပြန်လေ၏။

"မင်းရဲ့ ဖေဖေသျှောင်တစ်စောင်းဆရာကြီးရဲ့ တာဝန်ပေးချက်အရ ဆောင်ရွက်ရတယ်ဆိုတော့ မင်းသမီးလေးရယ်၊ မင်းတို့ မိသားစုရယ်၊ ဟောဒီမောင်ချမ်းသာလေးရယ်ဟာ တစ်တည်းအားဖြင့် ဆက်စပ်နေတယ်လို့ ဆိုရပေလိမ့်မယ်ကွယ့်၊ ဘယ့်နှယ့်လဲ မောင်ခက်နွယ်"

"ဟဲ ဟဲ ဟဲ ဟဲ"

သိုင်းဆရာကြီး ဦးလောစံ၏ ခန့်မှန်းပြောကြားချက်ကို မောင်ခက်နွယ်က ပြန်လည်ဖြေဆိုခြင်းမရှိဘဲ အဓိပ္ပါယ်ရှိရှိ ပြုံးနေလိုက်လေ၏။

ထို့နောက် ၎င်းက . . .

"ဒါတင် ဘယ်ကမလဲ ဆရာကြီးရယ်၊ ရွှေပင့်ကူ ဂိုဏ်းချုပ်



ကြီးဖြစ်တဲ့ ဦးကျောက်ဆောင်ဟာလဲ ဒီဇာတ်လမ်းထဲမှာ ပါဝင်ဆက်နွယ်နေတာပေါ့ဗျာ" ဟု ပြောလိုက်လေ၏။

"ဟော . . . ဒီလိုလား"

သိုင်းဆရာကြီးဦးလောစံမှာ အံ့သြပြီးရင်း အံ့သြနေရှာတော့သည်။

"ကျွန်တော် အခုရက်အတွင်းမှာ အရေးတကြီး ခရီးထွက်စရာရှိနေတယ် ဆရာကြီး၊ ကျွန်တော်ပြန်လာရင် မောင်ချမ်းသာကို ခဏပြန်ခေါ်သွားပါရစေနော်"

"ကြော် . . . အေး အေး"

ထို့နောက် မောင်ခက်နွယ်ခေါ် တစ်ကိုယ်တော်ကျိုးညိုသည် သိုင်းဆရာကြီး ဦးလောစံနှင့် မောင်ချမ်းသာတို့အား နှုတ်ဆက်ပြီးနောက် ထွက်ခွာသွားလေတော့၏။

နောက်တစ်လခန့်အကြာ စီအိုင်ဒီရုံးခန်းတွင် အိုင်အိုနန်းထိုက်နှင့် စီအိုင်ဒီစုံထောက်များ အရေးပေါ် ဆွေးနွေးပွဲ ကျင်းပနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က ပြောသည်။

"ဒီည စီးနင်းတိုက်ခိုက်မှုမှာ အထူးသတိဝီရိယ ထားရမှာဖြစ်သလို ရင်ဆိုင်ရမယ့် လူတွေဟာ ဒုစရိုက်လောကမှာ ရင့်ကျက်ပြီးသားလူဆိုးတွေဖြစ်လို့ လက်မနှေးဖို့ သတိပေးချင်တယ်၊ လူအားလုံးအတွက် လိုအပ်တဲ့ လက်နက်နဲ့ ကျည်ဆံတွေကို ဂျမဒါ မှူးသာက ထုတ်ပေးပါ"

"ဟုတ်ကဲ့ဆရာ"

"မင်းနဲ့ငါ အသေးစိတ် ချမှတ်ထားတဲ့ အစီအစဉ်အတိုင်း တိုက်ခိုက်ဖို့ သူတို့အားလုံးကို မင်းကရှင်းပြပေးပါမှူးသာ"

"ဟုတ်ကဲ့ ဆရာ"

ထို့နောက် စီအိုင်ဒီစုံထောက်အရာရှိ အိုင်အိုနန်းထိုက်သည် လက်ထောက်စုံထောက်အရာရှိ ဂျမဒါမှူးသာနှင့် စုံထောက်များကို ထားခဲ့ကာ သူ့ကားကလေးဖြင့် ရန်ကုန်အနောက်ပိုင်းရှိ ယွန်ဖန်စားတော်ဆက်သို့ မောင်းနှင်ထွက်ခွာလာခဲ့လေ၏။

"ဟာ . . . ဆရာကီး၊ အတော်ပါပဲ၊ သီးသန့်ခန်းမှာ ဆရာကီးစောင့်နေပါတယ်ခင်ဗျာ"

ဟော်တယ်ပိုင်ရှင် တရုတ်က ရွှေသွားများပေါ်သည်အထိပြုံး၍ ဆီးကြိုနှုတ်ဆက်ရာ၏။



အိုင်အိုနန်းထိုက်က ခေါင်းတစ်ချက်ညိတ်ပြကာ ဟော်တယ်ဘေးလှေကားမှ သီးသန့်ခန်းရှိရာသို့ အမြန်ရရ တက်လာခဲ့သည်။

အခန်းဝတွင် ဟော်တယ်လူမိုက်သုံးယောက်ကို တွေ့ရသော်လည်း ၎င်းတို့က မေးမြန်းခြင်းမရှိဘဲ တစ်ဖက်သို့ မျက်နှာလွှဲကာ မသိချင်ယောင်ဆောင်နေကြသည်။

"ဟာ . . . ဆရာနန်းထိုက် လာဗျို့"

အခန်းတံခါးကို ဖွင့်လိုက်သောအခါ အတွင်းဖက်တွင် တစ်ယောက်တည်းစားပွဲထိုင်နေသည့် ရန်ကုန်လူမိုက် အဓိပတိလမ်းမတော် ဖိုးတုတ်အား တွေ့မြင်လိုက်ရပေသည်။

"သိပ်ကျေးဇူးတင်တယ်ဗျာ"

"အိုး . . . မလိုပါဘူး ဆရာနန်းထိုက်ရယ်၊ ဆရာ့အနေနဲ့ ကျွန်တော့်ကို အကူအညီပေးခဲ့တာ များလှပါပြီ၊ ကျွန်တော်ကသာ အခုကိစ္စမှာ မဖြစ်စလောက် ကူညီရတာပါလေ"

အိုင်အိုနန်းထိုက်က လိုက်လိုက်လှဲလှဲပြုံးကာ ထိုင်ခုံ တစ်ခုခွဝင်ထိုင်သည်။

ပြီးမှ ၎င်းက . . .

"ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ ပုလိပ်အဖွဲ့ဟာ ရွှေပင့်ကူဒုစရိုက်ဂိုဏ်းကို ဘယ်လိုမှ ခြေရာမခံနိုင်ခဲ့ပါဘူး၊ ခင်ဗျား၊ အကူအညီ

www.burmeseclassic.com

www.burmeseclassic.com



လို့ဝှက်အစီအမံကြောင့်သာ အခုလို . . .

"ဟဲ ဟဲ ဟဲ . . . ဒါဆိုရင် ကိစ္စအားလုံး ပြီးသွားတဲ့ နောက်ပိုင်းမှာ ဆရာ့ကတိအတိုင်း"

လမ်းမတော် ဖိုးတုတ်က စကားတစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်ရာ အိုင်အိုနန်းထိုက် ခေါင်းညိတ်လျှက် စတိုင်လိုစီးကရက် တစ်လိပ်ကို ထုတ်ယူကာ မီးညှိရှိုက်ဖွာလိုက်သည်။

ပြီးမှ ၄င်းက . . .

"စိတ်ချစမ်းပါဗျာ၊ သူ့အတွက် ကျွန်တော် အစွမ်းကုန် အကူအညီ ပေးမှာပါ" ဟု ရဲရဲဝံ့ဝံ့ ပြောလိုက်လေ၏။

ထို့နောက် . . . နှစ်ဦးသား တီးတိုးစကားဆိုရင်း လို့ဝှက် တိုင်ပင်သမှု ပြုကြလေ၏။

အတန်အသင့် သောက်ကြစားကြဖြင့် တစ်နာရီခန့် စကား ပြောဆိုပြီးသောအခါ အိုင်အိုနန်းထိုက်က ထိုင်ရာမှ ထပြီးနောက်-

"ကိုဖိုးတုတ်ရေ . . . ခင်ဗျားလူတွေကို ဒီရက်အတွင်းမှာ အစရိုက်မှုတွေ မဖြစ်ပွားရအောင် အထူးသတိပေးထားပါနော်၊ ကျွန်တော်တို့က ဟိုကိစ္စအတွက် လုံးပန်းနေရမှာမို့ပါ၊ ကဲ . . . သွားပြီဗျာ"

ဟု ဆိုလျှက် ပြောပြောဆိုဆို လမ်းမတော် ဖိုးတုတ်ကို နှုတ်ဆက်ကာ ဟော်တယ်သီးသန့်ခန်းအတွင်းမှ ပြန်လည်ထွက်ခွာ



သွားလေ၏။

နယုန်လကွယ်ညဖြစ်ရကား တစ်လောကလုံး အမှောင် တမ္ဘလာကြီး လွှမ်းခြုံလျှက် ရှိပေရာ ဝန်းကျင်တစ်ခွင်မှာ ပိန်းပိတ်အောင် မှောင်လှလေ၏။

ထိုအချိန်၌ အမှောင်ထုကို အကာအကွယ်ပြုကာ လူတစ်စုက လှုပ်ရှားလျှက်ရှိပေသည်။

လူအချို့သည် ကုန်းတွင်းပိုင်း ချုံပုတ်များရှိရာလမ်းမှ တရွေ့ရွေ့ ထွက်ပေါ်လာသကဲ့သို့ အချို့မှာ ချောင်းရေစီးအတိုင်း လှေဖြင့်လှော်ခတ် လာကြသည်။

အမှန်စင်စစ် ၄င်းတို့ ရောက်ရှိလာနေကြသည်မှာ ဖိုးရိုပ်ချောင်း အနီးရှိ လွန်စွာအိုဟောင်းနေသည့် သစ်စက်ဟောင်းကြီးတစ်ခုပင် ဖြစ်သည်။

မှောင်လွန်းလှသော်လည်း ၄င်းတို့အားလုံးမှာ လက်နှိပ် ဓာတ်မီးကို လုံးဝအားပြုခြင်း မရှိကြပေ။

သစ်စက်ဟောင်းကြီး တံခါးဝတစ်ဖက်တစ်ချက်တွင် စောင့်နေ

www.burmeseclassic.com



ကြသည့် လက်နက်ကိုင် အစောင့်နှစ်ဦးက ဝင်လာသော ဝတ်စုံနက်များကို အသီးသီး တစ်ယောက်စီ စကားဝှက်မေးမြန်း၏။

"အမှောင်ကို ဘာနဲ့ခွင်းမလဲ"

"မျက်လုံးအစုံနဲ့"

"ဘာနဲ့ သွားမလဲ"

"ခြေထောက်များစွာနဲ့"

"မင်းဘာလဲ"

"ရွှေပင့်ကူ ငွေပင့်ကူ"

"နံပါတ်"

"၃၆"

"ဝင်နိုင်ပြီ"

သို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ခြံဝမှ တဆင့် အဆောက်အဦးဟောင်းကြီးဆီသို့ လျှောက်သွားကာ ပျောက်ကွယ်သွားကြသည်။

အတန်ကြာသောအခါ ချောင်းဖက်ဆီမှလည်းကောင်း၊ ကုန်ပိုင်းမြေနီလမ်းဖက်မှလည်းကောင်း ခွေးအူသံအချို့ ထွက်ပေါ်လာလေ၏။

"အု ... ဝူ ဝူး"



"အူး ..."

သို့သော် ခွေးအူသံများက မကြာမီမှာပင် ပျောက်ကွယ်သွားကာ ပြန်လည်တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။

ထိုအချိန်၌ သစ်စက်ဟောင်းကြီးအတွင်းတွင် လူသုံးဆယ်ခန့်သည် မိမိတို့အတွက် သတ်မှတ်ထားသည့် ထိုင်ခုံများ၌ တိတ်ဆိတ်စွာထိုင်ကာ စတွန်းကင်းမီးအိမ်ထွန်းညှိထားသော စားပွဲဘေးမှ ထိုင်ခုံအမြင့်ကြီးဆီသို့ ရှူးရှူးစိုက်စိုက် လှမ်းကြည့်နေကြလေ၏။

ထူးလေသည်မှာ အားလုံးသော လူများ၏ ဝတ်စုံမှာ အနက်ရောင်များဖြစ်လျှက် ရွှေရောင်တောက်ပသော ပင့်ကူတံဆိပ်များသည် ညာဘက်ရင်ဖုံး၌ တဝင်းဝင်း တလက်လက် ရှိနေပေသည်။

အတန်ကြာသော် အရိပ်သဏ္ဌာန်တစ်ခုသည် အမှောင်အတွင်းမှ ရုတ်ရက်ထွက်ပေါ်လာကာ ထိုင်ခုံအမြင့်ကြီးတွင် ခွေ့ခနဲ ထိုင်လိုက်လေ၏။

ထိုအချိန်တွင် အထူးတိတ်ဆိတ်သွားရာ အပ်ကျသံပင် ကြားရမတတ် ရှိနေလေ၏။

"ရွှေပင့်ကူ ဂိုဏ်းသားအပေါင်းတို့"

ဂိုဏ်းချုပ်ကြီး၏ အသံက တိတ်ဆိတ်လျှက်ရှိသည့် စက်ခေါင်ဟောင်းကြီး အတွင်းတွင် ဟိန်းထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်ဝတ် ဂိုဏ်းသားအားလုံးတို့၏ ခန္ဓာကိုယ်များမှာ လျှပ်စစ်ဓါတ်နှင့် တို့ထိခြင်း ခံလိုက်ရသကဲ့သို့ ဆတ်ခနဲ အသီးသီး တုန်လှုပ်သွားကြလေသည်။

"ဒီနေ့ဟာ . . . ဂိုဏ်းသားအားလုံး စုံစုံညီညီတွေ့ရတဲ့ နောက်ဆုံးအချိန်အခါဆိုရင် မမှားပါဘူး"

"အို . . . "

"အလို"

"ဟင်"

"ဟိုက်"

လူအားလုံးပင် တုန်လှုပ်မှုကြောင့် သတိထားနေသည့် ကြားမှ အာမေဋိတ်သံများ တစ်ယောက်တစ်ပေါက် ထွက်ပေါ်သွားကြသည်။

ထို့နောက် အတန်ကြာသည်တွင် ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးက ဆက်လက်၍ မိန့်ခွန်းခြွေပြန်လေ၏။

"ရုတ်တရက် ဒီစကားကို ကျုပ်ပြောလိုက်တော့ ခင်ဗျားတို့ အနေနဲ့ အံ့ဩသွားမိကြမှာ အမှန်ပဲ၊ ဟုတ်မှ ဟုတ်ပါ့မလားလို့လဲ သံသယရှိနေကြလိမ့်မယ်၊မပြောမဖြစ်လို့ ကျုပ်တကယ်ပြောရတာပါ၊ ရှင်းရှင်းပြောရရင် နိုင်မာတဲ့ ဒုစရိုက်အဖွဲ့ကြီးဖြစ်တဲ့ ကျုပ်တို့ရဲ့ ရွှေပင့်ကူ ဂိုဏ်းကြီးဟာ ဒီအချိန်မှာ တော်တော်အန္တရာယ်ပိုင်းနေပြီလို့



ဆိုရမှာ ဖြစ်တယ်"

ဩဇာသံပါလှသည့် ဂိုဏ်းချုပ်ကြီး စကားကို ဂိုဏ်းသား အားလုံးက စိတ်ဝင်တစားတိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြ သည်။

"ခင်ဗျားတို့ သိတာလဲ ရှိသလို မသိတာလဲ ရှိလိမ့်မယ်၊ အခုဆိုရင် ကျုပ်တို့ဂိုဏ်းကို ပုလိပ်အဖွဲ့က အလွတ်မပေးစတမ်း စောင့်ကြည့်နေသလို အင်္ဂလိပ်အစိုးရကို လျှို့ဝှက်တိုက်ခိုက်ဖို့ စီမံနေတဲ့ ရွှေမှုန်များ မြန်မာမျိုးချစ်အဖွဲ့ကလည်း ကျုပ်နဲ့ ရန်ကြွေးရန်စ ရှိနေတော့ မထင်မရှားရန်ပြုရာကနေ မကြာခင် ထင်ထင်လင်းလင်း ရန်ပြုတော့ မယ်ဆိုတာ ကျုပ်သတင်းအတိအကျကြားသိနေရတယ်"

လူအချို့၏ လေပူမှုတ်ထုတ်သံ၊ သက်ပြင်းချသံများက အလျှိုအလျှို ပေါ်လာကြသည်။

"နောက်ထပ် ပြောစရာလဲ ကျန်သေးတယ်"

ဂိုဏ်းချုပ်ကြီးစကားကြောင့် ရှူးရှူးစိုက်စိုက် နားစွင့်နေကြပြန်၏။

"ကျုပ်တို့ ဂိုဏ်းကို သစ္စာဖောက်ယုံမကာ ကျုပ်ရဲ့ ဇနီးလောင်း အဖြစ် ရည်ရွယ်ထားတဲ့ အငြိမ့်မင်းသမီးလေးကို ခိုးပြေးသွားတဲ့ ခစ်ကိုယ်တော် ကျီးညိုဆိုတဲ့ကောင်ဟာ မဟုတ်မှလွဲရော ကျုပ်ရဲ့ နောက် ရွှေမှုန်များဂိုဏ်းကဖြစ်မှာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



လေတစ်ချက်အဝှေ့တွင် စတွန်းကင်းမီးအိမ်မှာ ငြိမ်းလုမတတ်ဖြစ်သွားပြီးနောက် ပုံမှန်အတိုင်းပြန်လည်၍ လင်းချင်းလာလေ၏။

"ကျုပ်ဦးဆောင်အကြံပေးတဲ့အတိုင်း ဒုစရိုက်မှု အမျိုးမျိုးကို ခင်ဗျားတို့ ဆောင်ရွက်ခဲ့ကြတဲ့အတွက် အခုဆိုရင် စုမိဆောင်းမိ ရှိနေကြပါပြီ၊ ဒီတော့ ဝါသနာအရ ရွှေပင့်ကူဂိုဏ်းကြီးကို ကျုပ်အနေနဲ့ ဖွဲ့စည်းခဲ့တာ မှန်ပေမယ့် များပြားလှတဲ့ အန္တရာယ်တွေကြောင့် ဒီနေ့ ဒီအချိန်ကစပြီး၊ ဒီ ဒုစရိုက်ဂိုဏ်းကြီးကို အပြီးအပိုင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေငြာရပါတယ်"

လုံးဝတိတ်ဆိတ်လျှက် အသက်ရှူသံမျှသာ ထွက်ပေါ်လာစဉ် ဝတ်ရုံနက်တစ်ယောက်က ရုတ်ရက်ထရပ်လိုက်လေ၏။

"မင်းဘယ်သူလဲ"

ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက တုန်လှုပ်သောလေသံနှင့် လှမ်းမေးလိုက်ရာ ထရပ်သည့်မျက်နှာဖုံးစွပ်နှင့်လူက . . .

"ဟား ဟား ဟား ဟား" ဟု အောင်မြင်ခန့်ငြားသော အသံကြီးနှင့် ရယ်မောလိုက်လေ၏။

"အလို . . . "

မခံမရပ်နိုင်ခြင်း၊ ထိတ်လန့်ခြင်း၊ ခံပြင်းခြင်းများ ရောစွက်လျှက် ရွှေပင့်ကူဂိုဏ်းချုပ်ကြီးက လှုပ်ရှားရန်ပြင်လိုက်သည်။



သို့သော် . . . ရပ်လျှက်ရှိသူက . . .

"တခြားလူဟုတ်ရိုးလား ကျောက်ဆောင်၊ တခြားလူ မဟုတ်ပါဘူး၊ ငါဟာ သံဒိုင်လေကွား၊ တစ်ချိန်က ပင်လယ်ဓားပြကြီးဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်" ဟု ခပ်မှန်မှန်ပြောလိုက်လေ၏။

"ဘာ . . . မင်း မင်း၊ သံဒိုင်ဟုတ်လား"

ရွှေပင့်ကူ ဂိုဏ်းချုပ်၏ ထိတ်လန့်စွာသော အမေးကို သံဒိုင်ဆိုသူကခေါင်းညိတ်၍ ပြောကြားလိုက်၏။

ပြီးမှ ၎င်းက . . .

"ဟုတ်တယ်၊ ငါ သံဒိုင်ပဲကွကျောက်ဆောင်၊ သစ္စာမဲ့တဲ့ မင်းကို သိပ်ပြီးကလဲ့စားချေချင်တဲ့အထဲက အငြိမ့်မင်းသမီးလေး စိန်မြချယ်ကိုမှ မင်းကယုတ်ယုတ်မာမာကြံဖို့ ကြိုးစားတယ်ဆိုတော့ ငါ့အနေနဲ့ ပိုပြီးတော့ ဒေါသတွေ ဘောင်ဘင်ခတ်တော့တာပေါ့ကွာ၊ အခုတော့ အနှစ်နှစ်အလလက စောင့်ခဲ့သမျှ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီဆိုပါတော့လေ၊ ဟဲ ဟဲ ဟဲ" ဟု ပကတိ တည်ငြိမ်သော အသံနှင့် ပြောလိုက်လေ၏။

ယင်းအပြောကြောင့် ရွှေပင့်ကူ ဂိုဏ်းချုပ်ကြီးမှာ တအံ့မှု တွေဝေသကဲ့သို့ ငေးငိုင်သွားပြီးနောက် ရုတ်တရက်ပင် ၎င်း၏နှုတ်မှ အမိန့်ပေးသံ ထွက်ပေါ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကြဟေ့၊ ရွှေမျှားဂိုဏ်းသားတွေကို အသေတိုက်၊ ဒီအထဲမှာ သစ္စာဖေါက်တွေ ဝင်နေကြပြီ၊ မလွတ်ကြစေနဲ့ဟေ့"

သို့အတွက် သစ်စက်အဟောင်းကြီး အတွင်း၌ ဝရုန်းသုန်းကားဖြစ်ကာ တစ်ဦးနှင့်တစ်ဦး မှောင်ထဲတွင် မမြင်မစမ်း တိုက်ခိုက်ကြလေ၏။

"ဟိတ်"

"ယား"

"ဒိုင်း"

"ဒိုင်း"

"အား"

အော်ဟစ်သံ၊ ထိုးကြိတ်သံ၊ သေနတ်သံ၊ မချိမဆန့်ငြီးတွားသံများသည် စောစောက အလွန်အမင်း တိတ်ဆိတ်လျက်ရှိသည့် စက်ဟောင်းကြီးအတွင်းတွင် ငရဲပွက်သကဲ့သို့ ဆူညံစွာ ပေါ်လာလေတော့၏။

အတန်ကြာမျှ တိုက်ခိုက်လျက် ရှိကြစဉ် အပြင်ဖက်၌လည်း ပြေးသံလွှားသံ အမိန့်ပေးသံများနှင့်အတူ အော်ဟစ်၍ ညွှန်ကြားချက်ပေးသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာပြန်လေ၏။

"အထဲကလူတွေအားလုံး တိုက်ခိုက်မှုကို ရပ်လိုက်ကြပါ၊



အသာတကြည် အဖမ်းခံကြပါ၊ ခင်ဗျားတို့အားလုံးကို ပုလိပ်အဖွဲ့ဝင်တွေ ဝိုင်းမိထားပါပြီ၊ ခုခံသူကိုတော့ မညှာမတာ ပြစ်ခတ်ဖမ်းဆီးရပါလိမ့်မယ်"

"ဟိုက်"

"အလို"

"ပုလိပ်တွေဗျို့"

"ပြေး . . . ပြေး"

အပြင်ဖက်မှ အမိန့်ပေးသံကြောင့် ဆန်စက်ဟောင်းကြီးအတွင်းတွင် ရုတ်တရက်ပင် တိုက်ခိုက်မှု ရပ်စဲသွားပြီးသကာလချက်ချင်းလိုလိုပင် အလန့်တကြား ရေရွတ်သံများနှင့် ပြေးလွှားသံများ တပြိုင်နက် ထွက်ပေါ်လာပြန်တော့၏။

"ရပ် . . . မပြေးနဲ့"

"ဒိုင်း . . . ဒိုင်း"

မီးမောင်းကြီးများ ဖြာဝေလာကာ ပုလိပ်အဖွဲ့ဝင်များထံမှ ပြစ်ခတ်သံများသည်လည်း မဆိုင်းမတွ ထွက်ပေါ်လာပေသည်။

အတွင်းဖက်မှ လဲပြိုကျသံအချို့နှင့်အတူ တချို့ခုစရိုက်သမားများက ကုန်းတွင်းပိုင်း ဆွဲခြုံများအကြားသို့ တိုးဝင်၍လည်းကောင်း၊ တချို့ခုစရိုက်သမားများမှာ ငမိုးရိပ်ချောင်းရေစီးအတွင်းသို့လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ခုန်ချကာ ပြေးလွှားသွားကြလေ၏။

"ဆီးဖမ်းဟေ့"

"မလွတ်စေနဲ့"

ပုလိပ်အဖွဲ့ဝင်များကလည်း မလွတ်တမ်း လိုက်လံဖမ်းဆီးကာ မိသူများကို လက်ထိပ်ဖြင့် ပိုင်နိုင်စွာ ခတ်ထားလိုက်ကြသည်။

ထိုအချိန်၌ ရွှေပင့်ကူဂိုဏ်းချုပ်ဖြစ်သူ **ဦးကျော်ဆောင်သည်** ရွှေများ ဂိုဏ်းချုပ်ဦးသံဒိုင်ဆိုသူနှင့် သဲသဲမဲမဲ **တိုက်ခိုက်လျက်** ရှိနေလေ၏။

"ဟိတ် ..."

"ကျား ..."

"ဝိုး ..."

"ခွပ် ..."

"ရွှစ် ..."

နှစ်ဦးစလုံးမှာ လွန်စွာတိုက်ရည် **ခိုက်ရည်ကောင်းကြသူ**များဖြစ်ရာ သူမသာကိုယ်မသာ ဆိုသကဲ့သို့ **လက်ခြင်းတူညီနေ**ကြလေ၏။

သို့သော် တစ်ချိန်တွင် အရှိန်လွန်သွားသော **ရွှေများ** ဂိုဏ်းချုပ်အား **ဓားမြှောင်ဖြင့်** ဦးကျော်ဆောင်က အလော**တကြီး**



ခုန်ထိုးလိုက်လေ၏။

"စွပ် ... ဂလွမ်း"

ရုတ်တရက် ကိုယ်ရှိန်သပ်လိုက်နိုင်သဖြင့် **ဓားမြှောင်သွားက** ရွှေများ ဂိုဏ်းများချုပ်ကို မထိဘဲ စားပွဲပေါ်မှ **စတွန်းကာင်းမီး အိမ်ကိုထိ** မှန်သွားရာ လွင့်စင်လျက် မီးတောက်ကြီးများဖြစ်ပေါ်လာတော့သည်။

"ဟိုက် ... မီးတွေ"

"အို လောင် လောင်နေပြီ"

**မီး**တောက်ကြီးများဖြစ်ပေါ်လာသော်လည်း လူ**အများမှာ** **လွတ်မြောက်ရေး**ကိုသာ ရှေးရှုနေရသောကြောင့် ငြိမ်းသတ်နိုင်ခြင်း **မရှိပေ။**

"ဖျစ် ... ဖျစ်"

"ဖျစ် ... ဖျစ် ... ဖျစ်"

သို့အတွက် **မီးသည်** သစ်စက်ဟောင်းကြီးနံရံသို့ စွဲကာ အရှိန်ပြင်းစွာ **တောက်လောင်**စပြုနေလေတော့၏။

"ပြေးကြ**ဟေ့ ပြေး**ကြ"

"မီးတွေ**ဝိုင်းနေပြီ**"

ပြေးလွှားအော်ဟစ်သံများ ဟိုမှသည် ထွက်ပေါ်လာသည်။

သို့သော် ရွှေများဂိုဏ်းချုပ်နှင့် ရွှေပင့်ကူဂိုဏ်း**ချုပ်တို့မှာမူ**

www.burmeseclassic.com

www.burmeseclassic.com



သဲသဲမဲမဲ တိုက်ခိုက်နေခဲ့သော။

"ဟိုင်း"

"ယား"

"ဝှစ်"

"ရှစ်"

သူတို့က မီးလောင်နေသော စတွန်းကာင်းမီးအိမ်ကို ကျော်လွှားကာ သူသေကိုယ်သေတိုက်ခိုက်လျက် ရှိနေကြသည်။

မီးများက ပိုမို၍အရှိန်ပြင်းစွာ တောက်လောင်လာရာ ၎င်းတို့၏ အင်္ကျီများကိုပင် မီးစများလာရောက်စွဲကပ်လောင်မြိုက်လျက် ရှိနေသည်။

ထို့ကြောင့် နှစ်ဦးစလုံးပင် တိုက်ခိုက်မှုကို ရပ်ဆိုင်းကာ မီးရှိန်ပြင်းလျက် သစ်သားစများ ပြိုပျက်ကျနေသော အဆောက်အဦး ဟောင်းကြီးအတွင်းမှ လျှပ်တစ်ပြက် ပြေးလွှားထွက်ခွာသွားကြတော့သည်။

ထိုအချိန်တွင် ပတ္တမြားကျီးညိုသည် မီးများဝိုင်းရံနေသည့် အခန်းတစ်ခန်းကို အားကုန်စောင့်ကန်လျက်ရှိသည်။

"စိန်မြချယ်၊ စိန်မြချယ်"

"သွား . . . မလာကြနဲ့ ဒီအခန်းထဲမှာပဲ ကျွန်မအသက်ကို အသေခံပြီး စတေးလိုက်မယ်။ ဒါပဲ"



အခန်းထဲမှ အသံက နာကျင်စူးရှစွာ ထွက်ပေါ်လာနေသည်။

ဤတွင် ပတ္တမြားကျီးညိုက . . .

"အို . . . ခင်ဗျားကို ဖမ်းထားတဲ့ လူယုတ်မာတွေထဲက မဟုတ်ရပါဘူးဗျာ၊ ဟိုတစ်ညက အမှတ်မထင် တွေ့ရတဲ့ လူလေ။ ကျွန်တော်ကျီးညိုပါဗျာ" ဟုအော်ဟစ်၍ အမောတကော ဖြေရှင်းလိုက်လေ၏။

အခန်းထဲမှ အသံပလံ ရုတ်တရက် တိတ်ဆိတ်သွားသည်။

"ဖျစ် . . . ဖျစ် . . . ဖျစ်"

"ဝုန်း . . . ဒလုန်း"

မီးများက အခန်းကို စွဲလောင်ရာ သစ်သားတန်းအချို့ ပြုတ်ကျသွားသံများက ချောက်ခြားဖွယ်ပေါ်ထွက်လာသည်။

"စိန်မြချယ်၊ စိန်မြချယ် ကျွန်တော် ကျွန်တော် ကျီးညိုပါ။ စိန်မြချယ်ကို လူယုတ်မာတွေလက်ထဲက လာကယ်တာပါ"

အထဲမှ အသံမထွက်ဘဲ လုံးဝတိတ်ဆိတ်နေခဲ့။

"ဒုန်း . . . ဒုန်း"

ပတ္တမြားကျီးညိုက စိုးရိမ်ခြင်းပြင်းစွာဖြင့် တံခါးကို တဝုန်းဝုန်း ဆောင့်နေသည်။

ပြီးလျှင် ခြေထောက်ဖြင့်လည်း အားကုန်စောင့်ကန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝှန်း"

သို့သော် မီးဝိုင်းနေသည့် တံခါးက လုံးဝဖွင့်ခြင်း မရှိပေ။

"ခက်လိုက်တာ စိန်မြချယ်ရယ်"

မောဟိုက်သံနှင့် ငြီးငြူရေရွတ်ကာ ကျီးညိုက စိတ်လျှော့လျှက် တံခါးကို တွေတွေဝေဝေ စိုက်ကြည့်နေသည်။

"ဂျလောက်"

ထိုအချိန်မှာပင် အတွင်းမှ ဂျက်ဖြုတ်သံနှင့် အတူတံခါးက ရုတ်တရက် ပွင့်သွားခဲ့၏။

"မြချယ်၊ စိန်မြချယ်ရယ်"

"ကို . . . ကိုကျီးညို"

သူတို့နှစ်ဦးသားတင်းကြပ်စွာ ဖက်တွယ်လိုက်မိသည်။

သို့ရာတွင် အရှိန်ပြင်းစွာ တောက်လောင်နေသည့် မီးရှိန်ကို သတိပြုလိုက်မိကြရာ ကျီးညိုက စိန်မြချယ်လက်ကို မလွတ်တမ်း ဆုပ်ကိုင်ပြီးလျှင် မီးတောအတွင်းမှ မနားတမ်းပြေးထွက်ခဲ့ကြပေတော့သတည်း။

ဇာတ်လမ်းဆုံးသွားသောအခါ သိုင်းဆရာကြီး ဦးလောစကက ပြုံး၍ ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။

ပြီးမှ ၎င်းက . . .



"အင်း . . . အင်း . . . ငါသဘောပေါက်ပါပြီ မောင်ကျီးညို လက်စသပ်တော့ မင်းကမင်းသမီးလေး စိန်မြချယ်ကို မီးလောင်နေတဲ့နေရာဌာနက ကယ်ဆယ်သွားခဲ့တာကိုး နို့ ဒါနဲ့ ဟိုလူယုတ်မာရွှေပင့်ကူ ဂိုဏ်းချုပ်ဒုစရိုက်ခေါင်းဆောင်ကရော"

ကျီးညိုက အဖြေမပေးသေးဘဲ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်လေ၏။

ထို့နောက်မှ . . .

"အဲ့ဒါတော့မသိဘူး ဆရာကြီး သူကတော့ ကျွန်တော်တို့သားအဖကို လုံးဝအခဲကြေမှာ မဟုတ်ဖူး" ဟု စဉ်းစဉ်းစားစား ပြောလိုက်၏။

ဘယ်မှာလာပြီး အခဲကြေမှာလဲကွာ နဂိုက မင်းတို့သားအဖအပေါ် ရန်ညှိုးသိုနေရတဲ့အထဲ ပိုပြီး အမျက်သိုတော့မှာပေါ့"

"မှန်ပါတယ် ဆရာကြီး၊ သူကကျားနာခဲခဲတော့မှာအမှန်ပဲ"

"အေးလေ ဘယ်တတ်နိုင်မှာလဲ အဲ့ဒီအခါကျတော့ ကျားနဲ့ဆင်လယ်ပြင်မှာ တွေ့ကြတာပေါ့ကွာ ဟဲ . . . ဟဲ . . . ဟဲ"

ကျီးညိုက အိမ်နောက်ဖက်သို့ လှမ်းကြည့်ကာ . . .

"ဒါနဲ့ မောင်ချမ်းသာလေးတစ်ယောက်မတွေ့တော့ပါလား

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး" ဟုမေးရာ ဆရာကြီး ဦးလောစံက . . .

"အိမ်း . . . ဒီကလေး အိမ်ပေါ်ထပ်မှာ တစ်ရေးတစ်မော လောက်အိပ်နေပြီထင်ပါရဲ့ ဒီအချိန်ဆိုရင်သူ့ အမြဲလိုလို တစ်ရေးအိပ် လေ့ရှိသကွယ့်" ဟုဆို၏။

"ဩော် . . . ဩော်"

ဆရာကြီး ဦးလောစံနှင့် ကျီးညိုခေါ် မောင်ခက်နွယ်တို့က ခေတ္တစကားရပ်ကာ ရေနွေးကြမ်းတစ်ခွက်စီကို ငုံသောက်ရင်း အတွေး နယ်ချဲ့နေမိကြသည်။

ပြီးမှ ဆရာကြီး ဦးလောစံက . . . .

"ငါဟာ မင်းဖခင်ကြီးနဲ့ မိတ်ဆွေ အရင်းအချာဆိုပေမယ့် ရွှေပင့်ကူဒုစရိုက်ဂိုဏ်းချုပ်ကြီးနဲ့ မင်းဖခင်တို့ရဲ့ အညှိုးမပြေနိုင်တဲ့ ဇာတ်လမ်းကို မသိခဲ့တာတော့အမှန်ပဲ မောင်ခက်နွယ်၊ ဒီတော့ ဖြစ်နိုင်ရင် ပြောပြပါလားကွာ" ဟုဆို၏။

ထိုအခါ မောင်ခက်နွယ်က ခေါင်းညိတ်လျက် "ဖေဖေပြော ပြတဲ့အတိုင်း ပြန်ပြီးပြောပြပါ့မယ် ဆရာကြီး" ဟုဆိုကာ အောက်ပါ အတိုင်းပြောပြန်လေတော့၏။

## အခန်း (၁၉)

အသက်ကယ်လှေငယ်တစ်စင်းသည် မြိတ်ပင်လယ်ပြင်ကို ဖြတ်သန်း၍ ကျွန်းပေါင်းများစွာ ရှိသည့်အနက် ကျွန်းတစ်ကျွန်းသို့ လှော်ခတ်လျက်ရှိ၏။

အသက်ကယ်လှေပေါ်တွင် ပါရှိလာသူ သုံးဦးအနက် မျက်နှာ ကြမ်းကြမ်းနှင့် ခက်ထန်လှသည့် လူကြီးက မှန်ပြောင်းတစ်လက်ဖြင့် နေရာအနှံ့ကို ကြည့်လာရင်း လှော်ခတ်နေသူနှစ်ယောက်အား အား တက်သရောပြောလိုက်သည်။

အရှေ့မြောက်လတ္တီတွဒ် ၁၂၀ ဒီဂရီဆိုတာ သေချာပါတယ်။ ကွန်ပတ်စ်ကလဲ အဲ့ဒီအတိုင်း ပြနေတာဘဲ၊ ခက်တာက ငါတို့ဟာ ခပ်စောစောက တိုက်နေတဲ့ လေပြင်းကြောင့် ခရီးမတွင်တာဘဲကွ"

လှေကိုခတ်တက်ဖြင့် အားစိုက်လှော်ခတ်နေသူ တစ် ယောက်က . . . .

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ဓါးပြကြီးယိုးဒယားဂိုက်ရဲ့ လျှို့ဝှက်ရတနာကို ရလာတော့ ဆရာတစ်ယောက်ထဲ သယ်လာတာလားဟင်" ဟုမေးလိုက်၏။

"ဟား . . . ဟား . . . ဟား . . . ဟား"

ထိုသူ၏ အမေးကြောင့် မုန်ပြောင်းကိုဖယ်က ပင်လယ်ဓါးပြကြီးက အားရပါးရ ရယ်မောလိုက်လေ၏။

ပြီးမှ ၎င်းက . . .

"ကျောက်ဆောင်ရာ မင်းကလဲ ငါ့ရဲ့ ညာလက်ရုံး ပင်လယ်ဓါးပြတစ်ယောက်လုပ်နေပြီး တုံးလိုက်တာ၊ ရတနာသေတ္တာကြီး နှစ်လုံးကို လူခြောက်ယောက်လိုက်ပို့ ကြတာပေါ့ အဲ ဒါပေမယ့် အပြန်ခရီးမှာတော့ သူတို့ပြန်ပါမလာကြဘူးလေ ဟဲ . . . ဟဲ . . . ဟဲ"

အသက်ကယ်လှေကို အားစိုက်လှော်ခတ်နေသူတစ်ဦးက ပင်လယ်ဓါးပြခေါင်းဆောင်ကြီး ဆက်ပြောလာမည့် စကားကို နားစွင့်နေလိုက်သည်။

"အမှန်က . . . အဲ့ဒီရတနာတွေကို ပေ့ါ်ရောက်ရစ်အောင် သူတို့ဝိညာဉ်တွေကို ချန်ထားခဲ့တာ ဆိုပါတော့ကွာ"

"ဗျာ . . . ဒီ . . . ဒီလိုဆိုရင်"

"ဟား . . . ဟား . . . ဟား . . . သူတို့ခြောက်ယောက်စလုံးကို သေနတ်နဲ့ပစ်သတ်ပြီး မြေပုံရေးဆွဲပြီး ကျွန်းက



ငါပြန်ထွက်လာခဲ့တာပေါ့ ကျောက်ဆောင်ရယ်"

"ဒီလိုကိုး"

ကျောက်ဆောင်ဆိုသူ မျက်နှာတင်းသွားသည်။ ပြီးလျှင် လှော်ခတ်နေသောလူကို အဓိပ္ပါယ်တစ်မျိုးဖြင့် ကြည့်လိုက်သည်။

"သံဗိုင် တို့ဆရာပြောတာကြားရဲ့လားကွ" ဟုလည်း တစ်ဆက်တည်း မေးလိုက်၏။

သံဗိုင်ဆိုသူကမူ ဆက်လက်လှော်ခတ်လျက်မှ ခပ်အေးအေးပင် ပြောလိုက်သည်။

"မိုလ်မုန်တိုင်း ပြောတာအတိုင်းသားကြားနေပါတယ် ကျောက်ဆောင်"

ထို့နောက် ပင်လယ်ဓါးပြခေါင်းဆောင်ကြီး မိုလ်မုန်တိုင်းက တစ်ချိန်သောကာလက နာမည်ကြီးခဲ့သည့် ပင်လယ်ဓါးပြကြီး ယိုးဒယားဂိုက်၏ ရတနာများကို ထူးထူးဆန်းဆန်း ရရှိခဲ့ပုံအား တပည့်နှစ်ယောက်သိစေရန် စိတ်ပါလက်ပါ ပြောဆိုလျက် လိုက်ပါလာ၏။

အဲ့ဒီတုံးက နိုင်ငံခြားခရီးသည်တွေပါလာတဲ့ သင်္ဘောတစ်စီးကို တိုက်ရာက ရွှေငွေပစ္စည်းအမြောက်အများ ရရှိတယ်ဆိုပါတော့ ကျွန်းပေါ်မှာ ကျူပ်တပည့်ပင်လယ်ဓါးပြတွေအားလုံး ဝေစုခွဲပြီးတဲ့ အောင်ပွဲအထိမ်းအမှတ်နဲ့ သင်္ဘောပေါ်ကရလာတဲ့ အရက်စည်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖောက်သောက်လို့ ပျော်ရွှင်စွာ အော်ဟစ်စားသောက်နေကြတာပေါ့"

ပင်လယ်ဓါးပြကျောက်ဆောင်နှင့် ပင်လယ်ဓါးပြသံဒိုင်တို့လေ့ကို မပြတ်လှော်ခတ်ရင်း ပင်လယ်ဓါးပြခေါင်းဆောင်ကြီး ပြောပြလာသည်ကို စိတ်ဝင်တစား နားထောင်နေကြ၏။

ဒါပေမယ့် ငါက အဲ့ဒီအချိန်မှာ ခရီးသည်တစ်ဦးဆီက ရှားရှားပါးပါး ရလာတဲ့ ငွေမားမြောင်တစ်ချောင်းရဲ့ လက်ကိုင်ကို ချွတ်ကြည့်ရာက တစ်ချိန်က ပင်လယ်ပြင်မှာ အထူးကျော်ကြားထင်ရှားခဲ့တဲ့ ပင်လယ်ဓါးပြကြီးယိုးဒယားဝိုက်ရဲ့ လျှို့ဝှက်ရတနာမြေပုံကို အမှတ်မထင် ရရှိပါလေရော"

သူတို့က ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးအရသာကို မခံတော့နိုင်ဘဲ ၎င်းတို့ခေါင်းဆောင်ဖြစ်သူ ပင်လယ်ဓါးပြကြီး ဗိုလ်မုန်တိုင်းဆက်ပြောလာမည့် စကားကို ငံ့လင့်နေကြသည်။

"ဒီမှာတင် မူးရူးအော်ဟစ်ပျော်ပါးနေကြတဲ့ ပင်လယ်ဓါးပြတွေအလစ်မှာ ငါလူယုံ ခြောက်ယောက်ကို လက်တို့ခေါ်ပြီး ရတနာတွေထားရှိရာ လျှို့ဝှက်ရတနာကျွန်းကို ထွက်လာခဲ့ကြတယ် ဆိုပါတော့"

"ဂီး . . . ဂစ်"



"ဖလပ် . . . ဖလပ်"

ပင်လယ်ငှက်ယော်ငှက်ကြီး တစ်သိုက်က ၎င်းတို့လှေပေါ်မှ ဝဲပျံကာ တစ်ဖက်သို့ ပျံသန်းထွက်ခွာသွားကြသည်။

ပင်လယ်ဓါးပြကြီး မုန်တိုင်းက ဆက်ပြောပြန်သည်။

"ကျောက်ဂူတစ်ခုထဲမှာ ရတနာတွေကို ခက်ခက်ခဲခဲ တူးဖော်ရရှိပြီး ငါတို့က ကျိုးကန်းနှုတ်သီးသဏ္ဍာန် ကျောက်ဆောင်ကြီးရှိတဲ့ ကျွန်းပေါ်ကို ရွှေပြောင်းသယ်ဆောင် မြှုပ်နှံခဲ့ကြတာပေါ့ အဲ . . . ကျန်တဲ့ အပိုင်းကတော့ ငါစောစောကပြောပြခဲ့ပြီဘဲ။ သူတို့ ဝိညာဉ်တွေကို အစောင့်ထားခဲ့ပါတယ်လို့ ဟဲ . . . ဟဲ . . . ဟဲ"

ပင်လယ်ဓါးပြကြီး မုန်တိုင်းက မိမိစကားကို မိမိသဘောကျကာ ဟဲဟဲ ရယ်မောရျက်ရှိရာ လှေကို လှော်ခတ်လာသည့် ပင်လယ်ဓါးပြကျောက်ဆောင်နှင့် သံဒိုင်တို့က တစ်ဦးနှင့် တစ်ဦး ကြည့်နေမိကြလေ၏။

ပင်လယ်ဓါးပြခေါင်းဆောင်က စကားပြောခြင်းကို ရပ်တန့်လျက် ၎င်း၏မှန်ပြောင်းကို ဆွဲယူပြီးလျှင် ရှေ့နည်းအတိုင်း ဝန်းကျင်အား လှမ်းကြည့်နေပြန်တော့၏။

ဤသို့ဖြင့် တစိုက်စိုက်ထပ်မံ လှော်ခတ်လာကြရာ မကြာမီ ပင်လယ်ဓါးပြခေါင်းဆောင်ကြီးနှုတ်မှ တအံ့တဩအော်ဟစ်သံကို

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကြားလိုက်ရလေ၏။

“ဟာ ဟုတ်ပြီ တွေ့ပြီ ကျွန်း ကျွန်း ကျီးကန်းပါးစပ်ကျွန်း ကျီးကန်းပါးစပ်ကျောက်တောင်ကြီး အပေး . . . ပေး . . . ပေး”

ပင်လယ်ဓါးပြကြီး၏ အော်ဟစ်သံကြောင့် လှေကို လှော်ခတ်နေသည့် ဓါးပြကျောက်ဆောင်နှင့် သံဒိုင်တို့လည်း ပိုမို၍ စိတ်အားတက်ကြွကာ လှေကိုဆထက်တပိုးတိုး၍ လှော်ခတ်ကြလေ၏။

ထိုကြောင့်ပင် အသက်ကယ်လှေကလေးသည် ရေလွှာပြင်ကို တလွှားလွှား ဖြတ်သန်းကာ မှိုင်းညို့ညို့မျှ မြင်နေရသည့် ကျွန်းကလေးဆီသို့ ရှေးရှုနေလေတော့၏။

ရောက်တော့မယ် ရောက်တော့မယ်ဟေ့ ကြိုးစားလှော်ခတ်ကြစမ်း၊ မကြာခင် မင်းတို့ငါတို့အားလုံး ချမ်းသာကြတော့မယ်။ ရတနာတွေ ယူဆောင်ပြီးတာနဲ့ ရပ်ဖျက်ပြီး သူဌေးတွေ အဖြစ်နဲ့ နေထိုင်ကြမယ်ကွ”

ကျီးကန်းနှုတ်သီးသဏ္ဌာန် ကျောက်ဆောင်ကျွန်းကြီးကို ကြည့်ကာ ပင်လယ်ဓါးပြခေါင်းဆောင်ကြီး မှန်တိုင်းက အားရဝမ်းသာ တွေးတောပြောဆိုလျှက်ရှိရာ သံဒိုင်နှင့် ကျောက်ဆောင်တို့လည်း ဝမ်းသာမှုအာဟုန် ရိုက်ခတ်လျှက် ပင်ပန်းခြင်းကိုပင် အမှုမထားနိုင်ဘဲ မျက်နှာများ ပြုံးရွှင်လျက် ရှိနေကြသည်။



သံဒိုင်က . . . .

“ကျွန်တော်မှာ သားလေးတစ်ယောက်ရှိတယ် ဆရာ၊ ဆရာခွဲပေးတဲ့ ဝေစုကို ရပြီးရင် ကျွန်တော်တော့ မြစ်ဝကျွန်းပေါ် အေသမှာ ရှိတဲ့ ကျွန်တော့်ဇနီးနဲ့ သားဆီသွားပြီး အေးအေးဆေးဆေး အခြေချ နေထိုင်တော့မယ် ဟု လှိုက်လှိုက်လှဲလှဲပြောလိုက်လေ၏။

“တကယ်ပြောတာလား သံဒိုင်”

ကျောက်ဆောင်အမေးကို သံဒိုင်က ဦးခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ပိုမိုလေးနက်စေလိုသဖြင့် -

“တကယ်ပြောတာကွ တစ်သက်ကြွယ်ကြွယ်ဝဝနေနိုင်မှတော့ အန္တရာယ်များလွန်းတဲ့ ပင်လယ်ဓါးပြလုပ်ပါတော့မလားကွာ” ဟု ထပ်မံပြောဆိုလိုက်ရာ ပင်လယ်ဓါးပြခေါင်းဆောင်ကြီးဟာ -

“အေး . . . ငါလဲ သံဒိုင်လိုပဲ ကျန်ရစ်ခဲ့တဲ့ ဇနီး သားသမီးနှစ်ယောက်နဲ့ အေးအေးချမ်းချမ်း နေထိုင်တော့မယ်။ ဒါကြောင့်မို့ ဒီလှိုဏ်ဂူက ရတနာတွေကို အပြီးအပိုင်ယူငင်ဖို့ အခုလို လာခဲ့တာပေါ့ တပည့်တို့ရာ” ဟု ပွင့်ပွင့်လင်းလင်း ပြောပြလိုက်၏။

“မှန်တာပေါ့ ဆရာရယ်”

သံဒိုင်က ထိုမျှသာပြောကာ နီးသည်ထက်နီးလာသော မြစ်သောကျွန်းကြီး၏ အခြေအနေကို အကဲခပ်ဟန်ဖြင့် ငေးကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘယ်ဖက်က ကျောက်ဆောင်တွေများတယ်ကွ၊ ညာဖက်က ပြေတယ်၊ အဲဒီဖက်က လှည့်ဝင်"

"ဟုတ်ကဲ့"

သူတို့က ကျောက်ဆောင်များကို ကွေ့ဝိုက်လျက် ခပ်ပြေပြေ ကုန်းမြေရှိသည့် ညာဖက်သို့ ကြိုးပေး၍ လှေကို လမ်းကြောင်းပြောင်းလှော်ခတ်လိုက်၏။

ထိုစဉ် လှေကလေး၏ လှိုင်းပုတ်မှုကြောင့် ကျောက်ဆောင်များကြားတွင် အစာရှာဖွေနေပုံရသည့် ရောမပင်လယ်ဂဏန်းကောင်ကြီးများမှာ လှေရှိရာသို့ မျက်လုံးအပြူးသားနှင့် ကြည့်နေကြရာ၏။

ပြီးလျှင် ကစဉ့်ကလျား ပြေးလွှားကာ ကျောက်ဆောင်များအကွယ်၌ ကွယ်ပျောက်သွားကြတော့သည်။

သူတို့က လှေကို ကျောက်ဆောင်များကြားမှ ခက်ခက်ခဲခဲ လှော်ခတ်ပြီးလျှင် ကျောက်ခွယ်ကြီးထိုးထွက်ရာအတိုင်း အလိုက်သင့်မျှောချ၍ ကမ်းနံဘေးတွင် ဆိုက်ကပ်လိုက်ကြ၏။

ပြီးလျှင် လှေငြိမ်သည်နှင့် ကုန်းပေါ်တက်ကာ လှေကို သစ်ပင်ကြီးတစ်ပင်တွင် သံကြိုးဖြင့် ချည်နှောင်လိုက်ကြတော့သည်။

❀

အခန်း (၂၈)

"ကျွန်းအတွင်းပိုင်းက သစ်ကြီးဝါးကြီးတွေ ထူထပ်တယ်ကွ၊ မပူပါနဲ့ကွာ မကြာခင် ရတနာတွေရှိရာ ကျောက်နက်ဂူကြီးကို ရောက်ပါလိမ့်မယ်"

ပင်လယ်ဓါးပြခေါင်းကြီး ဗိုလ်မှန်တိုင်း ပြောသကဲ့သို့ပင် အွန္တရာယ်ပေးသော တောတောင်များနှင့် ခြုံနွယ်သစ်ပင်တို့ကို ခက်ခက်ခဲခဲ ရှင်းလင်းပြီးသောအခါ ရေညှိစိမ်းများထူထပ်စွာ ရှိနေသည့် ကျောက်ဂူကြီးတစ်ဂူကို တွေ့မြင်ကြရတော့သည်။

"တွေ့ပြီ တွေ့ပြီကွ"

"အဟေးဟေး ချမ်းသာရချည်ရဲ့"

"ချမ်းသာပြီဗျ ချမ်းသာပြီ"

ပင်လယ်ဓါးပြသုံးဦးသားမှာ ကျောက်ဂူကြီးကို တွေ့ရသည်နှင့် ဝမ်းသာစိတ်ကို မချိုသိပ်နိုင်တော့ဘဲ မြူးတူးအော်ဟစ်ကာ ကျောက်ဂူကြီးရှိရာသို့ ပြေးသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျောက်တွင်းနံရံတစ်ခုအတွင်း၌ သိုသိပ်စွာ ဝှက်ထားသော သေတ္တာကြီး နှစ်လုံးကို ဆွဲထုတ်ကြ၏။

ဖွင့်ကြည့်ကြသောအခါ မယုံနိုင်အောင်များပြားသည့် ရွှေငွေထည်ပစ္စည်း အမျိုးမျိုးတို့ကို တွေ့မြင်ကြရာ ပင်လယ်ဓါးပြ ခေါင်းဆောင်ကြီး ဗိုလ်မုန်တိုင်းမှာ အတန်အသင့် အံ့ဩသည်နှင့် သော်လည်း ထိုမျှများပြားသည့် ရွှေငွေရတနာများကို မြင်ဖူးခြင်းမရှိသည့် ကျောက်ဆောင်နှင့် သံနိုင်တို့မှာ မျက်လုံးမျက်ဆန်ပြူးလျက် ခြေလက် များသည် တုန်လှုပ်လျက်ရှိနေကြ နေရာပေ၏။

"ကဲ... ကဲ အချိန်မရှိဘူးဟေ့ သေတ္တာအဖုံးတွေ ပြန်ပိတ် ပြီး လှေဆီကို သယ်ကြစို့လား"

"ဟုတ်... ဟုတ်ကဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ဖြင့် အတန်အသင့်လေးသော ရတနာသေတ္တာကြီး နှစ်လုံးတို့ကို လူသုံးယောက် တစ်ယောက်တစ်လှည့်ထမ်း၍ ကမ်းစပ်ဆီသို့ ပြန်လာခဲ့ကြသည်။

လမ်းခရီးတွင် တစ်ထောက်နားကြကာ ဆက်၍သယ်ဆောင် ကြပြန်၏။

ပင်ပန်းလှသော်လည်း လောဘဇောကြောင့် သူတို့အားလုံး



ပင်ပန်းမှန်းပင် မသိနိုင်ကြပေ။

ပင်လယ်ဓါးပြခေါင်းဆောင်ကြီး ဗိုလ်မုန်တိုင်းနှင့် သံနိုင်တို့ ထမ်းသည့်အလှည့်နှင့်ကြုံခိုက် ကျောက်ဆောင်က အနီးအနားမှ လိုက်ပါလာစဉ် လှေဆီသို့ ရောက်ရှိလာခဲ့ကြသည်။

ထိုစဉ်အခိုက် မမျှော်လင့်သော အဖြစ်အပျက် တစ်ရပ်က ရုတ်တရက် ဖြစ်ပွားသွားခဲ့လေ၏။

"ဟား... ဟား... ဟား ဒီရတနာတွေ အားလုံး ငါတစ်ယောက်ထဲ ပိုင်ဆိုင်ရမယ်ကွ ပြောနေကြတာတယ် ကဲ ကြွပေတော့ ဆရာကြီး"

"ဒိုင်း..."

"အား..."

"ဝုန်း..."

"ဟင် ကျောက်... ကျောက်ဆောင် မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲဟင်"

သံနိုင်က ကျောက်ဆောင်လက်ချက်ဖြင့် သွေးချင်းချင်းရဲကာ ရေထဲသို့ လဲကျလျက် ငြိမ်သက်သွားသည့် ပင်လယ်ဓါးပြခေါင်းဆောင် ကြီး ဗိုလ်မုန်တိုင်းကို ကြည့်ကာ ကြက်သေသေသွားသည်။

ထို့ကြောင့် ထမ်းထားသည့် ရတနာသေတ္တာကို ကမ်းစပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချကာမယုံနိုင်စွာဖြင့် **ကျောက်ဆောင်**အား ဗလုံးဗထွေးမေးလိုက်လေ၏။

ဤတွင် **ကျောက်ဆောင်**က . . .

"ဟား . . . ဟား . . . ဟား မင်းအမြင်ပဲလေကွာ၊ ပထမတော့ ခေါင်းဆောင်ဗိုလ်မှန်တိုင်းကိုသာရှင်း ဖြစ်မယ်လို့ ငါ ရည်ရွယ်ခဲ့တာကွ အခုတော့ စိတ်ပြောင်းသွားပြီ။ ငါ့စိတ်တွေ ပြောင်းသွားပြီ ဒီ ဒီရတနာတွေ ပိုင်ဆိုင်ဖို့ မင်း . . မင်းကိုလဲ" ဟုဆိုကာ **အရှုတစ်ယောက်ပမာ** ဦးခေါင်းကို ဒလစပ် ခါယမ်းလျှက် သံဒိုင်ထံသို့ သေနတ်ကို ထိုးချိန်လိုက်၏။

"မလုပ်ပါနဲ့ ကျောက်ဆောင် ငါ ငါ တောင်းပန်ပါတယ်။ မလုပ်ပါနဲ့ မဖြစ်ပါနဲ့နော်"

"ဟား . . . ဟား . . . ဟား ဘယ်ဖြစ်မှာလဲကွာ **ကျ ပင်ခုတ်** ကျူငုတ်တောင်မချန်ရဘူးဆိုတဲ့ စကားရှိသားပဲ မင်းရှိနေရင် ငါ့အတွက် စိတ်မချရသလို ရတနာတွေကိုလဲ ခွဲပေးရဦးမယ်။ ဒီတော့ . . . "

"ငါ့ ငါ့ကို ချမ်းသာပေးပါ ကျောက်ဆောင်ရာ နော် နော်"

"ဟား . . . ဟား . . . ဟား . . . ဟား"

"နိုင်း"



"အီး"

အပြန်အလှန်ပြောဆိုနေဆဲမှာပင် **ကျောက်ဆောင်**လက်မှ မာစကက်သေနတ်ပြောင်းဝတွင် **မီးခိုးများအူထွက်သွားသည်။**

ထိုနည်းတူစွာ သံဒိုင်ရင်ဝတွင်လည်း **သွေးကွက်တစ်ကွက်** ဖြစ်ပေါ်သွားကာ နောက်ဖက်သို့ လဲကျမတတ်လွင့်စင်လျှက် **ဒယီး** ဒရိုင်ဖြစ်သွားသည်။

ကျောက်ဆောင်ကလျှင်သည်။ သူက သေနတ်တွင် **နောက် ထပ်ကျည်**တစ်တောင့်ကို လျှင်မြန်သွက်လက်စွာ **ထည့်သွင်းနေသည်။**

ဤအချိန်မှာပင် သံဒိုင်က သွေးရှူးသွေးတန်းဖြင့် **ကျွန်းအတွင်း** ပိုင်းသို့ ဒရောသောပါး ဝင်ပြေးသွားတော့သည်။

"ရပ် ရပ်စမ်းဟေ့ကောင်"

ကျောက်ဆောင်က အံကြိတ်လျှက် အသံနက်ကြီးဖြင့် အော်ဟစ်ရပ်တန့်နိုင်းသည်။

သို့ရာတွင် သံဒိုင်မှာကား သေဘေးကို ကြောက်လန့်လျှက် သစ်ပင်များကြားသို့ ဒယီးဒရိုင်နှင့် ဆက်လက်ပြေးလွှားနေဆဲသာ

ကျောက်ဆောင်က တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ကဲကွာ . . . ဒါလောက်ဖြစ်လှတာ"

ပြီးလျှင် ဘယ်ဖက်လက်မောင်းပေါ်၌ သေနတ်မောင်းကို

www.burmeseclassic.com

www.burmeseclassic.com



တင်၍ ချိန်လိုက်သည်။

သူစိတ်ကိုတည်ငြိမ်အောင်အထူးကြိုးစားကာ ချိန်သီးနှင့် ဖြစ်ကွင်းဖြစ်သော သံနိုင်၏ခန္ဓာကိုယ်တည့်မတ်မိချိန်တွင် သေနတ် မောင်းကို ဖိ၍ညှစ်ချလိုက်သည်။

"ဒိုင်း"

သေနတ်သံက ကျွန်းတစ်ကျွန်းလုံးကို ဟိန်းထွက်သည်အထိ လွှမ်းမိုးထားသည်။

ယိုင်တိယိုင်ထိုး ပြေးလွှားနေသည့်သံဇိုင်မှာ အဝေးတစ်နေ ရာတွင် ဝမ်းလျှားမှောက်လဲကျ၍ ငြိမ်သက်သွားရှာတော့သည်။

"ဟား . . . ဟား . . . ဟား . . . အခုတော့ သေပြီမ ဟုတ်လား သံဇိုင် တကယ်လို့ ငါ့လက်ချက်နဲ့ မသေသေးတောင် တိရစ္ဆာန်တွေရဲ့ ရန်၊ အစာပြတ်မှုဒါဏ်ကြောင့် မင်းအသက်ဟာ မုချသေမှာပါကွာ ဟဲ ဟဲ ဟဲ"

ပြီးလျှင် ပင်လယ်ဓါးပြကျော်ကျော်ဆောင်သည် ရတနာသေတ္တာ နှစ်လုံးကို မနိုင့်တနိုင်မ၍ လှေပေါ်သို့ ခက်ခက်ခဲခဲ တင်ဆောင်လျက် ကျိုကန်းပါးစပ်ကျွန်းကြီးမှ အသက်ကယ်လှေကလေးကို လှော်ခတ်ထွက် ခွာသွားပေတော့၏။



"အင်း အဖြစ်အပျက်က သို့ကလိုကိုး မင်းရဲ့ဖခင်ကြီး ဦးသံဇိုင် ဟာ လူယုတ်မာကျော်ကျော်ဆောင်လက်ချက်နဲ့ မသေခဲ့ဘူးပေါ့။ ဟုတ် လား မောင်ကျိုးညို"

"မှန်ပါတယ် ဆရာကြီး ပထမတစ်ချက်ဟာ ဖေဖေရဲ့ ရင်အုံကို ကပ်ပြီး ရှပ်မှန်သွားသလို နောက်တစ်ချက်ကပဲ ပေါင်ကို ရှပ်သွားတာ ဆိုပါတော့"

"**အင်း အင်း သေကံမရောက်** သက်မပျောက် ဆိုတာလို ပါ့လေ"

ဟုတ်ကဲ့ ဖေဖေ ပြောပြတဲ့အတိုင်း ပြန်ပြောရရင် သူက သေချင်ယောင်ဆောင်နေရာက ဦးကျော်ကျော်ဆောင်ရဲ့ လှေလဲထွက်ခွာ သွားရော သူ့ဆရာပင်လယ်ဓါးပြကြီး ဗိုလ်မုန်တိုင်းဆီ ပြေးသွားပြီး ရေထဲက ဆယ်လိုက်တယ်တဲ့လေ"

"ဒီလူကြီးက မသေဘူးလား"

တခြားလူဆိုရင် နှစ်ခါပြန်လောက် သေတယ်တဲ့ ဆရာကြီး သေနတ်မှန်တဲ့ အပြင် ရေကနစ်သေးတယ်ကိုး ဒါပေမယ့် အသက် ပြင်းတဲ့ ပင်လယ်ဓါးပြခေါင်းဆောင်ကြီးဟာ သတိရတစ်ချက် မေ့ရ တစ်ချက်ရှိသေးတယ်တဲ့"

"အင်း ဆက်ပြောပါဦးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ သူ့ဇနီးနဲ့ သူ့သမီး သူ့သားလေးတွေ ရှိနေတဲ့ နေရာကို ပြောတယ်။ သစ္စာဖောက်ကျောက်ဆောင်ကို သူ့ကိုယ်စား သုတ်သင်ပြီး ရတနာတွေရခဲ့ရင် သူ့မိသားစုကို အတတ်နိုင်ဆုံး ကူညီထောက်ပံ့ဖို့ မှာကြားတဲ့အခါ ဖေဖေက အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်လို့ ကတိပေးလိုက်တော့တယ်"

"အို ဟုတ်လား သူ့သမီးဆိုတာက"

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ ဒီလောက်ဆိုဆရာကြီး လဲရိပ်မိမှာပါ။ ပင်လယ်ဓါးပြခေါင်းဆောင်ကြီး ဗိုလ်မုန်တိုင်းရဲ့ သမီး ဆိုတာ အငြိမ့်မင်းသမီးချောလေးစိန်မြချယ်လေ"

"ဟေ . . . "

သိုင်းဆရာကြီး ဦးလောစံမှာ ကြားရသည့်စကားကြောင့် မယုံနိုင်အောင် အံ့ဩလျက် ပါးစပ်တွင်ခဲထားသော ဆေးပြင်းလိပ် တိုပင် ပြုတ်ကျသွားလေ၏။

ကျီးညိုက အတန်ငယ် ပြုံးကာဆက်ပြောပြန်လေ၏။

"ဆက်ပြီးတော့ ပြောရမယ်ဆိုရင် ဆရာကြီးဆီမှာ သိုင်းပညာ သင်ကြားဖို့ လာပြီး ပို့ထားခဲ့တဲ့ မောင်ချမ်းသာလေးဟာ စိန်မြချယ် ရဲ့မောင်လေးပါပဲ"

ဘုရားရေ . . . ဒီလိုကိုး



ထိုအချိန်မှာပင် မောင်ချမ်းသာ တစ်ယောက်အိပ်ရာမှ နိုးလာပြီဖြစ်ရာ မောင်ကျီးညိုက . . .

"ကဲ ဆရာကြီး မောင်ချမ်းသာတို့ မောင်နှမကို ဆုံပေးဖို့ ဖေဖေက ကျွန်တော့်ကို လွှတ်လိုက်တာပါ။ ဒီတော့ မောင်ချမ်းသာ ကို ခေါ်သွားပါရစေနော်" ဟုဆို၏။

"ကောင်းပါပြီကွယ်"

ထိုကြောင့် ဆရာကြီးဦးလောစံအား နှုတ်ဆက်ကာ မောင် ချမ်းသာနှင့် မောင်ကျီးညိုတို့ နှစ်ဦးသား နေအိမ်မှ ထွက်ခွာသွားကြ လေ၏။

"ကျိ . . . ကျလိ"

ဆင်နှားရွက်တံခါးကို တွန်းဖွင့်ဝင်လာသော ဂျမဒါမှူးသာအား အိုင်အိုနန်းထိုက်က စဉ်းစားခန်းဝင်လာရာမှ လှမ်းကြည့်လိုက်၏။

"ဘယ်နှယ့်လဲ မှူးသာ"

သိုင်းဆရာကြီး ဦးလောစံဆိုသူ ညက အသတ်ခံရတဲ့ ကိစ္စလားဆရာ"

"အင်းပေါ့ . . . အဲဒါပြောတာဘဲ"

ထိုအခါ ဂျမဒါမှူးသာက အားတက်သရော ရှိသည့် အမူအယာဖြင့် ထိုင်ခုံလွတ်တွင် ဝင်ထိုင်ရင်းမှ . . .

www.burmeseclassic.com

"ထုံးစံအတိုင်း ဘာမှမထူးခြားပါဘူး ဆရာ သဲလွန်စအနေနဲ့တော့ ထုံးစံအတိုင်း ရွှေပင့်ကူအမှတ်တံဆိပ်ကပ်ပြားလေးတွေတယ် ဆိုပါတော့"

အစီရင်ခံလိုက်လေ၏။

အိုင်အိုနန်းထိုက်က ကြားရသည့်စကားကြောင့် ဦးခေါင်းတစ်ချက်ညိတ်ကာ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်ပေသည်။

ထိုအခိုက် ဂျမဒါမှူးသာက . . .

"ဒါပေမယ့် ဆရာ ကျွန်တော်တို့အတွက် အဖိုးတန်တဲ့ သဲလွန်စတစ်ခုတော့ ရခဲ့တယ်ဆိုရမှာဘဲ" ဟုဆိုကာ ၎င်း၏ ယူနီဖောင်းအင်္ကျီထဲမှ စာရွက်ခေါက်တစ်ခုကို အလျှင်အမြန်ထုတ်ပေးလိုက်၏။

ထို့ကြောင့် အိုင်အိုနန်းထိုက်က စာရွက်ကို ဖြန့်၍ ဖတ်ရှုကြည့်ရာအောက်ပါအတိုင်း တွေ့မြင်ရပေတော့၏။

ဦးလောစံ . . .

မင်းသမီးလေး စိန်မြချယ်ထံမှ ရွှေပင့်ကူဂိုဏ်းခေါင်းဆောင် လျှို့ဝှက်ရေးဆွဲထားသော ရတနာမြေပုံကို ကံအားလျော်စွာ ရထားပြီး ရတနာများသွားယူရန်အတွက် လပြည့်နေ့ညမှာ ကွမ်းခြံဘူတာအရှေ့ဘက်က ဆက်ဆက်စောင့်နေပါ။

ကျောက်တစ်ခေါင်း သံနှိုင်



"ဟာ ဒါ ရွှေပျံလွှားဂိုဏ်းခေါင်းဆောင်ရဲ့ လျှို့ဝှက်ပေးစာပါလား မှူးသာ"

စာဖတ်၍ ဆုံးသည်နှင့် အိုင်အိုနန်းထိုက်က ဝမ်းသာအားရ မေးလိုက်ရာ ဂျမဒါမှူးသာက ပြုံးလိုက်ပြီးလျှင် . . . . .

"မှန်ပါတယ် ဆရာ အောက်မှာရှိတဲ့ အမှတ်အသားဟာ ရွှေပျံလွှားမျိုးချစ်တော်လှန်ရေးအဖွဲ့ရဲ့ အမှတ်အသားအစစ်ပါပဲ"

"အင်း ဒီစာကို ဦးလောစံတစ်ယောက်ရပြီး မကြာမီ ရွှေပျံလွှားဂိုဏ်းသားတွေရဲ့ သုတ်သင်သတ်ဖြတ်ခြင်းကို ခံလိုက်ရတာ ဖြစ်မယ်"

"ကျွန်တော်စိတ်ထင်တော့ ရွှေပျံလွှားဂိုဏ်းဟာ မကြာခင်က ကျွန်တော်တို့ ဝင်ရောက်စီးနင်းပြီးတဲ့နောက် ပြိုကွဲနေချိန်မှာ သိုးဆရာကြီး ဦးလောစံအသတ်ခံရတဲ့ ကိစ္စဟာ ထွက်ပြေးလွတ်မြောက်သွားတဲ့ ဂိုဏ်းခေါင်းဆောင် ဦးကျောက်ဆောင်ရဲ့ လက်ချက်သာ ဖြစ်ရမယ်ဆရာ"

"သိပ်ကို မှန်တာပေါ့ကွာ ရွှေပျံလွှားဂိုဏ်းခေါင်းဆောင်နဲ့ ရွှေပင့်ကူဂိုဏ်းခေါင်းဆောင်တို့ဟာ အရင့်အရင်က မပြေညှိနိုင်တဲ့ ရန်ငြိုးရန်စတွေ ရှိလိမ့်မယ် မှူးသာ"

ဂျမဒါမှူးသာက ခေါင်းညိတ်ထောက်ခံသည်။ ပြီးသူက -

"မြသာစည် အငြိမ့်အဖွဲ့က ခေါင်းဆောင်မင်းသမီးအား

www.burmeseclassic.com



စိန်မြချယ်တစ်ယောက် ပျောက်ဆုံးမှုဟာလဲ သူတို့ရန်ကြွေးရန်စနဲ့ အဆက်အစပ်ဖြစ်နိုင်တယ်လို့ ကျွန်တော် ယူဆမိတာပဲဆရာ” ဟု ၎င်း၏ ထင်မြင်ချက်ကို ပြောပြလိုက်လေ၏။

ဤတွင် အိုင်အိုနန်းထိုက်က . . .

“မင်းရဲ့အတွေးအခေါ်အယူအဆ တွေဟာ စုံထောက်ကောင်း တစ်ယောက်ရဲ့ အတွေးအခေါ်ယူဆချက်တွေလို့ ဆိုနိုင်ပါတယ်သွာ တစ်ခုပြောရဦးမယ် မူးသာ” ဟုဆိုလိုက်လေ၏။

“ဘာများပါလိမ့် ဆရာ”

ရွှေပုံလွှားကိုထားအပေါ်မှာ ရန်ညှိုးသိုတဲ့ ဒုစရိုက်ခေါင်းဆောင် ဦးကျော်ဆောင်ဟာ မပြတ်ထောက်ထောက်ကြည့်နေမှာ အသေအချာပဲ ဒီတော့ တို့က ရွှေပုံလွှားကိုထားဘာတွေလုပ်ရှားမှုကို မပြတ်ကြည့်ရမယ် ဒီတော့ . . .”

ပြောပြောဆိုဆို အိုင်အိုနန်းထိုက်က လပြည့်ညတွင် ကွမ်းချိုင့် ဘုတာအရှေ့ဘက်သို့ ရောက်လာမည် ဖြစ်သောရွှေမှူးကိုထားသား များအား စောင့်ကြည့်ရန်နှင့် ၎င်းတို့နောက်သို့ ရုပ်ဖျက်၍ အသေးစိတ် ဆွေးနွေးညွှန်လျှက် ရှိနေလေသည်။

ကျိုက်မရောဒေသ၏ တောထူသော လမ်းမြောင်ကလေးနှ လူတစ်စုခရီးသွားလျှက် ရှိကြသည်။



အမှန်စင်စစ် ထိုလူစုသည် မျိုးချစ်ရွှေမှူးကိုထားခေါင်းဆောင် ကြီး ဦးသံဒိုင်ဦးဆောင်သည့်အဖွဲ့ဖြစ်လျက် ရွှေပင့်ကူကိုထားခေါင်းဆောင် လျှို့ဝှက်ဖွက်ထားသည့် ရ. .နာများအား ရှာဖွေယူငင်ရန် ရောက်လာ ကြခြင်းဖြစ်သည်။

“တောက် . . . ဒီလမ်းခရီးမှာ ငါ့မိတ်ဆွေဦးလောစကြီး တစ်ယောက်ပါလာရင် ကောင်းမယ်သားရယ်၊ ဘာဖြစ်လို့ ချိန်းထားတဲ့ နေရာမှာ သူစောင့်မနေရတာလဲ”

ထိုအခါ စိန်မြချယ်လက်ကို ဆွဲကိုင်လာသည့် မောင်ကျီးညိုက

“တခြားအရေးကြီးတဲ့ ကိစ္စရှိလို့သူ့ ရုပ်ရှာကို ရုတ်တရက် ပြန်သွားတာလား မသိဘူး၊ ဖေဖေ”

ဟုပြောလိုက်လေ၏။

သျှောင်တစ်စောင်းနှင့် ဦးသံဒိုင်က . . .

“အင်း ဒီအတိုင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းရတာပဲကွယ်” ဟုဆိုကာ ဂဝံပေါ်သော ကျောက်လမ်းအတိုင်း ခက်ခက်ခဲခဲ ဆက်လက် လျှောက်နေလေ၏။

သို့အတွက် တစ်ခါတစ်ရံ ခြေချော်သွားသည့် စိန်မြချယ်အား မောင်ကျီးညိုက လှမ်း၍ပွေ့ဖက်မိလိုက်ရရာ ထိုအခါများတွင် နှစ်ဦးသား ရင်တွေနွေးထွေးသွားသည်သာမက ၎င်းတို့နှစ်ဦး၏ မျက်လုံးအချ

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသွားကြသည်သာ ဖြစ်လေ၏။

ဦးသံခိုင်က သားဖြစ်သူနှင့် သမီးချောလေးတို့ အခြေအနေကို မသိဟန်ဆောင်ကာ ၎င်း၏ကိုယ်သားများကို ကွပ်ကဲ၍ ဦးဆောင်ချီတက်လျှက်ရှိသည်။

ရွှေပင့်ကူကိုယ်ချုပ်ထံမှ မင်းသမီးလေးရရှိလာခဲ့သည့် ရတနာမြေပုံကိုလည်း မကြာခဏဖြန့်ကြည့်လျှက်ရှိသည်။

"တို့ဒီတောင်ကြောကနေ ဘယ်တောင်ဖက်လမ်းကြောင်းကို လိုက်ရမယ်လို့ မြေပုံမှာ ညွှန်းဆိုထားတယ်၊ ဒါကြောင့် လမ်းခွဲတွေ့ရင် ဘယ်ဖက်ကို လိုက်ကြစို့ဟေ့"

"ဟုတ်ကဲ့ ဆရာကြီး"

"ကောင်းပါပြီ ဆရာကြီး"

စပည့်များက အားတက်တရော ပြောဆိုကာ တောလမ်းခရီးကို ခြေလှမ်းသွက်သွက်ဖြင့် ဆက်လက်သွားနေကြ၏။

တစ်နာရီခန့်ကြာသည့်တွင် ဘယ်လမ်းချိုးအတိုင်းလိုက်ရာ ဆင်နှာမောင်းသဏ္ဍာန်ကျောက်ဆွယ်တန်းကြီးတစ်ခုကို အမှတ်မထင် တွေ့ရှိရပေတော့၏။

"ဟုတ်ပြီ . . . ဆင်နှာမောင်းကျောက်ဆွယ်တန်းရဲ့ ဗဟိုချက်မ၊ ကျွဲဒည်းပင်ရှေ့တည့်တည့်လို့ ညွှန်းဆိုထားပြန်တယ် ဒီတော့



ကျောက်ဆွယ်တန်းအတိုင်း [illegible] ဆတ် လျှောက်ကြပေတော့ မဝေးတော့ [illegible]"

ရွှေမှူးကိုယ်းချုပ်ကြီး၏ [illegible] က . . .

"ဟုတ်တယ်ဖေဖေ၊ ဒီရတနာအတွေသာ [illegible] စိန်မြချယ်တို့ မောင်နှမနှစ်ယောက်အတွက် တစ်ဘဝစာ [illegible] ဖြစ်သလို ကျွန်တော်တို့ မျိုးချစ်ကိုယ်သားတွေအတွက် နယ်ချဲ့လူမျိုးခြားတွေကို တော်လှန်ရာမှာ အသုံးပြုမယ် လက်နက်နဲ့ ရိက္ခာအမြောက်အမြား ဝယ်ယူနိုင်မှာပဲနော်" ဟုအားတတ်သရော ပြောလိုက်လေ၏။

ဒါပေါ့ သားရယ်၊ သူ့အဖေရဲ့ ပစ္စည်းကို သူ့သမီးသာ ပိုင်ဆိုင်သင့်ပေတာပေါ့"

ထိုအခါစိန်မြချယ်က . . .

"ဦးရယ်၊ ဖေဖေ ရှာဖွေရထားတဲ့ ပစ္စည်းဆိုပေမယ့် ဦးပြောပုံအရဆိုရင် ဦးတို့လဲ တစ်ဝက်ဆိုင်တာပဲ ဥစ္စာ" ဟုပြောလိုက်၏။

"မှန်ပါတယ် သမီး ဦးတို့ရမယ့် ဝေစုကို မျိုးချစ်တော်လှန်ရေး ရပုံငွေအတွက် အကုန်ထည့်ဝင်လိုက်မှာပါကွယ်"

"ကျွန်တဲ့ တစ်ဝက်ကိုလဲ ဦးတို့သားအဖနဲ့ သမီးတို့မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပိုင်ဆိုင်နိုင်ပါသေးတယ်ရှင်"

စိန်မြချယ်က အထက်ပါအတိုင်း ပြောအပြီးတွင် မောင်ကျီးညိုကို အမှတ်မထက် ကြည့်မိရာမှ အိုးမလုံအုံပွင့် ဆိုသကဲ့သို့ ရက်သွေးများဖြာဝေသွားတော့သည်။

ရွှေမှူးကိုထီးချုပ်ဦးသံဒိုင်က . . .

"ပြောမယ့်သာပြောနေရတာ သမီးအရင်တွေခဲ့ရတဲ့ ရတနာတွေထဲက ရွှေပင့်ကူကိုထီးချုပ်ကျောက်ဆောင်ဟာ ဘယ်လောက်အထိ များ ယူသုံးပြီးပြီလဲ မသိဘူးကွယ်" ဟုဆိုလိုက်လေ၏။

ဤတွင် မောင်ကျီးညိုက . . .

"ကျွန်တော့်စိတ်ထင်ပြောရရင်တော့ ဒီလူယုတ်မာကြီးက ဒုစရိုက်မှု ကျူးလွန်ရာကရတဲ့ ငွေကြေးတွေကိုသာ သုံးစွဲပြီးလျှို့ဝှက်ထားတဲ့ ရတနာတွေကိုတော့ ဒီအတိုင်း ထားတာဖြစ်လိမ့်မယ် ဖေဖေ" ဟုဆိုလိုက်လေ၏။

"အင်း ငါ့သားပြောတဲ့အတိုင်းသာဖြစ်ပါစေလို့ ဆုတောင်းရတာ ပဲကွယ်"

တဖြေးဖြေးနှင့် သူတို့လူစုသည် ကျောက်စွယ်တန်းနှင့် သစ်ပင်ကြီးငယ်များရော ပြွမ်းပေါက်ရောက်ရာနေရာ အနီးသို့ရောက်မှန်း မသိရောက်လာကြပေ၏။



"ဟော့ ကျွဲဒညင်းပင်ကြီး ဆိုတာကို မျက်စိရှင်ရှင်နဲ့ ရှာကြည့်ကြစမ်းဟေ့"

ဦးသံဒိုင်ကတပည့်ကိုထီးသားများအား ထိုသို့အမိန့်ပေးကာ ၎င်းကိုယ်တိုင်လည်း သစ်ပင်များကို မျက်ချည်မပြတ်ကြည့်လာခဲ့သည်။

မောင်ကျီးညိုမှာကား သက်စွန့်ဆံဖျား ရတနာရှာဖွေခြင်းကိုပင် မေ့လျော့သကဲ့သို့ တစ်ခါတစ်ရံ တောပန်းလှလှကလေးများအား ကိုယ်တိုင်ခူးလျက် စိန်မြချယ်ကို ပေးတတ်သည်။

စိန်မြချယ်မျက်နှာတွင် လည်းကြည်နူးသာယာမှုတို့ ရောပြွမ်းလျက် ယခင်ကထက်ပင် ပိုမိုလှပသယောင် ရှိပေတော့၏။

ထိုအခိုက် ကိုထီးသားတစ်ဦး၏ လက်ညှိုးထိုးပြမှုနှင့် အမောတကောအသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာလေ၏။

"ဆရာ ဟို . . . ဟို ရောမအပင်ကြီးဟာ ကျွဲဒညင်းပင်ဆိုတာများလားဟင်"

"ဟာ ဟုတ်တယ်၊ အဲ့ဒါ ကျွဲဒညင်းပင်ကြီးဗျာ"

"အစစ်ပေါ့ . . . ကျွန်တော်တို့ ရှာနေတဲ့ နေရာရောက်ပြီ ဆရာကြီး"

လူအားလုံး ကြွက်စီကြွက်စီဖြစ်သွားရာ တောအုပ်တစ်ခုလုံး ဆူညံသံလွှမ်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသံဒိုင်က လူအားလုံး ရပ်တန့်စေကာ ကျွဲဒညင်းပင်ကြီးနှင့် တည့်တည့်ရှိကျောက်ဆွယ်တန်းဆီသို့ လှမ်း၍တည့်တည့် လျှောက်သွား၏။

ကျောက်ဆွယ်တန်းသို့ ရောက်သောအခါ အပေါ်ဘက်သို့ မော့ကြည့်ပြီးနောက် . . .

ဒီမှာဟေ့ . . . ဟုတ်တယ် တွေ့ပြီ လူတစ်ရပ် ကျော်ကျော်မှာ ကျောက်တုံးပိတ်ထားတဲ့ ကျောက်လှိုဏ်ပင်ခေါင်းကြီး" ဟုဝမ်းသာအားရ အော်ဟစ်ပြောဆိုလိုက်လေ၏။

ထိုခဏမှာပင် တစ်ဘက်ကျောက်ဆွယ်တန်းနောက်ကွယ်မှ အသံညြသြကြီးတစ်သံ ရုတ်တရက် ထွက်ပေါ်လာပြန်တော့သည်။

"ဟား . . . ဟား . . . ဟား . . . ငါဒုက္ခခံပြီး သယ်လာတဲ့ ရတနာတွေကို မင်းက အလွယ်တကူ ရမယ်လို့ တွက်ထားတာကိုး။ ဒီမှာ သံဒိုင် မင်းနဲ့ငါဟာ ရန်ညှိုးမပြေတဲ့ ကမ္ဘာရန်သူပဲကွ၊ ဒီတော့ ဒီနေ့ဟာ မင်းအဖို့ သေနေ့စေ့ပြီ လို့သာမှတ်လိုက်ပေတော့ ကျောက်ဆောင်တဲ့ဟေ့"

ပြောပြောဆိုဆိုပင် လူအားလုံးမင်သက်လျက်ကြောင်နေခိုက် သေနတ်သံများဆူညံစွာ ထွက်ပေါ်လျက် ဦးသံဒိုင်မှာ ချက်ချင်းလိုလဲကျသေဆုံးသွားရှာပေတော့သည်။



"ဒိုင်း . . . ဒိုင်း"

"အား . . . "

"ပစ် . . . "

"ဒိုင်း . . . ဒိုင်း"

"ရွှီ . . . "

ထိုအခါကျမှ ရွှေမှူးဂိုဏ်းသားများနှင့် မောင်ကျိုးညိုတို့လည်း ရွှေပင့်ကူဂိုဏ်းချုပ်ဦးကျောက်ဆောင်နှင့် ရွှေပင့်ကူဂိုဏ်းသားများ မမျှော်လင့်ဘဲ လက်ဦးမှုရနေပုံကို သတိပြုမိကာ ချက်ချင်းပုန်းကွယ်၍ ပြန်လည်ခုခံသမှု ပြုကြရလေ၏။

"ဖြစ်ရလေ ဖေဖေရာ၊ ရဲဘော်တို့ ကျည်ကွယ် မျက်ကွယ်နေရာယူ။ ပြန်ပစ်ကြ"

"ဒိုင်း . . . ဒိုင်း"

"ရွှီ . . . "

"ဒိုင်း . . . "

တဒင်္ဂအတွင်း တောအုပ်အတွင်း၌ အဝီစိပွက်သကဲ့သို့ ဆူညံကာ ယမ်းခိုးများဝေလျှက်ရှိသည်။

နာကျင်စွာ ဟစ်အော်သံများ ပြစ်ခတ်သံများ အမိန့်ပေးသံများက ဧယ်ဆက်သကဲ့သို့ ဟိုမှသည်မှ ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ရှိစဉ် အောင်မြင်လှစွာသော ဩဇာပါလှသည့် အမိန့်ပေးသံတစ်သံ ထပ်မံထွက်ပေါ်လာပြန်လေ၏။

"ရွှေပင့်ကူဂိုဏ်းချုပ်ကြီး ဦးကျောက်ဆောင်ဦးဆောင်တဲ့ ဒုစရိုက်အဖွဲ့သားအားလုံးလက်နက်ချပြီး အဖမ်းခံကြပါ ခင်ဗျားတို့ကို ပုလိပ်တပ်ဖွဲ့ဝင်တွေက ဝိုင်းမိနေကြပြီး ဘယ်လိုမှ လွတ်လမ်းမရှိဘူး ပြောမရရင် ဖြစ်ရလိမ့်မယ်"

ထို့နောက် ကျောက်ဆွယ်တန်း၏ ဟိုမှာဖက်တွင် အပြန်အလှန်သေနတ်ပြစ်သံများ မိုးမွှန်မတတ်ပေါ်လာတော့သည်။

ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေကြောင့် မောင်ကျီးညိုမှာ အတိုင်းမသိဝမ်းသာသွားရသည်။

ထို့ကြောင့် သူလူများကို ချက်ချင်းအမိန့်ပေးလိုက်တော့သည်။

"ကဲ ပုလိပ်အမှုထမ်းတွေနဲ့ ရွှေပင့်ကူဂိုဏ်းသားတွေတိုက်ခိုက်နေကြခိုက် ရတနာရှိရာလှိုဏ်ခေါင်းက ကျောက်တုံးကို အားစိုက်ပြီး ခွာကြစို့လား"

"ဟုတ်တယ် မှန်တယ်"

"မောင်ကျီးညို ပြောတာမှန်တယ်ဟေ့"

"ဒါ အကောင်းဆုံးပဲ"

ဤသို့ဖြင့် တစ်ယောက်ကျောပေါ်တစ်ယောက်တက်ကာ



အထက်လှိုဏ်ခေါင်း၌ ပိတ်ဆို့ထားသောကျောက်တုံးကြီးကို အင်တိုက်အားတိုက် ဖယ်ရှားလိုက်ကြရာ ကျောက်တုံးကြီးမှာ ပြင်းစွာသော အရှိန်ဖြင့် ကွာကျသွားလေတော့၏။

"ဝုန်း . . . ဒလွန်း"

"လွတ်အောင် ရှောင်ကြဗျို့"

ကျောက်တုံးကြီး အဝေးသို့ လွင့်စင်သွားသောအခါလှိုဏ်ခေါင်းအတွင်းမှ ၎င်းတို့မျှော်လင့်သည့်အတိုင်းပင် ရတနာသေတ္တာနှစ်လုံးကို တွေ့ရှိကြရလေ၏။

"ရတနာတွေ ရတနာတွေ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

စိန်မြချယ် လွန်စွာဝမ်းမြောက်လျက် ကသောကမျောပြောလိုက်သည်တွင် မောင်ကျီးညိုက . . .

"ဒါဟာ ဥစ္စာရှင်မှန်လို့ ပြန်ရတာဘဲ ကဲဟိုဖက်မှာ တိုက်ပွဲပြင်းထန်နေတုံး ကျွန်တော်တို့ ရတနာသေတ္တာတွေသယ်ပြီး လာလမ်းအတိုင်း တိတ်တိတ်ဆိတ်ဆိတ် ပြန်ကြစို့ဗျာ" ဟုပြောလိုက်ရာ လူအားလုံးက သဘောတူကြောင်း ခေါင်းညိတ်ပြကြလေ၏။

ထို့ကြောင့် သူတို့အားလုံး ခေါင်းဆောင်ဖြစ်သူ ဦးသံနီ၏ အလောင်းကို ဝမ်းနည်းစွာဖြင့် ထားရစ်ခဲ့ကာ ရတနာသေတ္တာနှစ်လုံးကို ဝါးလုံးများလျှို၍ ထမ်းပြီးနောက် လာလမ်းအတိုင်း တိတ်ဆိတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ကြတော့သည်။

ငင်းတို့နောက်ဘက်တောတောင်အတွင်း၌ကား သေနတ်သံ မျှးမြိုမ့်မြိုမ့်သဲမှုဆူညံနေဆဲဖြစ်သည်။

# အခန်း (၂၁)

အထက်ပါ အဖြစ်အပျက်များဖြစ်သွားပြီးနောက် ခြောက်လခန့် ကြာမြင့်ခဲ့သော အခါကာလ၏တစ်နေ့သောအချိန်တွင် ဂျမဒါမူးသာ သည် စီအိုင်ဒီရုံး၏ ဆင်နွားရှက်တံခါးကို တွန်းဖွင့်၍ အတွင်းသို့ ဝင်ရောက်လိုက်လေ၏။

"ကျွီ . . . အီ . . . အီ"

ထိုအခါ စားပွဲနောက်မှ ထိုင်ခုံတွင် စာတစ်ဆောင်ကို ပြုံးရွှင်စွာ ဖတ်နေသည့်အိုင်အိုနန်းထိုက်က လိုလိုလားလားဆင် နှုတ်ဆက်လိုက်လေ၏။

"ဟာ အကော်ပဲ မူးသာရေ ထိုင်ကွာ၊ မင်းဆီကို အခုပဲ ဖုန်းဆက်တော့မလို့ကွ"

"ဟဲ . . . ဟဲ . . . ဟဲ အာစရိမျက်နှာကြည့်ရတာ ညီလေး ဆီက ပြန်စာရတဲ့ အမျိုးသားလိုလို ဟိုဒင်း . . . ရှိရတဲ့ လူ့

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလိုလို တယ်ချိုလှပါလား၊ ဆရာ ကွေ့အ္ဗ အိုသာလန်ထီများ ပေါက်နေရော့သလားဗျာ"

"အိုင်ယာလန် ထီပေါက်ရင်တောင် ငါဒီလောက် ဝမ်းသာမယ် မဟုတ်ဖူး မှူးသာ၊ ဒါကြောင့်ကွ ဒီစာကြောင့် ရော့ မင်းဖတ်ကြည့်စမ်းကွာ"

ပြောပြောဆိုဆို လှမ်းပေးလာသော အိုင်အိုနန်းထိုက်လက်မှ ဂျူမဒါမှူးသာက အသေတကြီးယူကာ ဖတ်ရှုလိုက်သည်။

ထိုအခါ အောက်ပါတိုင်း ရေးသားထားသည်ကို တွေ့မြင်ရလေတော့၏။

အလွန့်အလွန်လေးစားရပါသော အစ်ကိုကြီး အိုင်အိုနန်းထိုက်ခင်ဗျား ...

မြန်မာအမျိုးသားပီသလျက် မျိုးချစ်စိတ်ဓါတ်အပြည့်ရှိသော အစ်ကိုကြီး၏ သဘောထားကြီးမှုနှင့် နားလည်ခွင့်လွှတ်မှုကို ကျွန်တော်နှင့်တကွ တော်လှန်ရေးအင်အားစုဖြစ်သည့် မျိုးချစ်ရွှေပင့်ကူဂိုဏ်းသားများမှာ ထာဝရမမေ့နိုင်မည် မဟုတ်တော့ပါ။

ကျိုက်မရောတောအတွင်း၌ ရတနာရှာဖွေရာတွင် ကျွန်တော်တို့ မျိုးချစ်အဖွဲ့သားများ ရတနာရှာဖွေနိုင်ရန် ရွှေပင့်ကူဂိုဏ်းချုပ်နှင့် ဂိုဏ်းသားများအား အစ်ကိုကြီးဦးဆောင်သည့် ပုလိပ်အဖွဲ့ဝင်များက အတင်းဝိုင်း တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်ပါသည်။



ထို့ပြင် ကျွန်တော်တို့ မိသားစု၏ ရန်သူကြီးဖြစ်ရုံမက လူပါးဝမှုသူများ၏ အန္တရာယ်ဖြစ်သော ဒုစရိုက်သမားကြီး ဦးကျောက်ခဲဆောင်တို့ အသေတိုက်ခိုက်၍ ရွှေပင့်ကူဒုစရိုက်ဂိုဏ်းကြီးအား အပြီးအပိုင် ဖြိုခွဲ ဖျက်ဆီးနိုင်ခဲ့ကြောင်း သူရိယသတင်းစာတွင် ဖတ်လိုက်ရသဖြင့် အလွန့် အလွန်နှစ်သောင်းအားရ ဝမ်းသာခြင်းဖြစ်မိရပါသည်။

ရရှိသည့် ရတနာများကို နယ်ချဲ့တော်လှန်ရေး မျိုးချစ်အဖွဲ့အတွက် ရံပုံငွေအဖြစ်လှူဒါန်းလိုက်ပြီး ကျန်ရတနာများကိုအား ကျွန်တော်နှင့် မိန်းမချွယ်တို့ မောင်နှမရေးအတွက် ထားရှိကာ ဆေးရုံ လှူဒိုးရ ဘုရားကျောင်းကန်များသို့ ထိုက်သင့်အားလျော်စွာ လှူဒါန်းပါသည်။

ဤစာရပြီး၍ တစ်လတိတိကြာတွင် စထရင်းဟော်တယ်ကြီး၌ ကျွန်တော်နှင့် မိန်းမချွယ်တို့ မင်္ဂလာဆောင်နှင်းပွဲ ကျင်းပမည်ဖြစ်ရာ အစ်ကိုကြီးနှင့် ပုလိပ်အဖွဲ့ဝင်များ လာရောက်အားပေးပါရန် အထူးမိတ်ကြားအပ်ပါသည်။

မကြာမီ ရက်အတွင်း ဖိတ်စာကို မရောက်ရောက်အောင် ပို့ပေးမည်ဖြစ်ပါကြောင်း ...။

ထာဝရဦးညွှတ်လျက် သိငယ်
မောင်ကြီးသို့ ငါ် မောင်မြွေဆိုး
ဝေဠု ကျောက်ကုန်းရပ်

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . "

စာဖတ်၍ ဆုံးသောအခါ ဂျမဒါမူးသာမှာ ရှည်လျားသော သက်ပြင်းတစ်ချက်ကိုချရင်း ခေါင်းတညိတ်ညိတ်ရှိနေလေတော့၏။

ဤတွင် အိုင်အိုနန်းထိုက်က

"ကဲ ဘယ်လိုလဲ မူးသာ" ဟုမေးလိုက်ပြီးနောက် စတိုင်လို စီးကရက်တစ်လိပ်ကို မီးညှိ၍ ရှိုက်ဖွာနေ၏။

"ဘာပြောစရာလိုတော့လဲ ဆရာရယ်၊ ဆရာရင်ထဲမှာ ခံစား ရတဲ့ ကြည်နူးမှုမျိုးကို ကျွန်တော်ကိုယ်တိုင်လဲ ထပ်တူထပ်မျှ ခံစားရပါတယ်လို့သာ ပြောပါရစေတော့"

"အေးကွာ ရွှေပင့်ကူ ဒုစရိုက်ဂိုဏ်းကြီးပြိုကွဲပြီးတဲ့နောက် ဒုစရိုက်မှုတွေလဲ ချုပ်ငြိမ်းကုန်ပြီးပဲ မောင်ကျီးညိုတို့ရဲ့ ရည်မှန်းချက်တွေ အပြန့်ခုံးဆက်လက် အောင်မြင်စေဖို့ မြန်မာအမျိုးသား တစ်ယောက်ပီပီ ဆုတောင်းကြရတော့မှာပေါ့"

"ဒါပဲလား ဆရာ"

"ဟေ . . . ဒါ့အပြင် ဘာရှိသေးလို့လဲ မူးသာရ"

အိုင်အိုနန်းထိုက်က တအံ့တသြမေးလိုက်သည်တွင် ဂျမဒါ မူးသာက ပြုံးဖြီဖြီလုပ်လျက် . . . .

"ဟဲ . . . ဟဲ . . . ဟဲ မောင်ကျီးညိုနဲ့ စိန်မြချယ်တို့



အကြောင်း ဆက်ပေါင်းဖက်မယ့် မင်္ဂလာပွဲကို ချီးမြှင့်ကြီးဆို ဝမ်း မြောက်ရွှင်လန်းခြင်း အထိမ်းအမှတ်အဖြစ် ဆရာက ကျွန်တော်ကို အခုလိုက်ပြီး ဒင်နာကျွေးရမယ်ဗျ။ ဘယ့်နှယ့်လဲ" ဟုဆိုလိုက်လေ၏။

ဤတွင် အိုင်အိုနန်းထိုက်က . . .

"ဟုတ်တယ် ဟုတ်တယ် မင်းပြောတာမှန်တယ်၊ မြန်မာ အမျိုးသား မျိုးချစ်လူငယ်လေး မောင်ကျီးညိုကို ဂုဏ်ပြုတဲ့ အထိမ်း အမှတ်နဲ့ မင်းကို ဒင်နာကျွေးရမှာပေါ့ကွာ ကဲဟေ့ ပြောနေကြာတယ် လာ သွားစို့" ဟု ဆိုကာ ထိုင်ရာမှ ချက်ချင်းထလိုက်၏။

ပြီးလျှင် ဆင်နားရွက်တံခါးကို တွန်းဖွင့်၍ရပ်ထားသော ကားဆီသို့ လျှောက်ခဲ့ကြသည်။

ထိုအဖြစ်ကိုသာ ပဗ္ဗမြား ကျီးညိုနှင့် မိန်းမချောလေးစိန်မြချယ် တို့ နှစ်ဦးသားသိရှိခဲ့ပါလျှင် . . . ။

သူရိန်ဆွေ

www.burmeseclassic.com